www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❑ ၅၀၀၆၀၇၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❑ ၅၀၀၇၀၂၀၆၀၉

ပုံနှိပ်ခြင်း ❑ ဇွန်လ၊ ၂၀၀၉
ပထမအကြိမ်

ထုတ်ဝေသူ
❑
ဦးအောင်နိုင်
(ရွှေအိမ်မှူးစာပေ)
အမှတ်(၂၂၁)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
❑
ဒေါ်မေသက်နိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
❑
၅၀၀

တန်ဖိုး ၁၀၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃
ပန်းရတု
အမုန်းများမှလွတ်မြောက်ခွင့် / ပန်းရတု ။ - ရန်ကုန်၊
ရွှေအိမ်မှူးစာပေ ၊ ၂၀၀၉ ။
(၂၁၅) စာ ၊ ၁၂ စင်တီမီတာ × ၁၈.၅ စင်တီမီတာ
(၁) အမုန်းများမှလွတ်မြောက်ခွင့်

ရဲ့ ပထမနဲ့ ဒုတိယဝတ္ထုတို့ရဲ့ လိုအပ်ချက်တွေကို
ည်စွာနှင့် ပြည့်စွက်ပတ်ရှုအားပေးခဲ့သော ပရိသတ်ကြီးကို
အထူးတင်ရှိပါတယ်ရှင်
မြောက် ဒီဝတ္ထုလေးကိုလည်း ပရိသတ်ကြီးအတွက်
နိုကြိုးစားထားပါတယ်
က်ပတ်ရှုဝေဖန်ပေးကြပါ
ကြီးရဲ့မေတ္တာကို
မြဲမျှော်လင့်လျက်

ပန်းရတု



ပန်းရတု
တိယထပ်၊အေးရိပ်မွန်၄လမ်း
က်၊လှိုင်မြို့နယ်၊ရန်ကုန်။
ratu@gmail.com

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေက အချစ်ကို အပျော်ဖြေခံ ပစ္စည်းတစ်ခုလောက်ပဲ တန်ဖိုးထားတယ်။ မိန်းမတွေကတော့ အချစ်ကို ယုံကြည်ကိုးကွယ်ကြတယ်။ အချစ်ဆိုတဲ့ စကားလုံးလေး နှစ်လုံးမှာ အကြောင်းများ အဓိပ္ပါယ်တွေ အများကြီး ပျော်ဝင်နေပါသလဲ။ အချစ်အတွက် ကျွန်မက ကျွန်မရဲ့မာနနဲ့ အတ္တကို ရိုက်ချိုးထားတယ်။ ဒါပေမဲ့ သူ့ရဲ့အကြင်နာတွေ၊ မေတ္တာတွေ၊ အချစ်တွေကိုတော့ လောဘတကြီးကို မျှော်လင့်မိတယ်။ ကျွန်မမှာ လောဘတွေရှိတယ်ဆိုရင် ဒါဟာ သူ့ဆီက အချစ်တွေကို အကုန်လိုချင်တဲ့ လောဘပါ။ ကျွန်မမှာ အတ္တတွေ ရှိနေတယ်ဆိုရင် ဒါဟာ သူ့ကိုပိုင်ဆိုင်လိုတဲ့ အတ္တပါ။ တကယ်တော့ ဒါဟာ ရူးသွပ်မှုတစ်ခုဆိုတာကိုတော့ ကျွန်မသိလိုက်ရတဲ့အချိန်က သိပ်ကို နောက်ကျလွန်းနေပြီ။

အိမ်မက်မေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းတွင် ခမ်းနားသော မင်္ဂလာပွဲလေးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်။ တဖျပ်ဖျပ် လက်နေသော မီးရောင်များကြားတွင် သတို့သားနှင့် သတို့သမီးလေးကလည်း လက်ချင်းတွဲကာ ဧည့်ပရိသတ်များကို လိုက်လံဧည့်ခံနေလေသည်။

သတို့သားကလည်း သူ့သတို့သမီးလေးကို တော်တော်ချစ်မှန်း သတို့သား၏ မျက်နှာကိုကြည့်ရုံနှင့် သိနိုင်သည်။ သတို့သမီးလက်လေးကိုတွဲပြီး အရိပ် တကြည့်ကြည့်နှင့် ဂရုတစိုက် ယုယကြင်နာနေပုံမှာ မြင်ရသူအပေါင်း၏ ရင်ကို ကြည်နူး ချမ်းမြေ့စေသည်။

ပြုံးပြုံးလေးနှင့် သတို့သား၏ လက်လေးကို အားကိုးတကြီး ဆုပ်ကိုင်ထားသော သတို့သမီးလေး၏ မျက်နှာလေးမှာလည်း လမင်းကြီးကို ကြည့်နေရသလို



ဝင်းထိန်လှပလွန်းပါသည်။ ကြည်နူးရိပ်များဖြတ်ပြေးနေသော သတို့သားနှင့်သတို့သမီးကို ကြည့်ကာ ပရိသတ်အပေါင်းပင် အပျော်များကူးစက်ကာ တက်ကြွပျော်ရွှင်နေကြလေသည်။

တစ်ခြံလုံးအပြည့် များပြားသော လူပရိသတ်များကလည်း ဝိုင်းဝန်းကာ ကောင်းချီးပေးနေကြသည်။

"လိုက်ဖက်လိုက်တာနော်..။"

"ဟုတ်တယ်။ အရမ်းကို အတွဲညီတာပဲ။ သတို့သားက သတို့သမီးထက် ခုနစ်နှစ်ကြီးတယ်သတဲ့ ပြောတယ်၊ အရမ်းအတွဲညီတာပဲနော်။"

"ဟုတ်တယ်။ သတို့သမီးလေးက ငယ်လည်း ငယ်၊ ချောလည်းချောတော့ သတို့သားအတွက် ကံကောင်းတာပဲ။"

"သတို့သမီးလေးလည်း ကံကောင်းတာပဲ။ ကြည့်ပါလား၊ သတို့သားပုံ ကြည့်ရတာ အရမ်းကို အကြင်နာတရား ပြည့်ဝမယ့်ပုံ။ သူ့ကောင်မလေးကိုလည်း ဂရုစိုက်လိုက်တာမှ ပြာလို့။"

ခြံထဲရှိ မိန်းကလေးများကလည်း အိပ်မက်ကို ကြည့်ကာ အရမ်းအားကျနေကြသည်။ အိပ်မက်ကိုယ်တိုင်လည်း သူတို့ပြောသော စကားများကို ကြားကာ ကမ္ဘာပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် အိပ်မက်လောက် ကံကောင်းသူမရှိလို့တောင် ထင်မှတ်လာသည်။ အိပ်မက်တို့ ဝိုင်း တစ်ဝိုင်းပြီး တစ်ဝိုင်း လိုက်ဧည့်ခံကြသည်။ ကို့သူငယ်ချင်းများ ဝိုင်း ရောက်သည်နှင့် ကို့သူငယ်ချင်းများက ဝိုင်းစ,နောက်ကြလေသည်။

"ဟောကောင် မင်းက ငါတို့ကိုလျှို့ထားပြီး မင်္ဂလာဆောင်ကျမှ မင်းမိန်းမ ချောချောလေးကို ထုတ်ကြွားတာပေါ့လေ။"

ကို့သူငယ်ချင်းများထဲမှ အကျီအဖြူနှင့် စတိုင်ပန်အနက်ကို တွဲဝတ်ထားသော အသားဖြူဖြူ လူတစ်ယောက်က ကို့အား နောက်လိုက်သည်။ ကို့မျက်နှာကလေးကလည်း သဘောကျ ကျေနပ်ဟန်အပြည့်ဖြင့် ပြုံးရွှင်နေသည်။

"ဒါပေါ့ကွာ မင်းကလည်း မနာလိုမဖြစ်စမ်းပါနဲ့"

အိပ်မက်လက်လေးကို ဖွဖွဆုပ်ကိုင်ထားရင်းနဲ့ သူ့သူငယ်ချင်းအား ပြန်လည်ချေပလိုက်သည်။ အိပ်မက်ဘက်လည်း လှည့်ကာ ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေသေးသည်။

"အိပ်မက်လေး ... ဒါကို့ရဲ့ ကျောင်းနေဘက်အမုန်းဆုံးသူငယ်ချင်းတွေ။ အော်...မှားလို့



အချစ်ဆုံးသူငယ်ချင်းတွေ ... ဆောရီးကွာ ငါက အိပ်မက်ရှေ့မှာ မလိမ်တတ်တော့ အမုန်အတိုင်း ပြောမိသွားတယ်။"

ကိုက ပျော်ရွှင်နေသဖြင့် သူ့သူငယ်ချင်းတွေကို တမင် စိတ်မဆိုး ဆိုးအောင် စ,နောက်နေသည်။ သူငယ်ချင်းများကလည်း ဒေါ်ခီးသွား၍ ကို့ကို မျိုးစုံ ပြန်ပြောကြလေသည်။ သူတို့တစ်ယောက်တစ်ခွန်းစကားများကို ကြားကာ အိပ်မက်လည်း သူတို့နှင့် ရင်းနှီးလာကာ ပျော်ရွှင်လာသည်။

"ဒါပေါ့ကွာ၊ ကလေးကို မုန့်ပေးကျွေးထားတာဆိုတော့ ကလေးရှေ့မှာတော့ ဒီလိုပဲပြောရမှာပေါ့။ မဟုတ်ဘူးလား။"

"ဒါပေါ့ ... သိပ်မှန်တဲ့စကားပဲ။"

ကို့သူငယ်ချင်းများက ကို့ကို ဝိုင်းနှိပ်ကွပ်ကြသည်။ အိပ်မက်က ကို့ထက် ခုနစ်နှစ်ငယ်တော့ အိပ်မက်ကို ကိုက မုန့်ပေးကျွေးတယ်ဟု တမင် ကို မခံချင်အောင် စ,နောက်ကြသည်။

"မဟုတ်ပါဘူးနော်။ အိပ်မက်ကို ကိုက တစ်ခါမှ မုန့်မကျွေးဖူးဘူး။"

အိပ်မက်က နှုတ်ခမ်းလေးထော်ကာ ပြန်ရှင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ကို့သူငယ်ချင်းများက ဝိုင်းရယ်ကြလေသည်။ ဟုတ်တယ်လေ။ အိပ်မက် အသက်ငယ်နေတာ အပြစ်လား။ ကိုကတော့ အိပ်မက်စကားကြားတော့ အိပ်မက် ပခုံးလေးကိုဖက်ကာ သဘောကျစွာ ရယ်လေသည်။ ဒါမှ ကို့မိန်းမကွ ဆိုပြီးတောင် အားပေးလိုက်သေးသည်။

"အဲဒါကြောင့် ကြားသုံးကြား မဝင်နဲ့ဆိုတာ။ မင်းက နေမှမနေနိုင်တာ။ အခုလိုအချိန်မျိုးက ဘယ်သူခွဲခွဲ တို့မခွဲလေကွာ မသိဘူးလား။"

ကို့သူငယ်ချင်းတစ်ယောက်က ဘေးနားက သူငယ်ချင်းကို ပြန်နှိပ်ကွပ်လေသည်။ ကိုကတော့ ပြုံးကာ စကားစလိုက်သည်။

"နေကြဦး။ မိတ်ဆက်ပေးပါရစေဦး။ အိပ်မက်... ဒါက မင်းဇော်၊ ဘေးနားက သူရိန်၊ သူက ကျော်မြင့် ၊ ဒီဘေးနားက မျက်မှန်နဲ့တစ်ယောက်ကတော့ မျိုးဝင်းတဲ့၊ အားလုံးက ကိုယ်နဲ့ဆေးကျောင်းအတူတက်ခဲ့ကြတဲ့ ကိုယ့်အပေါင်းအသင်းတွေချည်းပဲ။"

တကယ်တော့ ဒီနေ့ပွဲမှာ ကို့ဘက်ကလူ ဆို၍ ကို့သူငယ်ချင်းတွေသာပါသည်။ ကိုက မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သည်။ ကျန်တာ အိပ်မက်မိဘဖွေထက်ထက်



ကတည်းက သိခဲ့သော မိတ်ဆွေများနှင့် အိပ်မက်တို့ ကုမ္ပဏီမှ ဝန်ထမ်းများ၊ အိပ်မက်သူငယ်ချင်းအပေါင်းအသင်းများနှင့် အိပ်မက် ဦးလေးတို့သာ ဖြစ်သည်။

အိပ်မက်တို့ နှစ်ယောက်လုံးတွင် မိဘများလည်း မရှိကြတော့ပေ။ ဒါကြောင့်လည်း အိပ်မက်ကို ချစ်ခင်၍ နားလည်ပေးသော ကို့ကို ဦးလေးကလည်း သဘောတူကာ အမြန်လက်ထပ်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ဦးလေးကလည်း တစ်ဦးတည်းသော တူမလေးကို မြန်မာပြည်တွင် တစ်ယောက်တည်း ထားရသဖြင့် နေ့စဉ်စိတ်မချ ဖြစ်နေခဲ့ရသည်။ ဒါကြောင့် ဒီမှာခဏနေလိုက်၊ ဟိုပြန်လိုက် လုပ်နေရသော ဦးလေးလည်း အခုတော့ အိပ်မက် လက်ထပ်လိုက်သဖြင့် ဒီဝန်က ကျွတ်ပြီဖြစ်သည်။

လုပ်ငန်းများကိုတော့ အိပ်မက်ဖေဖေ လက်ထက်ကတည်းက လုပ်ကိုင်ခဲ့သော လူယုံဦးလေးကြီးနှင့် အိပ်မက် ဦးလေးက ပေါင်းကာ လုပ်ကိုင်ကြသဖြင့် စီးပွားရေးအတွက် အိပ်မက် စိတ်မပူခဲ့ရပေ။ အခုတော့ ရန်ကုန်က ကုမ္ပဏီကို ကိုက ဦးစီးကာ ဘန်ကောက်ကုမ္ပဏီကိုတော့ ဦးလေးက ဦးစီးမည်ဖြစ်သဖြင့် အိပ်မက်ဘို့ ဘဝက အစစအရာရာ ပြည့်စုံလှပခဲ့သည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် အတွေးတွေ လွင့်သွားရမှ အမြန်စုစည်းကာ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ ... ကျွန်တော်တို့လည်း ဝမ်းသာပါတယ်။"

ကိုမင်းဇော်မှာ အားလုံးကိုယ်စား အိပ်မက်ကို ပြန်နှုတ်ဆက်သည်။ အားလုံးကလည်း ပြုံးပြ ခေါင်းညိတ်ကာ သဘောတူကြလေသည်။ ကိုကတော့ နောက်ဝိုင်းများကို ဆက်ပြီး နှုတ်ဆက်ရန် ထွက်လာသော်လည်း သူ့သူငယ်ချင်းများကို စိတ်မပြတ်စွာနှင့် နောက်ကျမှ ပြန်ရန်ပင် မှာနေသေးသည်။

"ဟောကောင်တွေ မင်းတို့ နောက်ကျမှ ပြန်နော်"

"စိတ်ချ တစ်ညလုံးနေပေးမယ်။"

"ဟောကောင် တစ်ညလုံးတော့မရဘူးနော်...။"

"အေးပါ ... ဟဲဟဲ ... တစ်ညလုံး မနေစေချင်ရင်တော့ မင်းအလိုက်သိရမှာပေါ့။ မင်း အလိုက်သိရင် မနေပါဘူးကွာ။"

ကိုမျိုးဝင်းက ကို့ကို တမင်ညှဉ်းနေသည်။ ကျန်တဲ့ လူများကလည်း လက်မနဲ့ လက်ညှိုးကိုကွေးကာ ဝလုံးပုံစံလေး လုပ်ပြကြသည်။ ငွေပေးမှ ပြန်ကြမည်ပေါ့။ အိပ်မက်နှင့် ကိုလည်း သူတို့ဆိုလိုချက်ကို အခုမှပဲ သဘော ပေါက်သွားသည်။

"အေးပါကွာ ... အေးပါ ပေးပါ့မယ်၊ ကဲ ... ငါ တစ်ခြားဝိုင်းတွေ သွားနှုတ်ဆက်လိုက်ဦးမယ်။ ပြီးမှ တွေ့မယ်။"

"အိုကေ သူငယ်ချင်း ... ငါတို့ ဒီနားကကို တစ်ဖဝါးမှမခွာဘဲ မင်းကိုစောင့်နေမယ်။"

ကိုနဲ့ အိပ်မက်လည်း တစ်ခြားဝိုင်းတွေကို လိုက်နှုတ်ဆက်ကြသည်။ ကို့ကိုလည်း ဦးလေးက အလုပ်ခွင်ထဲ ဝင်ရတော့မည်ဖြစ်သဖြင့် အလုပ်နှင့် ပတ်သတ်သော လူကြီးများ၊ စီးပွားရေးသမားများနှင့် မိတ်ဆက်ပေးလေသည်။ အိပ်မက်လည်း သူတို့ပြောသော စီးပွားရေးအကြောင်းများကို စိတ်မဝင်စားသဖြင့် ကို့အား ခဏဟု ပြောကာ အိပ်မက် သူငယ်ချင်းများဝိုင်းတွင်သာ ကို့ကို စောင့်နေလိုက်သည်။

"မိန်းမတွေ"

"လာထိုင် မိအိပ်မက်။ ရှင့်ကို အင်တာဗျူးရမယ်"

ဖူးဖူးက အိပ်မက်လက်ကိုဆွဲကာ သူ့ဘေးက ခုံတွင် ထိုင်ခိုင်းလိုက်သည်။ ကျန်သော သူငယ်ချင်းများကလည်း ဝိုင်းဝန်းစပ်စုရန် အသင့်အနေအထားကို ရောက်ရှိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဇျူးမှာလဲ၊ နင်တို့နော် ... မဟုတ်တာတွေ လျှောက်မမေးကြနဲ့။"

အိပ်မက်ရှက်ရှက်နှင့် အရင်ပိတ်ပြောထားသည်။ နို့မို့ သူတို့က လွယ်တာမဟုတ်။ မဟုတ်မဟပ်တွေ အိပ်မက်ကို လာမေးဦးမည်။

"အော်..တစ်ခြားမဟုတ်ပါဘူး။ အခု နင့်ရင်ထဲမှာ ဘယ်လို ခံစားရလဲလို့ပါ။ ငါတို့ထဲမှာ ကျောင်းပြီးတာနဲ့ ယောကျ်ားတန်းယူတာဆိုလို့ နင်တစ်ယောက်တည်းရှိတာ မဟုတ်လား။ အဟီး... ဒါကြောင့် အတွေ့အကြုံလေး သိရအောင် မေးကြည့်တာ။"

ဖူးဖူးက တကယ်သိချင်စိတ်ဖြင့်မေးမှန်း ဖူးဖူးမျက်ဝန်းများက သက်သေပြနေသည်။ အင်းပေါ့လေ ... ဖူးဖူး သိချင်မယ်ဆိုလည်း သိချင်စရာကိုး။ အခုလို အသက်နှစ်ဆယ်လေးနဲ့ အိမ်ထောင်ပြုဖို့ကို ဘယ်သူကမှ မစဉ်းစားသေးပါ။ အိမ်ထောင်တာဝန်ကို ထမ်းဖို့ဆိုတာ လွယ်မှ မလွယ်တာ..။ အိပ်မက်ကတော့ ကိုကို ချစ်တာရော၊ အားကိုးတာရော၊ အိပ်မက်ရဲ့ အထီးကျန်ဘဝမှာ တစ်ခုတည်းသော တွယ်တာစရာက ကိုပဲရှိတာ။ ကိုရှိရင် အိပ်မက်ဘဝက အရာရာပြီးပြည့်စုံနေတာပဲ။ ဘာလို့ လက်



မယပ်ရဲစရာ ရှိမလဲ။

"ငါအရမ်းပျော်တယ်။ ပြီးတော့ ကို ရှိနေလို့လည်း ငါ့ဘဝ ပြည့်စုံသွားပြီလို့ ခံစားရတယ်။"

"မစောဘူးလား အိပ်မက်ရယ်။ နင့်ကိုလေ လွတ်လပ် ပျော်ရွှင်တဲ့ အပျိုလေးအဖြစ် ငါ မြင်ချင်သေးတာ။"

ကြည်ပြာ့အပြောကြောင့် အိပ်မက်တစ်ချက် ပြုံးမိသည်။ အင်းပေါ့လေ ... သူတို့လို မိသားစု စုံစုံညီညီနေရတဲ့ လူတွေက အထီးကျန်တဲ့ ဝေဒနာကို သိမှမသိကြတာ။

"နင့်စေတနာကို ငါနားလည်ပါတယ်။ ဒါပေမဲ့ ဟာ ငါနဲ့ ကိုက နင်တို့တွေလို မဟုတ်ဘူးလေ။ တစ်ကောင်ကြွက်တွေ။ ငါတို့ဘဝတွေက အရမ်း အထီးကျန် ဆန်ကယ်။ ဒါကြောင့် ငါတို့ နှစ်ယောက်ပေါင်းပြီး ပျော်ရွှင်တဲ့ မိသားစုဘဝလေးကို တည်ထောင်မယ်လို့ ရည်ရွယ်ပြီး စောစောလက်ထပ်ခဲ့ကြတာ။"

"ဒါဆို နင်က မကြာခင် သားသားလေးတွေ၊ မီးမီးလေးတွေနဲ့ အိမ်ထောင်ရှင်မကြီး လုပ်ကြမယ်ပေါ့။"

မာလာက မျက်လုံးပြူး မျက်ဆံပြူးနှင့်ပင် မေး

www.burmeseclassic.com

www.burmeseclassic.com



လာသေးသည်။ အိပ်မက်ကလည်း မေးလေးမော့ မျက်စလေး ပစ်ကာပင် ...

"ဒါပေါ့ ဒါပေါ့။"

"မိန်းမ ... ရုပ်ကိုက မရှက်ဘူး။"

"အဟီး။ ငါ့ဘဝမှာ ငါ့ခုနစ်တန်းလောက်ကတည်းက အရမ်းအထီးကျန်ဆန်ခဲ့တာ။ အခုမှ ဘဝအမောတွေကို ပြေရမှာ။ နားလည်ပေးပါ ပရိသတ်ကြီး ကျွန်တော် ဒီလောက်အထိ ချစ်တဲ့ဟာကို..။"

အိပ်မက်က ပြောနေရင်းမှ ထ,ဖောက်ကာ စိုင်းစိုင်းသီချင်းကိုပင် ထဆိုပြလိုက်သေးသည်။ သူငယ်ချင်းများကလည်း အားရပါးရကို အားပေးကြသည်။

"အရူးမ။"

"ဘာပဲပြောပြော နင်ကံတော့ ကောင်းပါတယ်။ ကိုမိုးဒေဝါကို ကြည့်ရတာ နင်ကိုတော့ တော်တော် ချစ်ပုံရပါတယ်။"

ကြည်ပြာက မေးလေးကို ပွတ်ကာပင် သေချာစဉ်းစားပြောနေသေးသည်။

"သိပ်တော်တဲ့ ငါ့သူငယ်ချင်းလေး ဂုဏ်ပြုရမယ်။ ရွှတ်။"



ကြည်ပြာက ကို့အကြောင်းကို အကောင်းပြောသဖြင့် အိပ်မက် ကျေနပ်ဝမ်းသာစွာ ဘေးမှာရှိနေသော ကြည်ပြာကို ထနမ်းလိုက်သည်။

"နင် ... ကြည်ပြာကို ကိုမိုးဒေဝါများ မှတ်နေသလား။ သိပ်မနမ်းနဲ့။ တော်ကြာ ကိုမိုးဒေဝါအတွက် မကျန်ဘဲ နေဦးမယ်။"

"မိဖူးမ စိတ်ပုပ်မ။ ပြောစရာလား။"

အိပ်မက်ရှက်ရှက်နှင့်ထအော်လိုက်သည်။ အိပ်မက်ပခုံးပေါ်သို့ လက်နွေးနွေးတစ်စုံ ကျရောက်လာသဖြင့် အိပ်မက် လှည့်ကြည့်လိုက်သည်။

"ကို။"

"အိပ်မက်.. ဧည့်သည်တွေ ပြန်တော့မယ်။သွားနှုတ်ဆက်ရအောင်။"

ကိုက အပြုံးနုနုနှင့် အိပ်မက်ကို ကြင်ကြင်နာနာလာခေါ်သည်။ အိပ်မက် ကို့ကို မော့ကြည့်ရင်း အိပ်မက်ရဲ့လက်ရှိဘဝလေးကို ကျေနပ်လာသည်။

"ဟုတ် ... ကို။"

ကို့လက်လေးကို မြဲမြဲတွဲရင်း ကိုခေါ်ဆောင်ရာဓိဝသို့ ခြေထောက်များပင် မြေပြင်မထိဘဲ အိပ်မက်ထဲတွင် လမ်းလျှောက်သူလို လွင့်မျောကာ ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်များလည်း တစ်ဖွဲဖွဲ ပြန်ကုန်ကြသည်။ တစ်ချိန်လုံး ရယ်ပြနေရသဖြင့် မေးတွေ ညောင်းလာသည်။ တစ်ခြံလုံးပတ်ကာ လိုက်နှုတ်ဆက်ရသဖြင့် ခြေထောက်တွေလည်း တောင့်တင်းကာ ညောင်းလာသည်။ အခုတော့ ခြံထဲတွင် ကို့သူငယ်ချင်းများမှလွဲ၍ ဘယ်သူမှ မရှိတော့ပါ။

"ကဲ ... အိပ်မက်လေးလဲ ပင်ပန်းပြီ။ သွားနားတော့နော်။ ကို ခဏနေရင် လာခဲ့မယ်။ သူငယ်ချင်းတွေကို ခဏပြုစုလိုက်ဦးမယ်။"

ကိုက အိပ်မက်ဆံပင်လေးများကို သပ်ကာ ပြောသည်။ အိပ်မက်ကိုယ်တိုင်လည်း အရမ်းပင်ပန်းကာ နားချင်နေပြီ။ ဝတ်ထားသော ဂါဝန်ကြီးကိုလည်း ချွတ်ကာ အိမ်နေရင်း ပေါ့ပေါ့ပါးပါး ညဝတ် ဝတ်စုံလေးလဲကာ နားချင်နေသည်။ ကိုက အိပ်မက်မျက်နှာကို ကြည့်ရုံဖြင့် ဖွင့်ပြောစရာမလိုဘဲ နားလည်နိုင်သည်။

"ဒါဆို အိပ်မက် အိမ်ပေါ်တက်တော့မယ်နော်။ ကို မြန်မြန်လာနော်။"

"အိုကေ ... ကလေး။"

အိပ်မက်ဂါဝန်လေး မ,ကာ အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ ကိုတို့ သူငယ်ချင်းဝိုင်းမှ ရယ်သံများ ဖန်ခွက်ချင်းတိုက်သံများကိုလည်း ကြားနေရသည်။



အိပ်မက်ကတော့ ပျော်ရွှင်စရာ ကမ္ဘာလေးတွင်စတင် ခြေချရန် အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိပ်မက် ဘဝသစ်ထဲကိုလည်း အိပ်မက်ဆန်စွာပင် ဝင်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

အိပ်မက် ရင်ခုန်စိတ်လှုပ်ရှားမှုအပြည့်ဖြင့် အိပ်မက် အခန်းတံခါးလေးကို ဆွဲဖွင့်ဝင်လိုက်သည်။ အိပ်ခန်းထဲကို ဝင်ရမည့် အိပ်မက်ခြေတောက်တွေက စိတ်လှုပ်ရှားမှုကြောင့် တုန်နေသည်။ နှလုံးခုန်သံကလည်း နဂိုထက် မြန်ဆန်နေမှန်း ကိုယ့်ဘာသာကိုယ် သိနေသည်။ အမြဲ နေခဲ့သည့် ကိုယ့်အခန်းလေးကိုပင် ဝင်ရမှာ မဝံ့မရဲ ဖြစ်နေသည်။

တော်သေးတယ်။ ဒါတောင် ကို မပါဘဲ တစ်ယောက်တည်း တက်လာခဲ့လို့။ ကိုသာ ပါရင်တော့ အိပ်မက် ရှက်လွန်းလို့ မျက်နှာတောင် ထားစရာရှိမှာ မဟုတ်။

အိပ်မက် အခန်းထဲဝင်လိုက်သည်နှင့် အရင်ဆုံး စတင်ခံစားလိုက်ရတာ အေးမြမှုနှင့်အတူ အနံ့တစ်ခု။ ဘာနံ့ကြီးပါလိမ့်....။ အား... ဆိုးလိုက်တာ။ ဓိဇဝါအနံ့ကြီးပဲ။



အိပ်မက်က အနံ့ရူးစူးများကို ခံစားလို့မရ။ ရေမွှေးတောင် အနံ့ဖျော့ဖျော့လေးများ cool water လို အနံ့မျိုးလောက်သာ ခံစားလို့ရသည်။

အိပ်မက် နှာခေါင်းလေးကို တစ်ချက်ပိတ်ကာ အဝတ်အစားလဲရန် အခန်းထဲသို့ ဝင်လာလိုက်သည်။ ကိုနဲ့ ချစ်သူဘဝတုန်းကလည်း ကိုက အိပ်မက်ကို ဓိဇဝါပန်းများ လက်ဆောင်ပေးဖူးသည်။ ကို့ကိုယ်တိုင် အိပ်မက် ဆံပင်ရှည်လေးများပေါ်တွင် တယုတယ ပန်ပေးခဲ့သဖြင့် အိပ်မက် မဖြုတ်ပစ်ရက်ပေ။ ကြာတော့ ဓိဇဝါပန်းအနံ့ကို မခံနိုင်၍ အိပ်မက်ခေါင်းတွေ မူးလာကာ မတ်တပ်ပင် မရပ်နိုင်တော့။ ကိုက စိုးရိမ်တကြီးနဲ့မေးမှ အကြောင်းစုံ သိကာ အိပ်မက်ခေါင်းမှ ပန်းလေးကိုဖြုတ်ကာ အဝေးသို့ လွှင့်ပစ်ခဲ့သည်။

ကို့အကြောင်းကို တွေးရင်း အိမ်မက်နှုတ်ခမ်းတွင် အပြုံးလေးများပင် တွဲခိုလာသည်။ ချစ်တယ် ကိုရယ် ... ဟုလည်း တစ်ယောက်တည်း ညည်းတွားမိသည်။ မှန်တင်ခုံရှေ့တွင် ထိုင်ကာ လက်ဝတ်လက်စားများ ချွတ်လိုက်သည်။ ခေါင်းပေါ်တွင် ထုံးထားသော ဆံထုံးလေးကိုလည်း ဖြုတ်ကာ ဘီးတစ်ချောင်းနဲ့ သေချာရှင်းလိုက်သည်။ ဆံထုံးနှင့် လက်ဝတ်လက်စား ချွတ်ပြီးရုံနှင့်ပင် တော်တော်

www.burmeseclassic.com

www.burmeseclassic.com



လေးကို လွတ်လပ်ကာ နေလို့ကောင်းသွားသည်။

အိပ်မက်လည်း မှန်တင်ခုံလေးရှေ့မှ ခွာကာ ဘီဒို လေးဆီသို့ အဝတ်အစားလဲရန် လျှောက်လာခဲ့သည်။ ဘီဒိုတံခါးလေး ဖွင့်လိုက်သည်နှင့် အိပ်မက်မျက်ဝန်းများ ပြာထွက်သွားသည်။ အိပ်မက် ဘီဒိုတစ်ခုလုံးတွင်ရှိသော အဝတ်အထည်အားလုံးသည် အနီရောင်တစ်မျိုးတည်းသာ ဖြစ်နေသည်။ အိပ်မက်က အရောင်တွေဆို အဖြူရောင်၊ အပြာနုရောင်နှင့် ပန်းနုရောင်ကဲ့သို့သော အရောင်ဖျော့ဖျော့လေးများကိုသာ ကြိုက်သည်။

ဒါကြောင့်လည်း ကိုဆို အိပ်မက်ကို အမြဲအရောင်ရင့် ဝတ်ရန်ပင် တိုက်တွန်းခဲ့ဖူးသည်။ ဘယ်လိုဖြစ်လို့ အိပ်မက်အဝတ်တွေအားလုံး ပျောက်ပြီး အနီရောင်တွေ ရောက်နေရတာလဲ။ အိပ်မက် အိမ်နေရင်း ဂါဝန်တစ်ထည် ရှာကာ လဲထားလိုက်သည်။ မှန်ရှေ့တွင် မြင်နေရသော အိပ်မက်ပုံစံကို အိပ်မက်ကြည့်ကာပင် ပူလောင်သလို ခံစားရသည်။ ဘာကြောင့်များ ကိုက အိပ်မက်မကြိုက်သော အနီရောင် တစ်မျိုးတည်းကိုသာ ဝယ်ထားရပါလိမ့်။

အိပ်မက် စိတ်ညစ်စွာဖြင့် ကုတင်ပေါ်တင်လှဲချလိုက်သည်။ ကုတင်တွင် ဖုံးထားသော အဖုံးကို ဖယ်လိုက်သည်နှင့် ရဲရဲတောက်နေသော အနီရောင်အိပ်ရာခင်းကြီး



က အိပ်မက်ကို ဆီးကြိုလိုက်သည်။ အိပ်မက် ထိုင်နေရာမှပင် ရုတ်တရက် မတ်တပ်ရပ်မိသွားသည်။ ဘယ်လို ဖြစ်ကုန်တာလဲ။ အိပ်မက်နဲ့ ကို့ကိုယ်တိုင် အိပ်ရာခင်းနဲ့ အသုံးအဆောင်တွေကို သေချာရွေးပြီး ဝယ်ထားခဲ့တာပါ။ ညနေကအထိ ပန်းနုရောင်အိပ်ရာခင်းလေးကို ကြည့်ကာ အိပ်မက် ရင်ခုန်နေမိသေးသည်။ အခုမှ ဘယ်လို ဖြစ်ကုန်တာလဲ။

အိပ်မက် အခန်းတစ်ခုလုံးကို သေချာဂရုတစိုက် လိုက်ကြည့်မိသည်။ နံရံတွင် ချိတ်ထားသော ပန်းချီကားများကိုလည်း စက္ကူများနှင့် အုပ်ထားသဖြင့် အိပ်မက် အံ့သြသွားသည်။ ဒီပန်းချီကားတွေကို ဘယ်သူကများ လာအုပ်သွားပါလိမ့်။ အိပ်မက်ကိုယ်တိုင် သေချာပြင်ဆင်ပြီး ချိတ်ထားတာ။ အိပ်မက် ပန်းချီကားပေါ်တွင် အုပ်ထားသော စက္ကူများကို ဖယ်လိုက်သည်။

အထဲကမြင်လိုက်ရသောပုံကြောင့် အိပ်မက် လက်ထဲက စက္ကူအပိုင်းအစများပင် လွတ်ကျသွားသည်။ နှုတ်ခမ်းမှလည်း 'ဘုရား'ဟုပင် တ,မိသည်။ ဘာတွေဖြစ်ကုန်တာလဲ..။ လူတစ်ယောက်ကို တစ်ခြား လူတစ်ယောက်မှ ဓါးသတကြီး ဓါးနှင့်ထိုးသတ်နေသောပုံ ဖြစ်သည်။ ထိုးသတ်နေသည့် သူ၏ မျက်နှာမှာလည်း ပုံထဲမှာတောင်

www.burmeseclassic.com



ကြောက်ဖို့အရမ်းကောင်းနေသည်။

အိပ်မက် နောက်ပန်းချီကား တစ်ချပ်ပေါ်မှ စက္ကူများကို ထပ်မံခွာကြည့်လိုက်သည်။ ယောကျ်ားတစ်ယောက်၏မျက်နှာပုံဖြစ်သည်။ ထိုယောကျ်ား၏ မျက်နှာပေါ်တွင်တော့ တွန့်ချိုးနေသော မျက်ခုံးများနှင့် ရူးရူ ရက်စက်သော မျက်ဝန်းများကို တွေ့ရသည်။ အံကိုတင်းတင်းကြိတ်ထားသည့်ပုံမှာ အခုပင် ထ,သတ်တော့မည့် ပုံစံမျိုးဖြစ်နေသည်။ အရင် ကိုနဲ့အိပ်မက် ဝယ်ထားသော ပုံများမှ စိမ်းမြသော တောတောင်ရှုခင်းပုံများက ဘယ်ကိုရောက်ပြီး ကြောက်မက်ဖွယ်ရာပုံများ ဘယ်လိုရောက်လာလဲ မသိတော့ပါ။

အိပ်မက် စဉ်းစားရင်း ခေါင်းတွေလည်း မူးလာသည်။ ဆိုးရွားသော အနံ့ကြီးကြောင့်လည်း အိပ်မက်ကို ပို၍ ခေါင်းမူးစေသည်။ အိပ်မက်တစ်ယောက်တည်း အတွေးများနှင့် ရှုပ်ယှက်ခတ်နေစဉ် တံခါးဖွင့်သံ ကြားသဖြင့် အိပ်မက် ပန်းချီကားများ ကြည့်နေရာမှ တံခါးပေါက်ဘက်သို့ မျက်နှာမူလိုက်သည်။

"ကို။"

အိပ်မက်နှုတ်ဖျားမှ အသံများက မသိမသာ တုန်ရီနေသည်။ ဘာကြောင့်များ အိပ်မက်အသံများ တုန်ရီသွားရတာလဲ။ ကိုကတော့ ဝတ်ထားသော ကုတ်အင်္ကျီကို ချွတ်ကာ ကုတင်ပေါ် ပစ်တင်လိုက်သည်။ နက်ကတိုင်ကို ဖြုတ်ကာ အိပ်မက်ကို စိမ်းစိမ်းကားကား တစ်ချက်ကြည့်သည်။ ကို့မျက်နှာပေါ်မှာ အိပ်မက်တစ်ခါမှ မမြင်ဖူးတဲ့ နာကြည်းကြေကွဲမှုတွေက အထင်းသား။

ဘာကြောင့်များ ကို့ပုံစံက ဒီလိုဖြစ်နေရတာလဲ။ စောစောကအထိ အကောင်းအတိုင်းပါ။

"ကို … ဘယ်လိုတွေဖြစ်ကုန်တာလဲ။"

အိပ်မက် ကို့မျက်နှာကို သေချာကြည့်ကာ မေးလိုက်သည်။ ကိုက မျက်ဝန်းများကို မှေးစင်းကာ နှုတ်ခမ်းတစ်ဘက်ကို အပေါ်သို့ ပင့်တက်သွားသည်အထိ ပြုံးလိုက်သည်။ ကို့အပြုံးက မဲ့ပြုံးပုံစံမျိုးဖြစ်သွားသည်။ ဟင့်အင်း… ကိုရယ်…အဲလိုအကြည့်၊ အဲလိုအပြုံးမျိုးနဲ့ အိပ်မက်ကို မပြုံးပါနဲ့။ အိပ်မက် ရင်ခုန်သံတွေ မြန်လာသည်။ ဘာမှန်းမသိဘဲနဲ့ကို အိပ်မက် ကြောက်လာသည်။

"ဒီမှာ အိပ်မက် …မင်းဒီနေ့ကစပြီး ကံဆိုးပြီလို့ မှတ်လိုက်တော့။ အခုအချိန်က မင်း ဝဋ်လည်ရတော့မယ့် အချိန်ပဲ။"

ကိုက ဒေါသဖြင့် အော်လိုက်သောကြောင့် အိပ်မက် တုန်တက်သွားသည်အထိ လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာလဲ။ အိပ်မက်တို့ရဲ့ မင်္ဂလာဦးညလေးက ဘာကြောင့်များ ဒီလို ထိတ်လန့်ကြောက်မက်ဖွယ် ကောင်းနေရတာလဲ။ ကိုများ အရက်မူးနေလို့လား။ ကို့မျက်နှာကို သေချာကြည့်တော့လည်း မူး၍ပြောနေခြင်းမျိုးမဟုတ်။

"မင်းက ဘာကြည့်တာလဲ။ ငါမူးလို့ ပြောနေတယ်များ မှတ်နေလား။ ဒီမှာ အိပ်မက် မင်းဒီနေ့က စပြီး အိမ်ထောင်ရေးသုခတော့ မရဘူး။ အိမ်ထောင်ရေးဒုက္ခတွေတော့ တထောကြီးရပြီလို့သာ မှတ်လိုက်တော့။"

အိပ်မက် ကြားနေရတဲ့အသံတွေက ကို့အသံကောဟုတ်မဟုတ်ရဲ့လားလို့ပင် ထင်လာမိသည်။

"ကို... အိပ်မက်ကို မကျေနပ်အောင် ဘာများလုပ်ခဲ့မိလို့လဲကို။အိပ်မက်ကို ပြောပါဦး။"

အိပ်မက် မျက်ရည်များနှင့် ကို့လက်မောင်းလေးကိုလှုပ်ရမ်းကာ ပြောလိုက်မိသည်။ မိုးဒေဝါကတော့ အိပ်မက်၏ လက်များကို ပုတ်ထုတ်ရင်း အိပ်မက်ကို ပခုံးကနေဆောင့်တွန်းလိုက်သည်။ မိုးဒေဝါ၏ တွန်းလိုက်သောအရှိန်ကြောင့်လည်း အိပ်မက် ကုတင်ပေါ်သို့ ပုံ့ပုံ့လေးကျသွားသည်။

"မင်း ငါ့အသားကို ထိစရာမလိုဘူး။ မင်းနဲ့လည်း ငါအတူ တစ်ခန်းတည်း ငါမနေနိုင်ဘူး။ ငါက အိမ်ဦးနတ်ဆိုတော့ ဒီအခန်းမှာနေမယ်။ မင်းက တစ်ခြားအခန်းမှာနေ။ ဒီအခန်းထဲမှာရှိတဲ့ မင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းအားလုံးကို တစ်ခါတည်း ယူသွားနိုင်တယ်။ မင်းမကျေနပ်ရင် ကွာရှင်းနိုင်တယ်။ မယားပစ္စည်းကို လင်တစ်ဝက်ပိုင်တယ်ဆိုတာတော့ မမေ့နဲ့ပေါ့။ ငါကတော့ ကွာရှင်းမပေးနိုင်ဘူး။ မင်းကွာရှင်းချင်ရင်တော့ မင်းပိုင်ဆိုင်တဲ့ ပစ္စည်းသုံးပုံနှစ်ပုံကို ပေးရင်တော့ မင်းသဘောပါ။ အခုတော့ ငါမျက်စိရှေ့က ထွက်သွားတော့။ ငါအိပ်တော့မယ်။"

အိပ်မက် ကို့စကားများကို ကြားပြီး မယုံနိုင်အောင် ဖြစ်သွားသည်။ မဟုတ်ဘူး.. အိပ်မက်သိတဲ့ ကိုက ဒီလိုပုံမျိုးမှမဟုတ်တာ။

"အိပ်မက် နားလည်အောင်လည်း ရှင်းပြပါဦး ကိုရယ်။"

"စိတ်ချပါ မင်းနောက်တော့ မသိချင်လဲ သိရမှာပါ။ အခုတော့ ငါအနားယူတော့မယ် ထွက်သွား။"

အိပ်မက် နားမလည်သောအရာ တော်တော်များ

www.burmeseclassic.com



များနှင့် အိပ်မက်ဘဝကို စတင်ဖွင့်လှစ်မိပြီ။ အိပ်မက် ဘာလုပ်ရမလဲ။ အိပ်မက် ဘာလုပ်သင့်သလဲ။ ခေါင်းတွေ နောက်ကာ အိပ်မက်ဘဝကိုမှ စဉ်းစားလို့မရ။ မျက်ရည်များသာ တွင်တွင်ကျလာသည်။ ရင်ထဲမှာလည်း ရစရာမရှိ လောက်အောင် နာကျင်ကြေမွကုန်ပြီ။ ဒါပေမဲ့ အိပ်မက် ကိုကို သိပ်ချစ်တယ်။ အိပ်မက်ဘဝမှာ တစ်ဦးတည်းသော အချစ်ရဆုံးလူ။ အိပ်မက် ကိုကို ဘယ်နည်းနဲ့မှ မကွာရှင်းနိုင်ပေ။

"ငါအနားယူတော့မယ်လို့ မင်းကို ပြောနေတယ် မှတ်လား။ မင်း လူလိုမသိတတ်ဘူးလား။ကဲ ... ဒီလောက်တောင် ပြောမရတာ...လာကွာ။"

မိုးဒေဝါ ပြောမရသည့်အဆုံး အိပ်မက်ကို လက်မောင်းရင်းမှဆွဲကာ အခန်းပြင်သို့ ဆွဲခေါ်ထုတ်သွားသည်။ အိပ်မက်လည်း ကို၏ ဆောင့်ဆွဲမှုကြောင့် အခန်းအပြင်သို့ ဒရွတ်တိုက် ပါသွားလေသည်။

အခန်းပြင် ရောက်သည်နှင့် မိုးဒေဝါသည် အမှိုက်တစ ပစ်သကဲ့သို့ ရက်ရက်စက်စက်ကို တွန်းပစ်ခဲ့လေသည်။ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သည်။

အခန်းထဲရောက်သည်နှင့် မှန်တင်ခုံရှေ့က ခုံလေးကို ဒေါသတကြီး ဆောင့်ကန်လိုက်သည်။ မိုးဒေဝါ



ရင်ထဲ မှာလည်း နာကျင်မှုများက သက်သာမလာတဲ့အပြင် ပို၍ ပင် နာကျင်လာသလို ခံစားရသည်။ လူကလည်း အရုပ် ကြိုးပြတ်သလို ကုတင်ပေါ်တွင် လဲကျသွားခဲ့သည်။ အိပ်မက်ရဲ့ တံခါးအပြင်ဘက်မှ တောင်းပန်တိုးလျှိုးသံများကို နားကိုခေါင်းအုံးနှင့် ဖိကာပိတ်ထားမိသည်။

နောက်ဆုံး မခံနိုင်သည့် အိပ်ဆေးတစ်လုံးကောက် သောက်ကာ ဖြေရှင်းလိုက်သည်။ တဖြည်းဖြည်းတော့ အိပ်မက်နှင့်ဝေးရာသို့ ရောက်ရှိသွားသည်။

အိပ်မက် ဘာကြောင့်မှန်း မသိပေမယ့် ကိုကို အမျိုးမျိုးတောင်းပန်မိသည်။ အိပ်မက်အသံများက ငိုသံများနှင့် ရောကာ နစ်ဝင်ပျောက်ကွယ်ကုန်သည်။ မျက်နှာတစ်ခုလုံးလည်း မို့ဖောင်းကာ လူတစ်ကိုယ်လုံးလည်း နုံးချိလာသည်။ ငိုရလွန်းသဖြင့် မျက်စိများပါ ကျိန်းစပ်လာသည်။

"မမလေးရယ် မငိုပါနဲ့တော့ ထပါနော်။"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ အိပ်မက် ငယ်ငယ်လေးကတည်းက အတူခေါ်ထားသော အေးအေးက အိပ်မက်ဘေးနားတွင် ဆောင့်ကြောင့်လေးထိုင်ကာ လာခေါ်လေသည်။

"အေးအေးရယ် ငါဘာတွေများ အမှားလုပ်မိလို့

www.burmeseclassic.com

www.burmeseclassic.com



ကိုက ငါ့ကို ဒီလောက်တောင် မုန်းနေရတာ လဲ မသိဘူးနော်။"

အေးအေးကို ဖက်ကာ အိပ်မက် ငိုမိသည်။ ခိုင်းတဲ့ ကောင်မလေး ဆိုသော်လည်း အိပ်မက်ငယ်ငယ်လေး ကတည်းက အတူနေခဲ့သဖြင့် ညီအစ်မလို ဖြစ်နေသည်။ အိပ်မက်ကို ကြည့်ကာ အေးအေးလည်း ငိုလေသည်။

"အစ်ကိုလေးက စိတ်ဆိုးနေလို့ နေပါလိမ့်။ မနက် ဖြန်ဆို အဆင်ပြေသွားမှာပါ။ မငိုပါနဲ့ မမလေး ရယ် ... ရယ်၊ ရယ်။"

"အေးပါ အေးအေးရယ်။ နင်လည်း မငိုနဲ့တော့ နော်။ ငါဟိုဘက်ခန်းမှာပဲ အိပ်လိုက်တော့မယ်။ နင်လည်း လာအိပ်ပေးနော်။"

"ဟုတ်ကဲ့ မမလေး၊ မိအေး လာအိပ်ပေးမယ်။"

အေးအေးက မျက်ရည်များ သုတ်ကာ အိပ်မက်ကို တွဲခေါ်လာသည်။ ခဏနေတော့ အေးအေးက အိပ်သွား သော်လည်း အိပ်မက်သာ မအိပ်နိုင်ဘဲ အတွေးများစွာနှင့် မိုးလင်းသွားသည်။ အိပ်မက်၏ ပထမဆုံးနေ့ အိမ်ထောင် သည်ဘဝသည် ခါးသီးလွန်းလှပါသည်။ မျက်ရည်များစွာ နှင့် ဖွင့်လှစ်ခဲ့ရသော အိမ်ထောင်သည်ဘဝအစ ဖြစ်သည်။

❦ ❦ ❦ ❦ ❦



အခန်း(၃)

"မမလေး မအိပ်ဖူးလား။"

အိပ်မှုန်စုံမွှားနှင့် အေးအေးက အိပ်မက်ကို ကြည့် ကာ မေးလေသည်။ အိပ်မက်ပုံစံကလည်း တစ်ရေးမှ အိပ် မထားမှန်း သိသာလွန်းသည်။

"ငါအိပ်မပျော်လို့ပါဟယ်။ ကဲထ ... နင်လည်း နိုးပြီဆိုတော့ မနက်စာ ထချက်ရအောင်။"

အိပ်မက် ကုတင်ပေါ်မှ ထကာ အေးအေးကို ပြောလိုက်သည်။

အိပ်ရာသိမ်းရင်း အေးအေးကလည်း အိပ်မက်ကို ကြည့်ကာ...

"မမလေးတစ်ရေးလောက်ဖြစ်ဖြစ် အိပ်လိုက်ပါ လား။ ညီမ ချက်လိုက်ပါ့မယ်။"

"ရပါတယ်ဟယ်...နင်သိတဲ့အတိုင်းပဲ ကိုက ငါ ချက်မှ ကြိုက်တာ။"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်စိတ်များက အတိတ်ကို ပြန်လည်ရောက်ရှိသွားသည်။ ကိုနဲ့ အိပ်မက် ချစ်သူဘဝက ကို အိမ်လည်လာတိုင်း အိပ်မက် ကိုယ်တိုင်လုပ်ပေးတာပဲ စားသည်။ ကော်ဖီဖျော်တိုက်လျှင်တောင် အိပ်မက်ကိုယ်တိုင် ဖျော်ပေးမှ သောက်သည်။ ထမင်းဆိုလည်း အိပ်မက်ခူးပေးမှ၊ ဟင်းဆိုလည်း အိပ်မက် မချက်တတ် ချက်တတ်နှင့် ချက်သောဟင်းများသာ စားသည်။ ကို့ရဲ့ အားပေးမှုကြောင့် အိပ်မက်လည်း ချက်ပြုတ်နည်းစာအုပ်များ ဝယ်ကာ အစွမ်းကုန်ကြိုးစားခဲ့သည်။

အိပ်မက် ဘာချက်ချက် အမြဲအားပေးကာချီးကျူးခဲ့သော ကို့ကြောင့်လည်း အိပ်မက် ချက်နည်းပြုတ်နည်းသင်တန်းများ တက်ကာ ပိုမိုကြိုးစားလာမိသည်။ အိပ်မက်ချက်ကျွေးတိုင်း အမြဲပြုံးရွှင်ကာ ကျေနပ်နေသော ကို့ကြောင့်လည်း အခုဆို အိပ်မက် တရုတ်ဟင်း၊ မြန်မာဟင်းနှင့် ယိုးဒယားဟင်းများကိုပါ ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်ခဲ့သည်။

"မမလေး ... ညီမ ဘာလုပ်ထားပေးရမလဲ။"

အိပ်ရာသိမ်းပြီးသွားသော အေးအေး စကားလှမ်းပြောမှပင် သတိပြန်ဝင်လာသည်။

"ရတယ် ရေနွေးအိုးပဲ တည်ထားလိုက်နော်။ ငါ မျက်နှာသစ်ပြီး ဆင်းလာခဲ့မယ်။"

"ဟုတ် မမလေး။"

အေးအေးကတော့ အောက်ထပ်သို့ ပြေးဆင်းသွားသည်။ အိပ်မက်လည်း ရေချိုးခန်းထဲသို့ မျက်နှာသစ်၊ သွားတိုက်ရန် ဝင်လာခဲ့သည်။ မှန်ရှေ့တွင် မြင်ရသော အိပ်မက်ပုံကို အိပ်မက်ကြည့်ရင်းပင် စိတ်ဓါတ်ကျသွားသည်။ သတို့သမီးအသစ်စက်စက်ရဲ့ မျက်နှာမှာ မျက်ဝန်းများ မို့ဖောင်းကာ နှာခေါင်းတစ်ခုလုံးလည်း နီရဲနေသည်။ အိပ်မက်လည်း ကိုယ့်မျက်နှာပင် ကိုယ်ဆက်မကြည့်ချင်တော့ပဲ မြန်မြန်မျက်နှာသစ် သွားတိုက်လိုက်သည်။

ငိုထားသဖြင့် လှုမြင်မကောင်းသော မျက်နှာကိုလည်း ပေါင်ဒါလေး ဖို့ထားလိုက်သည်။ မြန်မြန်ပြင်ဆင်ပြီးသည်နှင့် အောက်ထပ်ဆင်းကာ ချက်ပြုတ်ဖို့ ပြင်ရသည်။ ကိုက ထမင်းကြော် ကြိုက်တယ် ပြောဖူးသဖြင့် ထမင်းပူပူလေးကို ဘဲဥတစ်လုံးဖောက်ကာ ကြော်ပေးလိုက်သည်။ ကို့အကြိုက် ကော်ဖီခါးခါးလေးကိုလည်း အိပ်မက်ကိုယ်တိုင် သေချာနှပ်၍ ဖျော်ထားပေးလိုက်သည်။

ဘာပဲပြောပြော ကိုနဲ့ မျက်နှာချင်းဆိုင်ကာ ဆွေးနွေး ညှိနှိုင်းဖို့ပဲ ဆုံးဖြတ်လိုက်သည်။ အိပ်မက် ဘာမဆို အလျှော့ပေးဖို့လည်း ကြိုတင်ပြင်ဆင်ထားပြီးသားပါ။

www.burmeseclassic.com



အိပ်မက် နံနက်စာ ပြင်ပြီးသည်နှင့် ကို အိမ်ပေါ်ကဆင်းလာချိန် ကွက်တိဖြစ်သွားသည်။ အိပ်မက် ကို့က တစ်ချက်ပြုံးပြလိုက်သည်။ မနေ့က ကိစ္စအားလုံးကိုတော့ အိပ်မက်မေ့ထားလိုက်သည်။ ကိုကတော့ မျက်နှာထားတည်တည်နှင့်ပင် ထမင်းစားပွဲဝိုင်းတွင် ဝင်ထိုင်သည်။

"အိပ်မက် ကို့အတွက် ထမင်းကြော်ထားတယ်"

မိုးဒေဝါရှေ့သို့ ထမင်းကြော်ပန်းကန်လေး တိုးပေးရင်း အိပ်မက်လှမ်းပြောလိုက်သည်။ ကော်ဖီပါ တစ်ခါတည်း အိပ်မက် ငှဲ့ပေးလိုက်သည်။ အိပ်မက်လည်း ကို့ဘေးနားက ခုံလေးတွင် ဝင်ထိုင်လိုက်သည်နှင့် ကို့အကြည့်များက အိပ်မက်ဆီသို့ ကျရောက်လာသည်။

"ဒီမှာ အိပ်မက် ... မင်းနဲ့ငါ တစ်ဝိုင်းတည်း အတူမစားနိုင်ဘူး။ မင်းစားမယ်ဆို ငါမစားတော့ဘူး။ ဖြစ်နိုင်ရင် မင်းမျက်နှာကို ငါမမြင်ချင်ဘူး"

ထထွက်တော့မည့် ကို့လက်ကို လှမ်းဆွဲရင်း အိပ်မက် တားလိုက်သည်။ မျက်ဝန်းများမှ မျက်ရည်ကြည်များကလည်း ပါးပြင်ပေါ်သို့ စီးကျလာသည်။

"ကို စားပါ။ အိပ်မက်နောက်မှပဲ စားလိုက်ပါ့မယ်။"

မိုးဒေဝါ အိပ်မက်ကို တစ်ချက်စိုက်ကြည့်လိုက်



သည်။ အိပ်မက် မနေ့က တော်တော်ငိုထားမှန်း အိပ်မက်မျက်ဝန်းများကို ကြည့်လိုက်ရုံနှင့် သိသာနေသည်။ ငါမင်းကို မရည်ရွယ်ပေမယ့် မင်းဟာ ငါ့အတွက် တစ်ခုတည်းသော သားကောင်ပဲ အိပ်မက် ... မင်းမကျေနပ်ရင်လည်း မင်းမိသားစုကိုသာ အပြစ်တင်လိုက်တော့ အိပ်မက်..။ မိုးဒေဝါ တစ်ဦးတည်း စိတ်ထဲမှ စကားများစွာ ပြောနေမိသည်။ အပြင်မှတော့ အရမ်းကိုတည်ငြိမ်အေးစက်နေသည်။

"အိပ်မက် ကို့ကို တစ်ခုမေးပါရစေ။ အိပ်မက်ကို ကို ဘာမကျေနပ်တာလဲ။"

"ဟား..ဟား..မင်းကို ဘာမကျေနပ်လည်းဆိုတော့ ဘာမှကို မကျေနပ်တာ။ မင်းကို ငါချစ်လို့ လိုက်ခဲ့တယ်များ ထင်နေလား။ ဝေးသေးတယ်...မင်းကို ငါဘယ်တုန်းကမှ မချစ်ခဲ့ဘူး ။ မင်းကို ငါ လက်စားချေဖို့သက်သက် လိုက်ခဲ့တာ။"

ထမင်းကြော်ပန်းကန်ကို မွှေနှောက်နေရင်းမှ မိုးဒေဝါ တစ်ခွန်းချင်း ပြောပြလိုက်သည်။ ဘေးနားတွင် ရပ်နေသော အိပ်မက်လည်း ကို့စကားတစ်ခွန်းမှကို နားလည်ခဲ့ပေ။

"ဟုတ်ပါပြီ၊ ကိုမကျေနပ်ရင်လည်း ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လဲဆိုတာ အိပ်မက်ကို ပြောပြပါ။ အိပ်မက် အဆင်ပြေအောင် လုပ်ပေးပါ့မယ်။"

"စိတ်ကူးယဉ်မနေနဲ့ အိပ်မက်၊ မင်းဘာမှ မလုပ်ပေးနိုင်ဘူး။ ငါ မင်းကို ဘာမကျေနပ်လည်း ဆိုတာ တစ်နေ့တော့ မင်းသိရမှာပါ။ ကြောင်ကကြွက်ကိုမိရင် တစ်ခါတည်း သတ်မစားတတ်ကြဘူးကွ။ သူတို့ဝအောင် ကစားပြီးမှ သတ်ကြတာ။ ငါလည်း မင်းကို အရူးလုပ်လို့ဝရင် မင်းသိအောင် ပြောပြမှာပါ။ ဒါမှမဟုတ် မင်းနဲ့ငါကွာရှင်းတဲ့နေ့ကျ ငါပြောပြမှာပါ။"

အိပ်မက် ဘာစကားမှ ပြန်ပြောစရာမရှိလောက်အောင် ဆွံ့အ,သွားသည်။ ရက်စက်လိုက်တာ ကိုရယ်..။ မိုးဒေဝါကတော့ အိပ်မက်မျက်နှာကိုလည်း မကြည့်ဘဲ ထမင်းကြော် ငုံ့စားလိုက်သည်။

"ထွီ...။"

ပါးစပ်ထဲမှ ထမင်းကြော်များကို ထွေးထုတ်လိုက်သည်။

"အေးအေး လာခဲ့စမ်း။"

မိုးဒေဝါက အသံနက်ကြီးနှင့် ထအော်လိုက်သဖြင့် အိပ်မက်ပင် လန့်သွားသည်။ အေးအေးကလည်း တုန်တုန်ရီရီနှင့် ရောက်ရှိလာသည်။

"ရှင် ... ကိုလေး။ ဘာဖြစ်လို့လဲ။"

"ဘာဖြစ်ရမှာလဲ၊ ထမင်းကို ဘယ်လိုကြော်ထားတာလဲ။ ဒီလောက်ဆီများတာ နင် ငါ့ကို သတ်နေတာလား။"

အိပ်မက် ထမင်းကြော်ပန်းကန်ကို လှမ်းကြည့်လိုက်သည်။ ဒါ ခါတိုင်း အိပ်မက် ကို့ကို ကြော်ကျွေးနေကျအတိုင်း ထည့်ခဲ့တာပါ။

"အိပ်မက်ကြော်တာပါ။"

"အေး ... နောက်ဆို မင်းကိုလည်း တစ်ခါတည်း ပြောထားမယ်။ ငါ့ဝေယျာဝစ္စတွေကို မင်းဘာမှ လုပ်ပေးစရာ မလိုဘူး။ ထမင်းဟင်းကအစ ငါ့အတွက်ကို အေးအေးပဲ ချက်ပါစေ။ကြားလား"

"ဟုတ်ကဲ့။"

"တော်ပြီ ... စားရတာလည်း တစ်စက်လေးမှ အရသာ မရှိဘူး။"

မိုးဒေဝါ ပေါင်ပေါ်မှလက်သုတ်ပုဝါကို ပစ်တင်ကာ ထထွက်သွားသည်။ အိပ်မက်တစ်ယောက်သာ ထမင်းစားဝိုင်းဘေးတွင် ယောင်နန ကျန်ခဲ့သည်။

"မမလေး တစ်ခါတည်း စားလိုက်ပါလား။"



www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူး အေးအေးရယ်၊ နင်ပဲစားလိုက်တော့နော်။"

အေးအေးနှင့်အတူ ပန်းကန်များ ကူသိမ်းပေးလိုက်သည်။ ကားသံကြားသဖြင့် ကို ကားမောင်းထွက်သွားတာဖြစ်သည်။ ကုမ္ပဏီသွားတာ ဖြစ်မည်။ ကိုက အိပ်မက်နဲ့ မယူခင်ကတည်းက လုပ်ငန်းများကို နားလည်အောင် ကြိုတင်လေ့လာထားတာဖြစ်သည်။

"မမလေး ကိုလေးသွားပြီ ထင်တယ်။"

"အင်း ... ဟုတ်မှာပါ။"

ပန်းကန်များဆေးနေရင်း အေးအေးက လှမ်းပြောလာသည်။

"မမလေးသိလား။ ကိုလေးကလေ မမလေး ဧည့်သည်တွေ ဧည့်ခံနေတုန်း အပေါ်ထပ်လာပြီး မမလေး အဝတ်အားလုံးကို သိမ်းပြီး အဝတ်တွေအားလုံးကို အနီတွေချည်း ထည့်ခိုင်းတာ။

"ပြီးတော့ ကိုလေးတပည့်ဆိုပြီး လူနှစ်ယောက်ရောက်လာပြီး အိပ်ရာခင်းတွေရော၊ ပန်းချီကားတွေရောအားလုံးကို ဖြုတ်လဲလိုက်တယ်။"

"အော်..ဒါကြောင့် ငါညနေက တွေ့ခဲ့တဲ့ ပုံစံမျိုးမဟုတ်တော့တာကိုး။"



ကိုရယ်..ဘာလို့များအိပ်မက်အပေါ် မှာ ဒီလောက်များ အငြိုးအတေးတွေ များနေရတာလဲ။ အိပ်မက် စိတ်ထဲနောက်ကျိလာသည်။

"အေးအေးရေ ... ညနေကို့အဝွက် ငါးကြင်းရေချိုလေးနှင့် ငါးပိရည်တို့စရာလေး ချက်ထားလိုက်နော်။ ငါ ခေါင်းနည်းနည်းမူးလို့ အပေါ်ထပ်မှာ ခဏနားလိုက်ဦးမယ်။"

"ဟုတ်...မမလေး။ ညီမ အားလုံးသေချာလုပ်ထားလိုက်မယ်၊ မမလေး ခဏနားလိုက်ဦးနော်။"

"အေး..အေး။"

အိပ်မက် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်ထပ် ရောက်သည်နှင့် ကိုယ့်အခန်းကိုယ် မသွားသေးဘဲ ကို့အခန်းကိုဝင်ကာ အရင်သန့်ရှင်းရေး လုပ်ပေးလိုက်သည်။

ကို့အခန်းလေးကိုတော့ အိပ်မက်ကိုယ်တိုင်ပဲ သန့်ရှင်းရေး လုပ်ပေးချင်သည်။ အရင်ဆုံး အိပ်ရာသိမ်းလိုက်သည်။ စောင်လေးခေါက်၊ အိပ်ရာခင်းများ ဆွဲဆန့်ပြီး အိပ်ရာခင်းအပေါ်မှာ အိပ်ရာဖုံးလေး ထပ်ဖုံးပေးထားလိုက်သည်။ ပြီးလျှင်တော့ ဖုန်စုပ်စက်လေးယူကာ တစ်ခန်းလုံးရှိကော်ဇောများကို သေချာဖုန်စုပ်ပေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံးတွင် အမှိုက်တစ်စမကျန် သေချာရှင်းပြီးသွားချိန်မှာတော့ လူလည်း တော်တော်လေးကို မောသွားသည်။ ကို့အခန်းလေးကို စိတ်ကြိုက်ရှင်းလင်းပြီး ကျေနပ်တော့မှသာ အိပ်မက် ကို့အခန်းထဲမှ ထွက်လာခဲ့သည်။

အိပ်မက် ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်သည်နှင့် ဖုန်းသံကို တန်းကြားရသည်။ အိပ်မက် မြန်မြန် ဖုန်းနားလေးကို ပြေးကာ ဖုန်းကောက်ကိုင်လိုက်သည်။

"တူ…တူ။"

"ဟယ်လို..။"

"အိပ်မက်လေး လေးလေးသွားတော့မလို့ လှမ်းနှုတ်ဆက်တာ။"

ဟုတ်သားပဲ။ ဒီနေ့ လေးလေးပြန်မယ့်နေ့ပဲ။ အိပ်မက်ကလည်း ဘာလို့အကုန်လုံးကို မေ့သွားရတာလဲ။ ရင်ထဲတွင် ဝမ်းနည်းအားငယ်စိတ်များက လှိုက်တက်လာသည်။

"အိပ်မက်နေမကောင်းလို့ဆို၊ လေးလေးလည်း မောင်မိုးဒေဝါ ပြောမှပဲ သိရတယ်။ ကျန်းမာရေး ဂရုစိုက်နော် သမီးလေး။ လိုတာရှိလဲ လေးလေးကို လှမ်းမှာ။ လေးလေးက အခု လေဆိပ်ရောက်နေတာ။ လေးလေးကို မောင်မိုးဒေဝါ လိုက်ပို့



တာလေ…။"

"ဟုတ်ကဲ့လေးလေး..။ လေးလေးကို အိပ်မက် မကန်တော့လိုက်ရလို့ အိပ်မက်စိတ်မကောင်းဘူး။ အိပ်မက် စိတ်နဲ့ လှမ်းကန်တော့လိုက်တယ်နော် လေးလေး။ အိပ်မက်အားနည်းပြီး မူးနေလို့ လိုက်မလာဖြစ်တာပါ လေးလေးရယ်။"

"အေးပေါ့..မင်္ဂလာမဆောင်ခင်ကတည်းက ခန်းဝင်ပစ္စည်းတွေဝယ်ရ ပြုရ။ ပြီးတော့ ဧည့်သည်တွေ လိုက်ဖိတ်ရ ပြုရနဲ့၊ မင်္ဂလာပွဲ စီစဉ်ရနဲ့ ငါ့သမီးလေးလည်း ပင်ပန်းလှပါတယ်။ ဒါကြောင့် လေးလေးတောင် မိန်းမ မယူဘဲ လူပျိုကြီး လုပ်တာပဲကြည့်။ ဟဲ..ဟဲ။"

"ကောင်းတာပေါ့ … လေးလေးမိန်းမမယူတော့ အိပ်မက်ကို ဂရုစိုက်လို့ ရတာပေါ့။"

"စိတ်ချပါ သမီးလေးရယ်၊ လေးလေးက ငါ့သမီးလေးကို တစ်သက်လုံးစောင့်ရှောက်မှာ၊ ဘာမှ အားမငယ်နဲ့၊ အခုဆို သမီးဘေးနားမှာ မောင်မိုးဒေဝါလည်း ရှိနေပြီ အားငယ်စရာ ဘာမှမရှိတော့ဘူးနော်..။"

"ဟုတ်လေးလေး။"

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး ဒါဆို လေးလေးဖုန်းချလိုက်တော့မယ်နော်။ ကျန်းမာရေးလည်း ဂရုစိုက်နော်သမီး"

"ဟုတ်ကဲ့လေးလေး။"

လေးလေးဖုန်းချသွားချိန်မှာတော့ ရင်ထဲမှာ ဘာမှမကျန်ခဲ့အောင်ကို လစ်ဟာသွားသည်။ ဝမ်းနည်းအားငယ်စိတ်က သွေးကြောထဲကနေ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။



## အခန်း(၄)

လေးလေးက ဖုန်းချပြီးပြီးချင်း မိုးဒေဝါဘက်ကို လှည့်လိုက်သည်။ မိုးဒေဝါလည်း လေးလေးကို အိပ်မက်နေမကောင်းဘူးဟု ညာထားရသဖြင့် ကိုယ့်ဘာသာကိုယ် မလုံမလဲ ခံစားနေရသည်။ လေးလေးကတော့ မိုးဒေဝါအပေါ် တော်တော်လေး ကောင်းခဲ့သည်။ အိပ်မက်နှင့် မယူခင်ကတည်းကပင် ကုမ္ပဏီကိစ္စများကို ကျွန်တော့်အား သေချာသင်ပေးခဲ့သူ ဖြစ်သည်။ အင်မတန် သဘောကောင်း၍ ပျော်ပျော်နေတတ်သော လေးလေးကိုတော့ ကျွန်တော် အမှန်တကယ်ကို ခင်ပါသည်။

အခုလိုတစ်ဦးတည်းသော ဆွေမျိုးဖြစ်သော လေးလေးပြန်တာကို အိပ်မက်မနှုတ်ဆက်လိုက်ရသောကြောင့် အိပ်မက်တော့ တော်တော်စိတ်မကောင်းဖြစ်နေလောက်ပြီ။ တကယ်တော့ ကျွန်တော်လည်း ခေါ်လာမလို့ပါ။ မနက်က အိပ်မက်ရဲ့မျက်နှာကို ကြည့်တော့ ငိုထားမှန်း

www.burmeseclassic.com



အရမ်းသိသာနေသဖြင့် ဘယ်လိုမှ ခေါ်လာလို့မရခဲ့ပေ။

အော်...ဒါလည်း သူ့ကိစ္စနဲ့သူပဲ၊ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။ မိုးဒေဝါ မိမိကိုယ်မိမိ အားပေးရင်း လေးလေးကို ပြုံးပြလိုက်သည်။

"ငါ့တူရေ ...လေးလေးရဲ့တစ်ဦးတည်းသော တူမလေးကို သားလက်ထဲ အပ်ခဲ့ပြီနော်။ အိပ်မက်လေးက ငယ်တော့ သားအပေါ် ဆိုးတာ နွဲ့တာများရှိရင် ခွင့်လွှတ်ပေးပါကွယ်။ တူမလေးကိုလည်း စောင့်ရှောက်ပေးပါနော်။ သူ့ခမျာ အားကိုးစရာဆိုလို့ ဒီမှာ မင်းတစ်ယောက်တည်း ရှိတာ။ ဂရုစိုက်ပေးပါကွယ်။"

"စိတ်ချပါလေးလေး ... ကျွန်တော်ဂရုစိုက် ပေးပါ့မယ်။"

မိုးဒေဝါ သူ၏မျက်ဝန်းများကို လေးလေး မမြင်နိုင်အောင် မျက်လွှာချကာ ကတိပေးလိုက်သည်။ လေးလေးကတော့ သူ့တူမလေးအတွက် စိတ်အေးသွားရသောကြောင့် ကျေနပ်သွားသည်။

"အေးကွယ် ... သားဆီက ဒီလိုစကားမျိုး ကြားရတော့ လေးလေး ဝမ်းသာပါတယ်။ လိုအပ်တာရှိလည်း လေးလေးကိုလှမ်းပြော။ အားလုံး လေးလေး အဆင်ပြေအောင် လုပ်ပေးမယ်။ ကုမ္ပဏီမှာ အခက်အခဲရှိလည်း ပြော။ သားက အရည်အချင်းရှိမှန်း လေးလေး သင်ပေးကတည်းက သိပါတယ်။ သားကို ယုံလို့လည်း လေးလေး ဒီကုမ္ပဏီကြီးတစ်ခုလုံးကို သားလက်ထဲထည့်ခဲ့တာကြည့်။"

"ဟုတ်ကဲ့ပါ လေးလေး။ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်။"

"အေးအေး...ဒါဆိုသားလည်းပြန်တော့၊ လေးလေးလည်း လေယာဉ်ချိန်နီးပြီ ဝင်တော့မယ်။"

"ဟုတ်ကဲ့လေးလေး ... ဒါဆိုကျွန်တော် ပြန်တော့မယ်နော်။"

"အေးအေး။"

မိုးဒေဝါတစ်ယောက် လေးလေးကို နှုတ်ဆက်ပြီးသည်နှင့် လေယာဉ်ကွင်းက ထွက်ကာ ကားဆီသို့ လျှောက်လာသည်။ ကားတံခါးလေးကို ဖွင့်ကာ စက်နှိုးပြီး ထွက်လာခဲ့သည်နှင့် အေးမြမှုက လူကို လာရောက်ရိုက်ခတ်သွားသည်။ အပြင်တွင် နေခြစ်ခြစ်တောက် ပူနေသော်လည်း ကားတွင်းမှာတော့ အေးမြနေသည်။ ဒီလိုမျိုးက တစ်ကယ်မှန် အစောကြီးကတည်းက ခံစားရမှာ။

www.burmeseclassic.com



မေမေရယ် သား ဒါတွေကို ခံစားနေရတဲ့ အချိန်မှာ ဖေဖေနှင့် မေမေကတော့ သားကိုခွဲပြီး အဝေးကြီးကို ထွက်ခွာသွားပြီနော် ။ အခုတော့....။ တောက်တစ်ချက်ကို ခေါက်ကာ ကားကို ဒလကြမ်း မောင်းထွက်ခဲ့သည်။



## အခန်း(၅)

မိုးဒေဝါ ကားကို ပေါ်တီကိုအောက်တွင် အရှိန်ဖြင့် ထိုးရပ်လိုက်သည်။ ကားပေါ်မှ 'ဝုန်း' ခနဲဆင်းကာ တံခါးကို စောင့်ပိတ်လိုက်သည်။

"ဒုန်း။"

ကားတံခါးစောင့်ပိတ်သံ ကြားလိုက်သော်လည်း အိမ်ရှေ့ခန်းတွင် ထိုင်နေသော အိပ်မက်ထထွက် လာဖို့ အချိန်မမီတော့ချေ။ စကတည်းက အမြင်မကြည်သဖြင့် ထထွက်သွားလျှင်လည်း သူလာမှ ထွက်သွားတယ်ဆိုပြီးကို,စိတ်ဆိုးမှာလည်း ကြောက်သည်။ အိပ်မက် ဘာလုပ်ရမှန်းမသိတော့သဖြင့် ဘေးနားတွင်ရှိသော သတင်းစာလေးကိုသာ ကောက်ကိုင်ကာ စာဖတ်ချင်ယောင် ဟန်ဆောင်လိုက်သည်။

သတင်းစာကို ကောက်ကိုင်ထားသော အိပ်မက်လက်တွေက တဆတ်ဆတ် တုန်နေသည်။ ကို ဝင်လာချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် အိပ်မက် ယောင်ရမ်းကာ အသက်ပင် အောင့်ထားမိသည်။ ဘာကြောင့်များ အိပ်မက် ကို့စိတ်ဆိုးမှာ ဒီလောက်တောင် ကြောက်နေမိတာမှန်းလည်း အိပ်မက် ကိုယ့်ကိုကိုယ်လည်း မသိတော့ပါ။

မိုးဒေဝါ အခန်းထဲဝင်လာသည်နှင့် အရင်ဆုံး ဆိုဖာဆက်တီပေါ်တွင် အိပ်မက်ကို အခန့်သားတွေ့ လိုက်ရသည်။ သူမကိုတွေ့သည်နှင့် မြိုသိပ်ခဲ့ရသော ဒေါသများက ရင်ထဲတွင် ဆူပွက်လာသည်။ အံကိုတင်း တင်းကြိတ်ရင်း လက်သီးကို ကျစ်ကျစ်ပါ ဆုပ်မိသွားသည်။

"တောက်။"

အိပ်မက်ဘေးနားက တောက်ခေါက်သံ ကျယ်ကျယ်ကြောင့် အိပ်မက် ကိုင်ထားသော သတင်းစာလေးပင် လွတ်ကျသွားသည်။ ကို ဘာတွေကိုများ မကျေနပ်ပြန်ပြီလဲ မသိပါဘူး။ အိပ်မက် ချစ်နဲ့တဲ့ ကိုက ဒီလိုဒေါသကြီး ကြမ်းတမ်းသူမှ မဟုတ်တာ။ ဘယ်တတ်နိုင်မလဲလေ။ အိပ်မက်ကုသိုလ်ကံပဲပေါ့။

"ဟိတ်ကောင် ဖယ်စမ်း။"

ကိုက ခွေးလေးကို ခြေတောက်နှင့် တွန်းကာ ဖယ်လိုက်သည်။ ကို့ကို တွေ့သည်နှင့် ခွေးလေး မိုင်လိုက အတင်းကို ခုန်တက်ကာ နှုတ်ဆက်လေသည်။ ဒီကောင်လေးက ကို လာပြီဆို ဒီလိုပဲ နှုတ်ဆက်ကာ ညာစားနေကြဖြစ်သည်။ ကို မချိမချင်းလည်း အတင်းကို ဖက်တက်နေတတ်သည်။ အခုလည်း အတင်းဖက်တက်နေသဖြင့် အိပ်မက် ကောက်ချီရန် ထလာလိုက်သည်။

"ဟိတ်ကောင် သွားစမ်း။ ဒီလောက်တောင် ပြောမရတာ ... ကဲကွာ။"

ဘာတွေအလိုမကျ၍ စိတ်ရှုပ်နေမှန်းမသိသော ကိုကတော့ ခွေးလေးကို ဒေါသတကြီးကို ပိတ်ကန်လိုက်သည်။

"ဂိန်...ဂိန်..။"

မိုင်လိုလေးက ကို့ကန်လိုက်သဖြင့် နာသွားကာ အိပ်မက်ဘေးနားကို ပြေးကပ်လေသည်။ ကိုကတော့ တစ်ချက်ပင် လှည့်မကြည့်ဘဲ အပေါ်ထပ်သို့ တက်သွားလေသည်။ အိပ်မက်ကသာ ကောက်ချီကာ မိုင်လိုကို ပွတ်သပ်ပေးရင်း ချော့လိုက်သည်။ မိုင်လိုက ခွေးသာပြောတယ် သူ့စကားကို အရမ်းကို နားလည်သည်။ အရမ်းလည်း လိမ္မာသာ..။

"သားလေး ....နာသွားလား။ ကျွတ်..ကျွတ်။ ကိုက စိတ်ဆိုးနေလို့ပါ သားရယ်။ နောက်ဆို ကို့အနားကို မသွားနဲ့နော်။ နောက် သားဆော့ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



မမဆီ လာနော်၊ မမနဲ့ ဆော့မယ်။"

အိပ်မက်စကားကို နားလည်သလို အိပ်မက် လက်လေးကို လှုပ်လေးနှင့် လာလှုပ်ပေးလေသည်။

"ကဲ..သားလေး၊ ခဏလေး ဒီပေါ်မှာ နေခဲ့နော်။ ပြီးရင် မမနဲ့ခြံထဲ သွားဆော့မယ်။ အခု မမ ကို့အတွက် အအေးဖျော်ပေး လိုက်ဦးမယ်။ သား ဒီမှာနေခဲ့နော်။"

မိုင်လိုလေးက တကယ်ကို အိပ်မက်စကားကို နားလည်စွာ ဆိုဖာပေါ်တွင် ခွေခွေလေးနေခဲ့လေသည်။ အိပ်မက်လည်း မီးဖိုချောင်သို့ ဝင်လာခဲ့သည်။ အိပ်မက်ကိုတွေ့သည်နှင့် အေးအေးက..

"မမလေး ဘာလိုချင်လို့လဲ။"

"မလိုချင်ပါဘူး အေးအေးရယ်၊ ကို့အတွက် သံပုရာရည်ဖျော်ပေးမလို့။"

အိပ်မက် လက်ဆေးရင်းနဲ့ ပြောလိုက်သည်။ အေးအေးကလည်း ထမင်းအိုးတည်နေရာမှ. .

"ညီမဖျော်ပေးမယ်လေ။"

"ရတယ် ... ငါပဲဖျော်လိုက်မယ်။ ဒါပေမဲ့ နင်သွားပို့ပေးနော်။"

အိပ်မက် သံပုရာသီးလေး ညှစ်နေရင်း အေးအေး



"မမလေး သွားပို့လိုက်ပါလား။ ဒါမှ ကိုလေးနဲ့ မမလေးတို့ပြန်ပြီး အဆင်ပြေသွားမှာ...။"

အေးအေးက မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး သေချာစဉ်းစားကာ ပြောရှာလေသည်။ သူလည်း အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို စိတ်ဆင်းရဲနေရှာသည်။

"မဖြစ်ပါဘူး အေးအေးရယ်။ ကိုက ငါ့ကိုမြင်တာနဲ့တင် ကြည့်မရဖြစ်နေတာ။ ငါဖျော်တိုက်တာဆို သောက်ကို သောက်မှာ မဟုတ်ဘူး။"

"အင်းနော်...ကိုလေးက ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ အရင်ကတော့ မမလေးကို ချစ်လိုက်တာမှ တုန်လို့။ အခုတော့လူနှစ်ယောက် ဖြစ်သွားလားတောင် ထင်ရတယ်။"

"သူလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့။ ကဲ ကဲ... ငါ့ကိုသွားပို့ပေးနော်။"

"ဟုတ်မမလေး။"

အိပ်မက်လက်ထဲမှ အအေးခွက်လေးကို ယူကာ အေးအေး ထွက်သွားလေသည်။ အေးအေးထွက်သွားမှ အိပ်မက်လည်း ခွေးလေးကိုချီကာ ခြံထဲဆင်းခဲ့လေသည်။ တကယ်တော့ ဒီခွေးလေးကို ကိုက အိပ်မက်နှင့် ကို ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့နေ့မှာ အမှတ်တရ ဝယ်ပေးခဲ့တာ ဖြစ်သည်။ အခု တော့ ကိုက ခွေးလေးကိုပါ အပြစ်ရှာ မုန်းခဲ့လေပြီ။



## အခန်း(၆)

"ဒေါက်..ဒေါက်။"

တံခါးခေါက်သံကြားသဖြင့် ရေချိုးပြီးခါစ အကျီ အမြန်လဲကာ မိုးဒေဝါ တံခါးထဖွင့်ပေးလိုက်သည်။

"ဘာလဲ။"

မိုးဒေဝါ အအေးခွက်လေးကိုင်ကာ ရပ်နေသော အေးအေးကို မေးလိုက်သည်။

"အအေးလာပို့တာပါကိုလေး။"

"နင့်ကို ဘယ်သူလာပို့ခိုင်းလို့လဲ။"

"ဟို....ဟို။"

"ပေးပေး ... သွားတော့။"

အေးအေးလက်ထဲမှ အအေးခွက်လေးကို မိုးဒေဝါ လှမ်းယူကာ ပြောလိုက်သည်။ အေးအေးကလည်း အခုမှ လွတ်မြောက်သွားသလို ဝမ်းသာအားရ ထွက်သွားသည်။

အအေးကို တစ်ကျိုက်သောက်လိုက်သည်နှင့် အိပ်

www.burmeseclassic.com

www.burmeseclassic.com



မက်လက်ရာမှန်း တန်းသိသည်။ အိပ်မက်က သံပုရာရည်ဖျော်လျှင် ဆားလေးအနည်းငယ်ထည့်ကာ ဖျော်သဖြင့် အချိုလေးကာ အရသာပိုရှိလှသည်။ မိုးဒေဝါ ရေချိုးပြီးကာစ စိတ်ကြည်လင်နေသဖြင့် အအေးခွက်လေးကိုင်ကာ မှန်ပြတင်းပေါက်နားသို့ လျှောက်လာခဲ့သည်။

အိမ်ပေါ်ထပ်ကနေ၍ ခြံထဲကို တစ်ခါမှ မကြည့်ဘူးပေ။ မိုးဒေဝါ အခန်းပြတင်းပေါက်မှ ခြံထဲကို လှမ်းကြည့်လိုက်သည်။ ခြံထဲ ပန်းမျိုးစုံရှိသဖြင့် ရောင်စုံပွင့်ဖူးနေသော ပန်းများကို လှပစွာတွေ့မြင်ရသည်။ ညနေခင်းနေရောင်ခြည်နုနုလေးများနှင့် ပန်းရောင်စုံများကြောင့် ခြံ၏တစ်ခုလုံးက လှပဝင်းထိန်နေသည်။ သစ်ခွမျိုးစုံနှင့် နှင်းဆီမျိုးစုံတို့ကလည်း အပြိုင်ပွင့်ဖူးနေကြသဖြင့် ဆေးရောင်စုံ ပန်းချီကားတစ်ချပ်လို လှပလွန်းလှသည်။

မိုးဒေဝါကြည့်နေတုန်း အိမ်ထဲမှ အိပ်မက်နှင့် မိုင်လို ပြေးထွက်လာတာကို တွေ့လိုက်ရသည်။ အိပ်မက်က ရှေ့ကပြေးကာ မိုင်လိုက နောက်မှအသည်းအသန် ပြေးလိုက်လာသည်။ အိပ်မက်နှင့် မိုင်လိုတို့ ဆော့နေကြတာထင်သည်။ အိပ်မက်က ဒန်းကို ပတ်ပြေးနေသဖြင့် မိုင်လိုကလည်း အားတက်သရော လိုက်လေသည်။ မိုင်လို မိကာနီးသော အခါ အိပ်မက်က ခြံထဲတွင်ချထားသော စားပွဲဝိုင်းများကို



ပတ်ပြေးလေသည်။

"ဝုတ်..ဝုတ်။"

မိုင်လိုက စားပွဲဝိုင်းဘက်အခြမ်း မပါဘူးဟု အိပ်မက်ကို လှမ်းပြောလိုက်တာဖြစ်မည်။

"ဟား..ဟား..မိုင်လိုလေး မိလည်းမမိပါဘူး..ဘာ စားပွဲဝိုင်းမပါဘူးလဲ။ တစ်ခြံလုံးပါတယ်။ မိအောင် လိုက်ပါဟ့။ ကရော်..ကရော်။"

မိုးဒေဝါ ကြည့်နေရင်းနှင့် နှုတ်ခမ်းများအလိုလို အပေါ်ကို ပင့်တက်လာကာ ပြုံးမိလေသည်။ မိုးဒေဝါပြုံးချင်စရာကောင်းလောက်အောင် အိပ်မက်အပြုအမူလေးများက ကလေးဆန်စွာနှင့် ချစ်စရာကောင်းနေသည်။ မိုင်လိုလေးကို ကလေးတစ်ယောက်လို စနောက်နေသော အိပ်မက်အပြုအမူလေးကလည်း ရယ်ချင်စရာကောင်းလွန်းလှသည်။ မိုင်လိုကလည်း ခုံတွေ ဘာတွေနှင့် ပြေးဆောင့်မိသည်အထိ အားကြိုးမာန်တက် လိုက်နေပုံကလည်း ရယ်ရသည်။

အိပ်မက်ကို မိသွားချိန်တွင်တော့ အိပ်မက်စကပ်အားကို မလွှတ်တမ်းကိုက်ထားသည်။ အိပ်မက်က အတင်းရုန်းသော်လည်း လွှတ်မပေးဘဲ အိပ်မက်ကိုပင် တစ်ပတ်ပတ်ပြေးလိုက်သေးသည်။ အိပ်မက်က ကောက်ချီလိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်လေသည်။

မိုးဒေဝါကြည့်ရင်းနှင့် စိတ်ထဲ ချမ်းမြေ့လာသည်။

"ကဲ ... လာပါ မိုင်လိုရယ် သားလဲမောပြီ တော်တော့နော်။ လာ...ဒန်းအတူစီးမယ်။"

မိုင်လိုလေးက အိပ်မက်ကိုတော့အရမ်းချစ်သည်။ အိပ်မက် ပြောလိုက်လျှင် တစ်ခွန်းဆိုရသည်။ မိုင်လိုက အမြီးလေး နန့်ကာပင် အိပ်မက်ပေါင်ပေါ် ခုန်တက်လိုက်သေးသည်။ အိပ်မက်၏ ဂါဝန်ဖြူဖြူလေးပေါ်တွင် ခုန်တက်ပြီး ဒိမ်ကျကျ ခွေနေလိုက်သေးသည်။ အိပ်မက်ကလည်း မိုင်လိုလေးကို ပွတ်ပေးရင်း စကားတွေ တတွတ်တွတ် ပြောနေလေသည်။

တကယ်တော့ ဒီကောင်မလေးကို စတွေ့ကတည်းက တစ်မျိုးလေး စိတ်လှုပ်ရှားမိမှန်း ကိုယ့်ကိုကိုယ်လည်း သတိထားမိသည်။ ဒီကောင်မလေးကလည်း လူတွေကို ညှို့ယူဖမ်းစားနိုင်စွမ်း ပြင်းလွန်းလှပါသည်။ သူမနားကို ချဉ်းကပ်ကာစတုန်းကပေါ့။ ရန်သူမှန်း သိသားနဲ့ကို နှလုံးသားက တစ်ချက်တစ်ချက်တွင် ဆောင့်ဆောင့် ခုန်ခဲ့ရသည်။ ဒါပေမဲ့ အဲဒီအချိန်တွေက ကျွန်တော်ဘဝရဲ့ အပျော်ဆုံးအချိန်တွေဆိုလည်း မမှားခဲ့ပါဘူး။

မိုးဒေဝါ မျက်ဝန်းများက အိပ်မက်ကို စတွေ့ကား



ရပ်ဝန်းများဆီသို့ ရောက်ရှိသွားလေသည်။ မှန်ပြတင်းပေါက်မှ အပြင်ကို ငေးကြည့်နေသော်လည်း မျက်စိထဲတွင်တော့ ဘာမှကိုမမြင်တော့ပေ။ အတွေးထဲမှာသာ ရစ်ဝဲရင်း....

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

မိုးဒေဝါ ကံဆိုးတယ်လို့ပဲ ပြောရမလား။ မိုးဒေဝါ လက်စားချေဖို့ တစ်ဦးတည်းသော မျိုးဆက်ဆို၍ အိပ်မက်မေဆိုသော ကောင်မလေးတစ်ယောက်သာ ကျန်တော့သည်။ မိုးဒေဝါအတွက် အကြွေးအားလုံးကို ဦးရဲခေါင်၏ တစ်ဦးတည်းသောသမီးဖြစ်သူ အိပ်မက်မေက ပေးဆပ်ရမည်။ ဒါမှလည်း တရားမျှတမှုရှိမည်။

မိုးဒေဝါက ဦးရဲခေါင်အကြောင်း စုံစမ်းကြည့်သောအခါ လွန်ခဲ့သောငါးနှစ်ကတည်းက နိုင်ငံခြားတွင် ကား accident ဖြစ်ပြီး လင်မယားနှစ်ယောက်လုံး ဆုံးသွားကြောင်း သိလိုက်ရသည်။ သို့သော် ဦးရဲခေါင်တွင် တစ်ဦးတည်းသောသမီးလေး အိပ်မက်မေ ကျန်ရှိနေခြင်းသည် မိုးဒေဝါအတွက် ကံကောင်းစေခြင်း ဖြစ်သည်။

မိုးဒေဝါ အိပ်မက် အိမ်ရှေ့သို့ ရောက်လာခဲ့သည်။ အိပ်မက်အိမ်ရှေ့ မကျတကျတွင် လက်ဖက်ရည်ဆိုင်လေး



ရှိသဖြင့် မိုးဒေဝါ ထိုင်စောင့်ကြည့်နေလိုက်သည်။

"ညီလေးရေ လက်ဖက်ရည် ကျဆိမ့်တစ်ခွက်။"

"ကျဆိမ့် ဝမ်း။"

စားပွဲထိုးကောင်လေးက လှမ်းအော်ပြောလိုက်သည်။ မိုးဒေဝါလည်း သူ့ကိုအာရုံမထားနိုင်ဘဲ ရှေ့က အိပ်မက်မေတို့ အိမ်ကိုသာ ဂရုစိုက်ကြည့်နေလိုက်သည်။ လှလိုက်တဲ့ခြံကြီး..။ စိတ်ထဲမှတွေးရင်း အလိုလို ဒေါသထွက်လာသည်။ ကျယ်ဝန်းလှသော ခြံထဲတွင် နှစ်ထပ်ခွဲအိမ်ကြီးကလည်း ခန့်ညားလွန်းလှပါသည်။

" အစ်ကို..လက်ဖက်ရည်ရပြီ။"

"..ဟင်...အော်..အေးအေး။"

စားပွဲထိုးလေးက ကျွန်တော့်အပြုအမူကို ကြည့်ပြီး ပြုံးလိုက်သဖြင့် နည်းနည်းတော့ ရှက်သွားသည်။ ကောင်လေးအပြုံးကလည်း ကျွန်တော်သိပါတယ်ဗျာလို့ ပြောနေသလိုပင်။

"အစ်ကို ရှေ့အိမ်က အစ်မကို လာကြည့်တာ မှတ်လား။"

ထိုကောင်လေးအပြောကြောင့် ကျွန်တော့် မျက်နှာတစ်ခုလုံး ရေနွေးပူနှင့် အပက်ခံလိုက်ရသလို ပူနွေးစပ်ဖျဉ်းသွားသည်။ တစ်သက်နဲ့တစ်ကိုယ် မိန်းကလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဒါမျိုးတစ်ခါမှ ထိုင်မကြည့်ဘူးချေ။ အခု တော့..။

"မဟုတ်ပါဘူးကွာ။"

"မရှက်ပါနဲ့ အစ်ကိုကလည်း ... ဒါမျိုးက ကျွန်တော်တို့အတွက်က သန်းမှ မဆန်းတာ။ ဒီ အစ်မကြောင့်လည်း ကျွန်တော်တို့ဆိုင် ရောင်း အားတက်နေတာ ကျေးဇူးတောင်တင်ရဦးမယ်"

ကောင်လေးစကားကြောင့် မိုးဒေဝါ မျက်စိလည် သွားသည်။

"ဘယ်လိုဘယ်လို မင်းပြောတာ ငါသိပ်မရှင်းဘူး"

ကောင်လေးကလည်း ဒုံးဝေးရန်ကော ဆိုပြီး မျက်ခုံးလေးပင့် ပင့်လိုက်သေးသည်။

"ဒီလိုလေ အစ်ကိုရယ် ... ကျွန်တော်တို့ ဆိုင်မှာ လာထိုင်တဲ့လူရဲ့ ၄၀ ရာခိုင်နှုန်းက အဲဒီအစ်မလေး ကို လာပိုးကြတဲ့လူချည်းပဲ"

ထိုစားပွဲထိုးလေးစကားကြောင့် မိုးဒေဝါ ရယ်ချ လိုက်သည်။

"ဟား..ဟား။ မင်းကသာ ပြောနေတာ၊ ငါဆို အဲ့ ကောင်မလေးကိုတောင် တစ်ခါမှ မမြင်ဖူးဘူး။"

"ဟုတ်လို့လားအစ်ကိုရာ ... လျှောက်ပြောပြန်ပြီ"



ထိုကောင်လေးက မိုးဒေဝါစကားကို လက်မခံနိုင် ဖြစ်နေသည်။ မျက်လုံးလေးကို ထောင့်ကပ်၍ပင် ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားနေသေးသည်။

"ငါကမင်းကို ဘာကိစ္စလိမ်ရမှာလဲ။ တစ်ကယ် ပြောတာပေါ့။ ဒါပေမဲ့ မင်းပြောတာနဲ့တင် သူ့ကို စိတ်ဝင်စားသွားပြီ။ ပြောပြပါဦး သူ့အကြောင်း မင်းသိသလောက်ပေါ့။"

နောက်ဆုံးတော့လည်း ဒီဘူတာဆိုက်တာပဲ ဆိုသော မျက်နှာပေးနှင့် ...

"အဲ့အစ်မက အင်္ဂလိပ်စာ တတိယနှစ် ကျောင်းသူ လေ။ နာမည်က အိပ်မက်မေတဲ့။ အရမ်းချောပြီး ချစ်စရာကောင်းတယ်။ သဘောလည်း အရမ်း ကောင်းတယ်။ အဲ့အစ်မမှာ မိဘတွေမရှိတော့ဘူး။ အစ်မ ရှစ်တန်းနှစ်လောက်ကတည်းက ဆုံးသွား တာ။ အစ်မမှာ ဦးလေးတစ်ယောက်တော့ ရှိ တယ်။ သူကလည်း ဒီမှာနေလိုက် နိုင်ငံခြားမှာ နေလိုက်နဲ့။ ဟိုးအရင်တုန်းကတော့ အန်တီကြီး တစ်ယောက်လည်း အစ်မနဲ့ အတူနေတယ်။ အခုတော့ စစ်ကိုင်းမှာ တရားသွားထိုင်ပြီဆို လား ပဲ။"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တယ်သိနေပါလား။"

မိုးဒေဝါ စကားကြောင့် ကောင်လေးက အပ်ကျတာကအစသိသော ဆရာကြီးအိုက်တင် ချက်ချင်း ပြောင်းသွားသည်။ တော်သေးသည်။ ကော်လာတောင် ကောက်မထောင်တာ။

"သိတာပေါ့ အစ်ကိုရဲ့ ... အဲ့ခြံက မာလီရော၊ ခြံစောင့်ကောက ကျွန်တော်နဲ့အရမ်းခင်တာ။"

"အော်..။"

"အစ်ကို..ဘယ်နှစ်နာရီထိုးပြီလဲ။"

မိုးဒေဝါ လက်မှ နာရီကိုငုံ့ကြည့်လိုက်သည်။

"ကိုးနာရီ။"

ထိုကောင်လေးပြောပြီးသည်နှင့် မာစီးဒီး အနက်ရောင် ကားလေးက ခြံဝန်းထဲမှ ထွက်လာလေသည်။ တစ်ဆိုင်လုံးရှိ အကြီး၊ အငယ်မကျန် ယောကျ်ားအားလုံး၏ မျက်ဝန်းများက ထိုကားပေါ်သို့ စုပုံရောက်ရှိသွားသည်။ မိုးဒေဝါလည်း မျက်တောင်မခတ်တမ်း သေသေချာချာ ကြည့်လိုက်သည်။

ကားလေးက လက်ဖက်ရည်ဆိုင်ဘက်မှ ကပ်ကာ ဖြေးညှင်းစွာ မောင်းထွက်သွားသဖြင့် သေချာကြည့်ခွင့်ရလိုက်သည်။ ကားနောက်ခန်းထဲမှာတော့ ဘဲဥပုံ



မျက်နှာလေးပေါ်တွင် မျက်ခုံးထူထူ၊ မျက်ဝန်းဝိုင်းဝိုင်းနှင့် အင်မတန်ချစ်စရာကောင်းသော ကောင်မလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ဝေးမယ်ဆိုလည်း ဝေးကြည့်နေချင်စရာကောင်းလောက်အောင် ကောင်မလေးက ချစ်စရာကောင်းလှပါသည်။

ပါးဖောင်းဖောင်းလေးနှင့် နှုတ်ခမ်းချွန်ချွန်လေးများကြောင့် ကောင်မလေးက Tweety အရုပ်လေးလို ချစ်စရာကောင်းလှသည်။ ကောင်မလေးက မျက်နှာကို ဘာမှပြင်ဆင်မထားဘဲ နှုတ်ခမ်းနီ ပန်းနုရောင်လေးသာ ဆိုးထားသော်လည်း လှပပြည့်စုံနေသည်။ ကောင်မလေး၏အလှက ချစ်စရာကောင်းသောကလေးလေးတစ်ယောက်ကို တွေ့ရသလို ကောက်ချိမ္ဘေ့ရမ်း ပစ်ချင်စရာကောင်းသည်။

ကောင်မလေး၏ ကားမျက်စိရှေ့မှ ပျောက်ကွယ်သွားသည့် အချိန်ရောက်မှပင် လက်ဖက်ရည်ဆိုင်ထဲမှာလည်း စကားသံများကို ပြန်လည်ကြားရပါတော့သည်။ ကောင်မလေးက စ,စချင်းမှပင် လူတွေကို အရမ်းကို ဆွဲဆောင်နိုင်ကြောင်း သိလိုက်ရသည်။

မိုးဒေဝါ စားပွဲထိုးလေးဘက်လှည့်ကာ စကား ဖြန့်စလိုက်သည်။ ထိုဆိုင်တွင်လည်း စားပွဲထိုးကလေးများ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများ ရှိနေခြင်းကြောင့်သာ မိုးဒေဝါ စိတ်ကြိုက် စပ်စုခွင့်ရလေသည်။

"မင်းပြောတဲ့ ကောင်မလေးက ဒီလောက်ချောတာ ရည်းစား တွေဘာတွေ ရှိချင်ရှိမှာပေါ့ကွ။"

ကောင်လေးက ပျာပျာသလဲပင် ခေါင်းတစ်ခါခါ လက်တကာကာနှင့် ငြင်းရှာလေသည်။

"မရှိဘူး ။"

"သေချာလို့လား။"

မိုးဒေဝါထပ်မံ အစ်လိုက်သည်။

"သေချာတယ်။"

"မင်းက ဘယ်လိုလုပ်သိလဲ။ သူဘာသာကျောင်းမှ ထားချင် ထားမှာပေါ့။"

"မရှိဘူးအစ်ကိုရဲ့။ ဘာလို့လဲဆိုတော့ ဒီဆိုင်မှာ လာထိုင်တဲ့ တချို့အစ်ကိုတွေက အဲဒီအစ်မတို့ ကျောင်းကပဲလေ။ အဲဒီအစ်ကိုတွေ ပြောတာဆို အစ်မက ယောကျ်ားလေး သူငယ်ချင်းတောင် မထားဘူးတဲ့။"

"အေးပါ ဟုတ်ပါပြီ။ အစ်ကိုလည်း ပြန်တော့မယ်။ ရော့...လက်ဖက်ရည်ဖိုး။"

မိုးဒေဝါ တစ်ထောင်တန်နှစ်ရွက်နှင့် ငါးရာတန် တစ်ရွက်ထုတ်ကာ စားပွဲထိုးလေးအားပေးလိုက်သည်။

"ဟာ...အစ်ကို ပိုက်ဆံတွေ ပိုနေတယ်။ နှစ်ထောင့် ငါးရာကြီးတောင် ဖြစ်နေတယ်။"

"အေးဟုတ်တယ် ... ပိုတာမင်းယူလိုက် သတင်း ပေးခပေါ့ကွာ။"

"ကျေးဇူးပါ အစ်ကို။ အစ်ကိုနောက်သိချင် လည်း လာခဲ့နော်၊ ကျွန်တော်သိတာအကုန်ပြောပြမယ်"

"အေးပါကွာ..။သွားပြီ။"

စားပွဲထိုးလေးမျက်နှာက ပြုံးပျော်သွားသည်။ မိုးဒေဝါလည်း သိချင်တာများကို သိခွင့်ရလိုက်ပြီမို့ ကျေနပ် သွားသည်။ မနက်ဖြန်တော့ အိပ်မက်ကျောင်းကို လိုက်ကာ စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

အိပ်မက် ကားထွက်လာသည်နှင့် မိုးဒေဝါ မလှမ်းမကမ်းမှ ခပ်ခွာခွာလိုက်လာခဲ့သည်။ အိပ်မက် ကားလေးက UFL ကျောင်းဝန်းထဲသို့ ချိုးကွေ့သွားသည်။ မိုးဒေဝါလည်း ကားလေးကို UFL ကျောင်းထဲသို့ လိုက်ပါကွေ့ဝင်လိုက်သည်။

ကျောင်းရောက်သည်နှင့် အိပ်မက်က ကလေးလေးတစ်ယောက်လို သူ့သူငယ်ချင်းများထံသို့ ခုန်ပေါက်ကာ ပြေးသွားလေသည်။ အိပ်မက်ကို အဲ့လောက် ကလေးဆန်မည် မထင်ထားသဖြင့် ရယ်ချင်သွားသည်။ အိပ်မက်ကိုသာ ပြောတာပါ။ အိပ်မက်သူငယ်ချင်းများကလည်း အိပ်မက်ကို တွေ့သည်နှင့် လက်ခုပ်တီးသူတီး၊ ထခုန်သူက ခုန်နှင့် သူ့တို့ကိုယ်သူတို့ ဆယ်နှစ်သမီးလေးတွေများ အောက်မေ့နေကြလားမသိ။ မိုးဒေဝါ ခေါင်းခါရင်း ပြုံးမိသွားသည်။



ဘာပဲပြောပြော ကိုယ့်အသက်ထက် အများကြီးငယ်သော ကလေးများဖြစ်သောကြောင့် သူတို့နှင့် လိုက်ရောညီထွေဖြစ်ရန် အများကြီး ကြိုးစားရဦးမည် ဖြစ်သည်။ စာသင်ချိန်စောနေ၍ ထင်သည်။ အိပ်မက်တို့ သူငယ်ချင်းတစ်သိုက် ကင်န်တင်းဘက်သို့ ထွက်သွားသဖြင့် မယောင်မလည် အနောက်မှ လိုက်လာခဲ့သည်။

ကင်န်တင်းရောက်သည်နှင့် စာကလေးနှင့် သာလိကာ ပေါင်းထားလားအောက်မေ့ရအောင် သူတို့၏ စကားများက ကင်န်တင်းတစ်ခုလုံးနီးပါး ဖုံးလွှမ်းသွားသည်။

"ထမင်းကြော် ကြက်သားနှင့်။"

"မြိတ်ကတ်ကြေးကိုက်...ပဲပြုတ်များများ။"

"ငါးထမင်းနယ်။"

"အသုပ်စုံ။"

သူ့ထက်ငါ လုယက်မှာနေကြသဖြင့် တစ်ချိန်တည်းတွင် အသံမျိုးစုံကြားကာ စားပွဲထိုးကောင်လေး နားရှုပ်သွားသည်။ စားပွဲထိုးကောင်လေးက ခေါင်းလေးကုတ်ကာ တစ်ခုချင်း ပြန်စဉ်းစားနေသည်။ စားပွဲထိုးကောင်လေး မပြောနဲ့။ ကျွန်တော်ပင် တော်တော်လေး စိတ်ရှုပ်သွားသည်။

"ဟဲ့ ... သွားမှာလေ၊ ဘာရပ်လုပ်နေတာလဲ။"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တို့ဝိုင်းမှာ အစားပုပ်မည့်ပုံပေါ်သော ဖက်တီးပုပ်မလေးက စားပွဲထိုးကောင်လေးအား မြန်မြန်မမှာရ ကောင်းလားဆိုပြီး ဟောက်လိုက်သည်။

"ဟို ... ကျွန်တော် မမှတ်မိလို့။"

"နင်ကလည်း တုံးကို တုံးတယ်။ သေချာနား ထောင်....။"

"မြိတ်ကတ်ကြေးကိုက် ... ပဲပြုတ်များများ။"

"ငါးထမင်းနယ်။"

"အသုပ်စုံ။"

"ထမင်းကြော် ... ကြက်သားနဲ့။"

စောစောကအတိုင်း အသံများက တစ်ထပ်တည်းကျကာ ဘာမှကို သဲသဲကွဲကွဲမကြားရပြန်ပေ။ ဘယ်လိုဟာမလေးတွေမှန်းကိုမသိ။ တကယ့် တီကောင် ဆားပက်ထားတဲ့ ထွန့်ထွန့်လူးလေးတွေ။ မိုးဒေဝါတစ်ယောက်တည်း တွေးပစ်လိုက်သည်။ ကောင်လေးက ထပ်မံ၍ ခေါင်းကုတ်ပြန်သည်။ ဒီတစ်ခါတော့ မမှတ်မိဘူး မပြောရဲ၍ ထင်သည်။ အိပ်မက်တို့ ဝိုင်းနားတွင် ပေရပ်နေသည်။

"ကဲ...ကဲ။ နင်မသိပြန်ဘူးမှတ်လား။ ငါ တစ်ခုချင်း ပြောပြမယ် ... သေချာမှတ်ထား။"

"နင်တို့ကလည်းလေ ... တစ်ခါလည်း မဟုတ်



တော့ဘူး။ အဲ့လိုဝိုင်းပြောရင် သူဘယ်တုန်းကများ မှတ်မိလို့လဲ၊ အေးအေးဆေးဆေး တစ်ယောက်ချင်း မှာပါဆို ပြောလို့ကို မရဘူး။"

အိပ်မက်က ကောင်လေးကို ပြောရင်း သူ့ သူငယ်ချင်းတွေကိုပါ တစ်ခါတည်း လှမ်းပြောလိုက်သည်။

"အောင်မာ ... ဘယ်သူအရင်ဆုံး ထမင်းကြော်ကြက်သားနဲ့လို့ မှာတာလဲ။"

အိပ်မက် သူငယ်ချင်းများထဲမှ ဗစ်တိုးရီးယားဆံပင်ပုံစံလေးနှင့် ကောင်မလေးက အိပ်မက်ကို ပြန်နှိပ်ကွပ်လိုက်သည်။ ဟုတ်တော့လည်း ဟုတ်တာပဲ။ အရင်ဆုံး အာပြဲနှင့် လှမ်းမှာလိုက်တာက အိပ်မက်ဖြစ်သည်။

"အော်..ငါက နင်တို့မမှာသေးဘူးထင်လို့ဟာ။ နင်တို့ကလည်း ငါမှာနေရင်ခဏစောင့်ပြီးမှ မှာပါလား။"

"နင်အရင်မှာမယ်ဆိုလည်း ကြိုပြောပါလား ငါတို့က သိမှမသိတာ။"

ဖက်တီးမလေးက အိပ်မက်ကို လှမ်းပြောလိုက်သည်။ သူတို့မှာ ဒီကိစ္စလေးကိုပင် ကမ္ဘာ့အရေးလို့ သတ်မှတ်တာ မပြီးနိုင် မစီးနိုင် ပြောနေကြသဖြင့် အနားမှာ ရပ်နေသော စားပွဲထိုးလေးမှာ မျက်စိသူငယ် နားသူငယ်နှင့် ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရရှာသည်။ ဒီလိုဟာမလေးတွေနှင့် ပတ်သက်ရမှာ ဖြစ်သဖြင့် မိုးဒေဝါ နည်းနည်းတော့ စိတ်လေသွားသည်။ တော်တော်စကားများပြီး အရစ်ရှည်မယ့်ကောင်မလေးတွေ..

"တော်ပြီ ငါမှာပေးမယ်။ အိပ်မက်က ထမင်းကြော်ကြက်သားနဲ့။ ဖူးဖူးက မြီတ်ကတ်ကြေးကိုက်။"

ဆံပင်ဂုတ်ဝဲလေးနှင့် ချစ်စရာမျက်နှာလေးနှင့် ဖူးဖူးဆိုသော ကောင်မလေးက..

"ပဲပြုတ်များများ..။"

"များများထည့်ပေးလိုက်နော်..မလောက်ရင် ဖူးဖူးဆီက တောင်းသွား၊ သူ့မှာက ပဲများတယ်။"

"မိဖက်တီးမ၊ မာလာမ၊ ဂုတ်ဆာမ။"

"ဟား..ဟား...ငယ်နာမည်တွေက အခုမှပဲ ပေါ်တော့တယ်။"

အိပ်မက်သူငယ်ချင်း ကောင်မလေး နောက်တစ်ယောက်က ဝင်နောက်နေပြန်သည်။ ဖက်တီး ခေါ် မာလာဆိုသော ကောင်မလေးကတော့ ပါးစပ်လေးပွစိစိနှင့် ဘာတွေရေရွတ်နေမှန်းမသိ၊ ဖူးဖူးကို ကြည့်ကာ ရေရွတ်နေလေသည်။ ဖူးဖူးကလည်း မာလာ၏ပါးဖောင်းဖောင်းကို ဆွဲလိမ်ကာ စ,နောက်နေသေးသည်။ သူတို့ကို ကြည့်ရတာ တမင်တစ်ဦးကို တစ်ဦးမခံချင်အောင် စ,နောက် နေသော



ကလေးငယ်လေးများနှင့် အရမ်းတူသည်။

"တော်တော့ ... မာလာက ငါးထမင်းနယ်နော်။ ဟုတ်လား။"

အိပ်မက်လှမ်းမေးတော့ စူပုပ်ပုပ်မျက်နှာလေးနှင့် ထတုတ်တုတ် မာလာဆိုသော ကောင်မလေးက ခေါင်းညိမ့်ပြသည်။

"ပြီးတော့ ကြည်ပြာက အသုပ်စုံ။ ဒါပဲ။ မြန်မြန်သွားတော့။"

အိပ်မက်က မှာပြီးသည်နှင့် စားပွဲထိုးလေးကို မြန်မြန် မှာခိုင်းနေလေသည်။ ကြည်ပြာဆိုသော ကောင်မလေးက နာမည်ကသာ ကြည်ပြာပြောတယ်၊ အသားအရေက ညိုပြာလေးမို့ ညိုပြာဆို ပိုလိုက်မည်လို့တွေးကာ တစ်ယောက်တည်း အိပ်မက်သူငယ်ချင်းများ၏ နာမည်များကို မှတ်ထားလိုက်သည်။

"အစ်ကို ဘာမှာမလဲ။"

"ပလိန်း တစ်ခွက်ကွာ..။"

ကောင်လေးက ပလိမ်းခွက်လေး လာချပေးသွားသည်။ မိုးဒေဝါလည်း ကိုယ့်ရှေ့တွင် မြင်နေရသော ကောင်လေးဝိုင်းကိုသာ အကဲခတ်နေလိုက်သည်။

"အိပ်မက်...ရှေ့မှာ တစ်ယောက်တည်း ထိုင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခပ်မိုက်မိုက် အစ်ကိုကြီးက နင့်ကို သေချာရှိုး
နေတယ်၊ သိလား။"

မာလာက အိပ်မက်ကို တံတောင်နှင့်တွတ်ကာ သတင်းပေးလိုက်သဖြင့် အားလုံး၏မျက်လုံးများက ရှေ့တွင် ထိုင်နေသော မိုးဒေဝါဆီသို့ စုပုံရောက်ရှိသွားသည်။ ဖူးဖူးနှင့် ကြည်ပြာဆို နောက်ခိုင်းထားသဖြင့် သေချာကို လှည့်ကြည့်ကြသည်။

အားလုံးက လှည့်ကြည့်ကြသဖြင့် မိုးဒေဝါ တစ်ယောက် သူခိုးလူမိသွားသလို ရှက်အမ်းအမ်းကြီး ဖြစ်ကာ မျက်နှာတစ်ခုလုံး နီရဲတွတ်သွားသည်။

"ဟဲ့ ... နင်တို့ကလည်း အဲ့လိုပေါ်တင်ကြီး လှည့်မကြည့်ကြနဲ့လေ ... ဟိုအစ်ကိုကြီး ရှက်သွားမှာပေါ့။"

"အောင်မာ ... အရင်တုန်းကလည်း အဲ့လိုပဲ နင့်ကိုလာပိုးတဲ့လူတွဆို လှည့်ကြည့်နေကြပဲဟာ။ အခုမှ ဘာဖြစ်ရတာလဲ .... နင်က။"

"မဟုတ်ဘူးလေဟာ ... သူက ငါတို့နဲ့ ရွယ်တူမဟုတ်တာ။ ကြီးသူကို ရိုသေတဲ့။ နင် မကြားဖူးဘူးလား။"

"သွားပြီ ... အိပ်မက်တို့တော့ ဟိုက အကြည့်ပဲ



လွတ်ရသေးတယ်၊ ပြာကျချင်နေပြီ။ တော်ကီလေးပါ, ပါရင်တော့ အရည်ပျော်လောက်တယ်။"

"မဟုတ်ပါဘူး ကြည်ပြာကလည်း ... အိပ်မက်က တော်ကြာဆရာမတွေရဲ့ သားတွေ ဘာတွေ ဖြစ်နေမှာ စိုးလို့ပါ။"

အိပ်မက် ရှက်ရှက်နှင့် ပါးစပ်ထဲရှိတဲ့ ဆင်ခြေတွေ လျှောက်ပေးလိုက်သည်။ သူတို့ ယုံလား မယုံလားတော့ သိ။ တကယ်တော့ အိပ်မက် သူ့ကို အိပ်မက် ကားနောက်က လိုက်လာမှန်း လမ်းကတည်းက သိနေတာဖြစ်သည်။ ထိုအစ်ကိုကြီး၏ အကြည့်နွေးနွေးများကလည်း အိပ်မက်ကို သာရောက်ဖြားယောင်းနေကြသေးသည်။

အိပ်မက် သူ့ကို ကာကွယ်လိုက်သဖြင့် အိပ်မက် သူငယ်ချင်းများက ဘာမှထပ်မပြောတော့ပေ။ အိပ်မက် သူ့ကိုလှမ်းကြည့်တော့လည်း အပြုံးချိုချိုနှင့် လှမ်းကြည့်ကာ ခေါင်းငြိမ့်ပြလေသည်။ အိပ်မက်လည်း အသိအမှတ် ပြုသည့်သဘော သူငယ်ချင်းများ မသိအောင် ခိုး၍ မသိမသာ ေး ခေါင်းငြိမ့်ပြလိုက်သည်။

ဒါကိုပင် မိဖြစ်အောင် မိသွားသော ဖူးဖူးကည်း...

"ဟဲ့ နင်ဘယ်သူ့ကို ခေါင်းငြိမ့်ပြလိုက်တာလဲ။"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ မပြဘူး။ မြန်မြန်စား...အတန်းချိန် နီးပြီ။"

"အိပ်မက် နင့်မျက်နှာက ဘာလို့နီသွားတာလဲ။"

"ကြည်ပြာမ ဘာတွေလာပြောနေတာလဲ။ စားမှာ သာ မြန်မြန်စားစမ်းပါ။"

"မလွယ်ဘူးဟေ့ ... အပွဲပွဲနွှဲခဲ့သမျှ တို့မင်းသမီး လည်း ဒီပွဲတော့ကွဲပြီထင်တယ်။"

"တော်ပြီဟာ ... နင်တို့တွေ ဗိုင်းနောက်နေရင် ငါ အရင်သွားတော့မယ်။"

"မနောက်တော့ဘူး ... မနောက်တော့ဘူး၊ အတူ သွားမယ်။"

အိပ်မက် ရှက်နေသဖြင့် သူငယ်ချင်းများ အလိုက်တသိ ဆက်မစ,ဘဲ ထထွက်လာခဲ့သည်။ အိပ်မက် မျက်ဝန်းထောင့်ကလည်း အိပ်မက်ကိုကြည့်၍ ပြုံးနေသော သူ့ကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

မိုးဒေဝါတစ်ယောက် အိပ်မက်ကိုကြည့်ပြီး ပြုံး သွားသည်။ အိပ်မက် ရှက်နေသည့် မျက်နှာနီလေး လည်း သဘောတကျငေးကြည့်နေမိသည်။ ကောင်မလေး မြင်ကွင်းထဲမှ ပျောက်သွားမှသာ မိုးဒေဝါတစ်ယောက် ကားလေးမောင်းကာ ပြန်လာခဲ့သည်။ ဒီအတိုင်းဆို အခု



အနေကမဆိုးပါ။ နောက်နေ့တွေတွင်လည်း အိပ်မက် နောက်သို့ လိုက်ရန် မိုးဒေဝါ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



## အခန်း(၉)

အိပ်မက်ကျောင်းကို ရောက်ချိန်မှာတော့ အိပ်မက် သူငယ်ချင်းများက မရောက်သေး။ အိပ်မက်တစ်ယောက်တည်း ယောင်လည်လည်နှင့် ဘာလုပ်ရမှန်းမသိတာနှင့် ကင်န်တင်းတွင်သာ ထိုင်စောင့်ရန် ဆုံးဖြတ်လိုက်သည်။ ကျောင်းရောက်သည်နှင့် အစားသောင်းကျန်းသော သူငယ်ချင်းများက စာသင်ခန်းထဲ အရင်မဝင်ဘဲ အမြဲကင်န်တင်းထိုင်၊ စားသောက်ပြီးမှ ဝင်တတ်ကြတာ အိပ်မက်တို့ သူငယ်ချင်းတွေရဲ့ စတိုင်ဖြစ်သည်။ ဒါကြောင့် အိပ်မက်လည်း ကင်န်တင်းမှာပဲ သူငယ်ချင်းတွေကို စောင့်နေလိုက်သည်။

"ကော်ဖီတစ်ခွက်"

အနားတွင်ရပ်နေသော စားပွဲထိုးလေးကို အိပ်မက် လှမ်းမှာလိုက်သည်။

စားပွဲထိုးလေး လာချပေးသော ကော်ဖီလေးကို သောက်ရင်း သူငယ်ချင်းများကို မျှော်နေမိသည်။ အိပ်မက်



မျက်ဝန်းများက ဟိုငေးဒီငေး ငေးနေရင်း အိပ်မက်နှင့် မျက်နှာချင်းဆိုင် ဝိုင်းမှ မနေ့ကတွေ့ခဲ့သော အစ်ကိုကြီးကို တွေ့လိုက်ရသည်။ ဘာကြောင့်မှန်းမသိ အိပ်မက်ရင်ထဲ ပူနွေးသွားသလို ခံစားလိုက်ရသည်။

ထိုအစ်ကိုကြီးကလည်း အိပ်မက်ကို ရွှန်းရွှန်းစားစားကြီးကြည့်ကာ ပြုံးပြလာလေသည်။ အိပ်မက်ရုတ်ရုတ်နှင့် ပြန်ပြုံးပြမိလား၊ မပြမိလားပင် သေချာမသိတော့ပါ။

"ကိုယ် ဒီမှာခဏနောက်ထိုင်လို့ရမလား။"

အိပ်မက်ခေါင်းငုံ့ထားမိရာမှ စကားသံကြောင့် မော့ကြည့်လိုက်သည်။ စောစောကတွေ့သော အစ်ကိုကြီးက အိပ်မက်ကို ပြုံးပြ၍ ခွင့်တောင်းလေသည်။ သူ့အပြုံးအောက်တွင် အိပ်မက်ငြင်းဆန်နိုင်စွမ်းများ ကုန်ဆုံးသွားလေသည်။ အိပ်မက် ခေါင်းညိတ်ပြတော့ ဝမ်းသာအားရဖြင့် အိပ်မက်ဘေးနားတွင် ဝင်ထိုင်လေသည်။

"ကျေးဇူးတင်ပါတယ် အိပ်မက်။ ကိုယ့်နာမည်က ဒေါက်တာမိုးဒေဝါပါ။"

သူက အိပ်မက်နာမည်ကို သိနေသဖြင့် အိပ်မက် အံ့ဩသွားမိသည်။

"ဘာလဲ အိပ်မက်နာမည်ကို သိနေလို့ အံ့ဩသွားတာလား။"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် မျက်ဝန်းတောက်တောက်လေးများကို မြင်ရုံဖြင့် မိုးဒေဝါ သိလိုက်သည်။ အိပ်မက်က အံ့သြရင်ပဲဖြစ်ဖြစ်၊ တစ်ခုခုကို သဘောကျရင်ပဲ ဖြစ်ဖြစ် မျက်ဝန်းလေးများက ဝိုင်းစက်ကာ အနည်းငယ်ပြူးကျယ်သွားတတ်သည်။ ထို သူမအပြုအမူလေးကကို ကလေးဆန်စွာ ချစ်ဖို့ ကောင်းနေသည်။

"အဟီး..ဟုတ်တယ်။ အိပ်မက်နာမည်ကို ဘယ်လိုသိလဲ။ အစ်ကိုက ဒီကျောင်းကလည်း မဟုတ်ဘဲနဲ့။"

"သိချင်တဲ့ လူတစ်ယောက်အဖို့ စုံစမ်းရတာ မခက်ပါဘူး။ ဟုတ်တယ်မလား အိပ်မက်။"

အိပ်မက် ဘာပြန်ပြောရမှန်းကို မသိပေ။ အိပ်မက်သူ့ကို ကြည့်လိုက်တော့ အိပ်မက်ကို သေချာစိုက်ကြည့်နေသော ကိုမိုးဒေဝါ မျက်ဝန်းများကြောင့် အိပ်မက်ပြောဖို့ ရည်ရွယ်လိုက်သော စကားများက အစရှာမရအောင် ပျောက်ပျက်သွားသည်။

"ကိုယ် အိပ်မက်နဲ့ မိတ်ဆွေတွေ ဖြစ်ချင်တယ်။ ကိုယ့်ကို ခင်မင်ခွင့်ပေးပါနော်။"

"အိပ်မက်မှ ကိုမိုးဒေဝါအကြောင်း ဘာမှမသိတာ။ ဘယ်လိုခင်ရမှာလဲ။"



"အိပ်မက် ဘာသိချင်လဲ။ ကိုယ်အားလုံးပြော ပြမယ်။"

ကိုမိုးဒေဝါက ဘာသိချင်လဲမေးသော်လည်း အိပ်မက်ကိုယ်တိုင်က ဘာသိချင်နေမှန်းကို မသိပေ။

"အိပ်မက် မသိဘူး။"

"ဟောဗျာ...။ အိုကေ ကိုယ်ပြောပြမယ်။ ကိုက မိဘတွေမရှိတော့ဘူး။ တစ်ကောင်ကြွက်။ အလုပ်အကိုင်က ဆရာဝန်။ စိတ်ဝင်စားတာက စီးပွားရေး။ ကိုယ် စီးပွားရေးလုပ်ငန်းတွေပဲ လုပ်ဖြစ်လိမ့်မယ် ထင်တယ်။ စာဖတ်တာ ဝါသနာပါတယ်။ ဒေါသကြီးတယ်။ ကိုယ်ဖြစ်ချင်တာ တစ်ခုခုကို မဖြစ်ဖြစ်အောင်လုပ်တတ်တယ်။ သူငယ်ချင်းတွေနဲ့ တိုက်ခန်းတစ်ခုငှားပြီး စီးပွားရေးလုပ်ဖို့ တိုင်ပင်နေကြတယ်။

"ကဲ..ဘာသိချင်သေးလဲ။ အော်..မေ့လို့ ကိုယ်က ရည်းစားတောင် တစ်ခါမှမထားဖူးသေးတဲ့ လူပါ။"

"ရပါပြီ။ ဒီလောက်ဆို။"

"ဒါဆို ကိုယ့်ကိုခင်မှာလား."

"သူငယ်ချင်းတွေနဲ့ တိုင်ပင်လိုက်ဦးမယ်။"

အိပ်မက်အပြောကြောင့် မိုးဒေဝါမျက်နှာကြီး ရှုံ့မဲ့

www.burmeseclassic.com



သွားသည်။

"အိပ်မက်ကလည်းကွာ...။"

"မဟုတ်ဘူး ကိုမိုးဒေဝါရဲ့...အိပ်မက်တို့ သူငယ်ချင်းတွေက ဘာလုပ်ချင်ချင် အားလုံးကို ဖွင့်ပြောပြီးမှ လုပ်ခွင့်ရှိတယ်။ ဒါအိပ်မက်တို့ ငယ်ငယ်ကတည်းက ချမှတ်ထားတဲ့ စည်းမျဉ်းလေ။ အိပ်မက်တို့က ငယ်ငယ်လေးကတည်းက တစ်ခန်းတည်း အတူတက်လာကြတဲ့ ငယ်သူငယ်ချင်းတွေလေ။ ဒါကြောင့် အိပ်မက်က ဘာလုပ်လုပ် သူတို့ကို တိုင်ပင်ပြီးမှ လုပ်တယ်။ အိပ်မက်လည်း ကိုမိုးဒေဝါလို တစ်ကောင်ကြွက်ပဲလေ။ အိပ်မက်မိဘတွေက အိပ်မက်ငယ်ငယ်လေးကတည်းက ဆုံးသွားတော့ သူငယ်ချင်းတွေက အိပ်မက်အတွက်တော့ ညီအစ်မတွေလို ဖြစ်နေတာ။ ဒါကြောင့်ပါ၊ အိပ်မက် တမင်မှုနေတာ မဟုတ်ပါဘူး။"

အိပ်မက်က သေချာရှင်းပြလာသဖြင့် အိပ်မက်ကိုတောင် ပြန်အားနာလာသည်။ အိပ်မက်က အနီးကပ်ပေါင်းကြည့်တော့ ဘာအရောင်မှ မပါသော အဖြူထည်လေးမှန်းသိလိုက်ရသည်။



"ကိုယ်က အိပ်မက်နဲ့ ခင်ချင်လို့ပါ။ ရပါတယ်၊ အိပ်မက်သူငယ်ချင်းတွေကိုလည်း ပြောကြည့်ပေါ့။"

မိုးဒေဝါ စကားကြောင့် အိပ်မက် မျက်နှာလေးဝင်းလဲ့သွားသည်။ သူငယ်ချင်းများကလည်း ကိုမိုးဒေဝါကို သဘောမကျစရာ မရှိဘူးလို့တော့ အိပ်မက်ထင်သည်။

"ဟိတ်..ဒါဘာလုပ်နေကြတာလဲ။"

အနောက်နားမှ မာလာ၏ အသံကြောင့် အိပ်မက်လှည့်ကြည့်လိုက်သည်။ သူငယ်ချင်းတစ်သိုက်က အခုမှစုံညီစွာ ရောက်ရှိလာကြလေသည်။

"နောက်ကျလိုက်တာ။"

"ငါတို့က နှင့်ကိုစာသင်ခန်းမှာ သွားရှာနေကြတာ။"

"မသိဘူးလေ၊ အရင်ကတော့ နှင်တို့ပဲ ကင်န်တင်း တန်းလာကြပြီးတော့။"

"ငါတို့က နှင်မှ မပါတာ၊ ဘယ်လာမလဲ။"

"ဟုတ်ပါပြီ။ နှင်တို့ကို ငါမိတ်ဆက်ပေးစရာ ရှိတယ်။ သူ့နာမည်က ကိုမိုးဒေဝါတဲ့၊ ငါတို့နဲ့ ခင်ချင်လို့တဲ့။"

"ကိုမိုးဒေဝါ ... ဒါကအိပ်မက်အချစ်ဆုံး သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေလေ သူက..”

“ကျွန်တော်သိပါတယ်..ဆံပင်ဂုတ်ဝဲလေးနဲ့က ဖူးဖူး၊ ဝဝလေးက မာလာ၊ ကျန်တစ်ယောက်က ကြည်ပြာ။ ဟုတ်တယ်မှတ်လား။”

မိုးဒေဝါက တစ်ယောက်ချင်းဆီ၏ နာမည်များကို သေချာရွတ်ပြလိုက်သည်။

“မဆိုးဘူးဘဲ၊ ကိုမိုးဒေဝါက တော်တယ်။ ဒီလို အရည်အချင်းမျိုးနဲ့ဆိုရင်တော့ ဘော်ဒါတွေ ဖြစ်လို့ ရပါတယ်။”

“တကယ်လား ဖူးဖူး၊ ကျွန်တော် ဝမ်းသာလိုက်တာ။”

မိုးဒေဝါတကယ်ကို ဝမ်းသာသွားသည်။ အိပ်မက်တို့လို ပျော်ရွှင်စရာကောင်းသော ကလေးများနှင့် တကယ့်ကို ခင်မင်ခွင့် ရချင်မိပါသည်။

“ဒါပေမဲ့ ကာယကံရှင် သဘောတူမှဖြစ်မှာနော်”

“ဟုတ်တယ်။ အိပ်မက်သဘောတူမှ ကျွန်မတို့ အားလုံးက သဘောတူမှာ..။”

သူငယ်ချင်းတွေက အိပ်မက်သဘောကို သိသားနှင့် တမင်ဝိုင်းကြပ်ကြလေသည်။

“ဘယ်လိုလဲ အိပ်မက်၊ ကိုယ့်ကို ခင်မင်ခွင့်ပေး



မှာလား။”

“အိပ်မက် ကိုမိုးဒေဝါကို ခင်ပါတယ်။”

“ဟေး..ဟေး။”

မာလာနှင့် သူငယ်ချင်းတစ်သိုက်က ပျော်ရွှင်စွာနှင့် ထအော်ကြလေသည်။ အိပ်မက်ကိုယ်တိုင်လည်း မိတ်ဆွေ အသစ်ရသဖြင့် ပျော်ရွှင်လာမိသည်။

“ဒါဆို ဒီနေ့ကစပြီး ကျွန်တော်တို့ မိတ်ဆွေတွေ ဖြစ်သွားကြပြီနော်။”

အိပ်မက် ခေါင်းငြိမ့်ပြလိုက်သည်။

“မိတ်ဆွေဖြစ်အထိမ်းအမှတ်နဲ့ ကိုမိုးဒေဝါက ကြည်ပြာတို့ စားသမျှကို ရှင်းပါလိမ့်မယ်။”

“ရှင်းရမှာပေါ့ဗျာ။ ကြိုက်သလောက်စားကြ။”

ဒီလိုနှင့် မိုးဒေဝါနှင့် အိပ်မက်တို့သူငယ်ချင်းတစ်စု ခင်မင်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ကိုမိုးဒေဝါက အိပ်မက်တို့ကျောင်းသို့ တစ်ပတ်နှစ်ကြိမ်လာသည်။ ညဆိုလည်း အိမ်မက်ထံ အမြဲ ဖုန်းဆက်သည်။ တစ်ခါတလေ ကိုမိုးဒေဝါလာသော ရက်များတွင် အိပ်မက်တို့ သူငယ်ချင်းတစ်စု ကစားကွင်းမျိုးစုံကို သွားတတ်ကြသည်။

ကိုမိုးဒေဝါနှင့် အိပ်မက်၏ ခင်မင်မှုက ပိုမိုနက်ရှိုင်းလာခဲ့သည်။ မိုးဒေဝါ၏ အကြည့်ရူးရူးများကိုလည်း အိပ်မက် ဘာသာပြန်တတ်လာခဲ့သည်။ ဒီနေ့လည်း ကိုမိုးဒေဝါလာမည်ဆိုသဖြင့် အလှဆုံးပြင်ဆင်ထားမိသည်။

အသားရောင် အင်္ကျီလက်ရှည်ပေါ်တွင် အနက်ရောင် ဇော့စ်စကုတ်လေးနှင့် စတိုင်ပင်န်အနက်လေးကို တွဲဝတ်ထားသဖြင့် အိပ်မက်၏ ရှည်လျားသော အရပ်လေးနှင့် လိုက်ဖက်စွာ ကျော့ရှင်းလှပနေလေသည်။ အသားရောင်နုနု နှုတ်ခမ်းနီလေးနှင့် မျက်ဝန်းနက်နက်လေးများကြောင့်လည်း မြင်ရသူအပေါင်းက လည်ပြန်မငေးဘဲ မနေနိုင်လောက်အောင်ကို ဆွဲဆောင်ထားနိုင်လွန်းသည်။



မိုးဒေဝါ အဝေးကမြင်ရုံနှင့် ရင်တွေ တဒိုင်းဒိုင်းခုန်ကာ ပင့်သက်ရှိုက်မိသည်။ ဒီနေ့ အိပ်မက်ကို ဖွင့်ပြောဖို့ ရည်ရွယ်ထားသောကြောင့်လည်း စိတ်တွေလှုပ်ရှားနေမိသည်။ တကယ်ဆို ဒီလောက် ကျွန်တော် စိတ်လှုပ်ရှားနေဖို့ မကောင်းပါ။ ဘာပဲဖြစ်ဖြစ် သွေးအေးအေးရင်ဆိုင်တတ်သော ကျွန်တော်က အခုတော့ အရင်လို မဟုတ်တော့ပေ။

အိပ်မက်ဆီ လျှောက်လာသော ခြေလှမ်းတွေပင် မမှန်ချင်။ ဒီနေ့ အိပ်မက်ကို ခေါ်ပြီး အေးချမ်းသော တစ်နေရာမှာ ချစ်ခွင့်ပန်မည်လို့ ဆုံးဖြတ်ထားသည်။ အိပ်မက်ကို မြင်သည်နှင့် ရင်ထဲအလိုလို ငြိမ်းချမ်းလာမိသည်။ ပြုံးမြမြလေး ကြည့်နေသော အိပ်မက်အပြုံးများကလည်း ကျွန်တော့်ရင်ကို အေးမြစေသည်။

"အိပ်မက် အတန်းတစ်ချိန် ဖျက်လိုက်နော်။

အိပ်မက်ကို ကိုယ်ပြောစရာရှိတယ်။"

အိပ်မက်ကို မနေ့ကတည်းက ကိုမိုးဒေဝါ ဖုန်းဆက်ပြီး ခွင့်တောင်းထားပြီး ဖြစ်သဖြင့် အိပ်မက် လက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးဒေဝါကားလေး ကန်ဘောင်တွင် ရပ်လိုက်သည်နှင့် ကိုမိုးဒေဝါ ဘာပြောတော့မည်ကို အိပ်မက် ခန့်မှန်းကြည့်၍ရသည်။ ထိုသို့သိလိုက်သည်နှင့် အိပ်မက် ရင်တွေခုန်ကာ လက်ဖျားခြေဖျားများပင် အေးစက်လာသည်။ အိပ်မက်ရင်ခုန်သံတွေကို အနားမှာရှိသော ကိုမိုးဒေဝါ ကြားသွားမှာပင် အိပ်မက်စိုးထိတ်လာသည်။

အိပ်မက်တို့နှစ်ယောက် ကန်ဘောင်အလည်တည့်တည့်တွင်ရှိသော ခုံတန်းလေးတွင် ဝင်ထိုင်လိုက်ကြသည်။ စိမ်းလဲ့သော ကန်ရေပြင်ကြီးက မြင်ရသူအပေါင်းကို စိတ်ချမ်းသာစေသည်။ ဒါ့အပြင် လေနုအေးလေးများကလည်း အိပ်မက်တို့ကြားတွင် ဆော့လွှားပြေးကစားနေသည်။

"အိပ်မက် ... အိပ်မက်ကို ကိုယ် ပြောစရာ တစ်ခုရှိတယ်။"

"ဟုတ်ပြောပါ။"

"ကိုယ် အိပ်မက်ကို ကိုယ့်တစ်သက်မှာ တစ်ခါမှ မပြောဖူးတဲ့ စကားတစ်ခွန်း ပြောပြချင်တယ်။ ကိုယ် အိပ်မက်ကို မြတ်မြတ်နိုးနိုး ချစ်နေမိပြီ။ ကိုယ့်အချစ်ကို အိပ်မက်လက်ခံစေချင်တယ်။"

ကိုမိုးဒေဝါ ဒီစကားမျိုးပြောမယ်ဆိုတာ ရိပ်မိနေပေမဲ့လည်း တကယ်တမ်းကြားရတော့ ရင်ထဲလှိုက်ခုန်အောင် တစ်မျိုးလေးခံစားရသည်။ ဒီလိုစကားတွေကို ခဏခဏကြားဖူးနေပေမဲ့လည်း ကိုမိုးဒေဝါဆီက ကြားလိုက်ရတော့ မျက်နှာမထားတတ်အောင် ရှက်ရွံ့နေမိသည်။

မိုးဒေဝါကိုယ်တိုင်လည်း အသံတွေတုန်ပြီး လူကမောဟိုက်လာသလို ခံစားလာရသည်။ အိပ်မက်ကို ကြည့်တော့လည်း မျက်နှာရဲရဲလေးနှင့် ခေါင်းငုံ့ထားသဖြင့် သူမ၏ မျက်ဝန်းများကို ဖတ်ပြီး အဖြေရှာလို့ မဖြစ်နိုင်ပေ။

"အိပ်မက် စိတ်ဆိုးသွားတာလား။"

အိပ်မက်က ခေါင်းလေးမော့မလာဘဲ အသာအယာ ခေါင်းရမ်းပြသည်။ ဘာကြောင့်များ အိပ်မက်ခေါင်းတစ်ချက်အညိမ့်နဲ့ ခေါင်းအရမ်းကို ပြစ်ဒဏ်ကျခံရတော့ည့် တရားသူကြီးရှေ့က တရားခံတစ်ယောက်လို တုန်လှုပ် ကြောက်ရွံ့နေမိပါလိမ့်။

"ဒါဆို ကိုယ့်ကို စကားပြန်ပြောပါဦး။"

အိပ်မက်ခေါင်းလေး အသာမော့လာသည်။ ကိုမိုးဒေဝါကို ကြည့်လိုက်တော့လည်း စိုးရိမ်နေသည့် မျက်ဝန်းများနှင့်အတူ နှုတ်ခမ်းတစ်ဝိုက်တွင် ချွေးများစို့ လာသည်ကို အိပ်မက်တွေ့လိုက်သည်။

"အိပ်မက် စဉ်းစားချင်သေးတယ်။"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာအောင်လဲ အိပ်မက်ရယ်။"

"အခုစာမေးပွဲလည်း ဖြေရတော့မှာဆိုတော့ စာမေးပွဲပြီးလို့ ကျောင်းပိတ်ရင်ပေးမယ်။"

"စာမေးပွဲနောက်ဆုံးနေ့တော့ လုပ်ပါ အိပ်မက်ရယ်။"

"ကိုမိုးဒေဝါကလည်း ဈေးအရမ်း ဆစ်တာပဲ။"

အိပ်မက်မျက်စောင်းလေး ထိုးရင်း ပြောလိုက်သည်။

မိုးဒေဝါက အိပ်မက် မျက်စောင်းလေးများကို သဘောကျစွာ ခံယူရင်း..

"ဈေးဆစ်တာမဟုတ်ပါဘူးကွာ။ ရင်မောလွန်းလို့ ကြာရင် heart attack ရသွားမှာစိုးလို့ပါ။"

"ပိုပြီ။"

"မပိုပါဘူး၊ လိုတောင်လိုသေးတယ်။ မယုံရင် ရင်ထဲဝင်ကြည့်။"

ဘာပဲပြောပြော သူ့စကားတွေကြားမှာ အိပ်မက်တကယ်ကို ရင်ခုန်နေခဲ့ပါသည်။ အိပ်မက်ရဲ့ မကြာခင် မင်းသားလေးဖြစ်လာတော့မည် ဆိုတာကိုလည်း အိပ်မက်ကြိုသိနေသည်။

ဒီနေ့တစ်နေ့လုံးကတော့ အိမ်မက် သူ့စကားတွေ



ထဲမှာ မိန်းမောရင်း အရာအားလုံးကို မေ့လျော့ သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

အိပ်မက် စာမေးပွဲဖြေပြီးလို့ ထွက်လာသည်နှင့် အသင့်စောင့်နေသော ကိုမိုးဒေဝါကို တွေ့ရလေသည်။ ဖြူဖွေးသော အသားအရေပေါ်တွင် အညိုရောင် ရှပ်အင်္ကျီ နှင့် အသားရောင် စတိုင်ပင်န်ကြောင့် ကိုမိုးဒေဝါအသွင် ယောက်ျားပီသစွာ သပ်ရပ်ခန့်ညားနေသည်။ လေးထောင့် ကျသောမေးရိုးနှင့် လေးကိုင်းသဏ္ဍာန် တိပသော နှုတ်ခမ်း များကြောင့်လည်း မိန်းကလေးတော်တော်များများ၏ စိတ် ဝင်စားမှုကို ခံရသောသူလည်း ဖြစ်သည်။ ညိုလဲ့သော မျက်ဝန်းတောက်တောက်များအောက်တွင် အရည်ပျော် သော မိန်းကလေးများလည်း ဘယ်နှစ်ယောက်တော ရှိမလဲလို့ အိပ်မက် တွေးကြည့်မိသည်။

မိုးဒေဝါကတော့ အိပ်မက်ကိုတွေ့သည်နှင့် ပျော်သွားသည်။ လှပသော အိပ်မက်လေးကလည်း ဒီနေ့ ပိုပြီးချစ်စရာကောင်းနေသည်လို့တောင် ထင်မိသည်။



မိုးဒေဝါကို မြင်သည်နှင့် ပါးချိုင့်လေးနှစ်ဖက် ခွက်ဝင်အောင် ပြုံးပြသော အိပ်မက်၏ အပြုံးလေးများက လည်း စွဲမက်ဖွယ်အတိပင်။

"ဖြေနိုင်လား အိပ်မက်။"

"ဖြေနိုင်တာပေါ့၊ အိပ်မက်ပဲဟာ။"

အိပ်မက်က ကော်လာလေးကို ထောင်၍ ချစ်စရာ ဟန်ပါပါလေး ပြောလိုက်သည်။ မိုးဒေဝါပြုံးရင်း ..

"ဟုတ်ပါပြီ၊ ဒါဆိုကားပေါ်ထက်၊ တစ်နေရာမှာ စကားသွားပြောကြမယ်။"

အိမ်မက် ကားတံခါးလေးကို ဖွင့်ထိုင်လိုက်သည်။ ကားပေါ်ရောက်သည်နှင့် မိုးဒေဝါ မောင်းထွက်လာခဲ့ သည်။ မိုးဒေဝါကားလေးကို ကန်တော်ကြီးသို့ ဦးတည် မောင်းနှင်လာခဲ့သည်။ ကန်တော်ကြီးထဲ ရောက်သည်နှင့် အရိပ်ကောင်း၍ အေးမြသော သစ်ပင်ကြီးတစ်ပင်အောက် တွင် ရပ်လိုက်သည်။

"ကဲ ... အဖြေပေးတော့။"

"ဘာကိုလဲ။"

အိပ်မက် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ရူးချင်ယောင် ဆောင်နေလိုက်သည်။

"အသည်းယားလာအောင် မလုပ်နဲ့နော်။"

www.burmeseclassic.com

www.burmeseclassic.com



မိုးဒေဝါ အံလေးကြိတ်ကာ ပြောလိုက်သည်။

"ပြော ... ချစ်တယ်မှတ်လား။"

"ချစ်ဘူး။"

မိုးဒေဝါ မခံချင်အောင် အိပ်မက် တမင်ပြောလိုက်သည်။

"မရဘူး ... ချစ်ရမယ်။"

"နှုတ်ပါလား။"

"နှုတ်ပဲ။ ချစ်တယ်လို့ ပြောကွာ။ အိပ်မက်ဆီက အသံကို ကြားချင်လှပြီ။"

အိပ်မက်လည်း ကြာကြာဟန်မဆောင်နိုင်ဘဲ ခေါင်းညိမ့်ပြလိုက်သည်။

"ဟင့်အင်း။ အိပ်မက်နှုတ်ခမ်းလေးက ပြောတဲ့ အသံကို ကြားချင်တာ။"

မိုးဒေဝါက အိပ်မက်ကို ရွှန်းလဲ့သောမျက်ဝန်းများဖြင့် စိုက်ကြည့်ကာ ပြောလိုက်သည်။ အိပ်မက် ရှက်ပြုံးလေး ပြုံးရင်း ...

"အိမ်မက်လည်း ကိုမိုးဒေဝါကို ချစ်ပါတယ်။"

"ဟေး။"

မိုးဒေဝါ ဝမ်းသာအားရ ထခုန်လိုက်သည်။ ကိုယ့်ကိုယ်ကိုပင် ဟန်ဆောင်နေသည်ကို မေ့လျော့သွားသည်



အထိ ရင်ထဲအသည်းထဲအထိ လိုက်ခုန်ပျော်ရွှင်သွားသည်။

"ဝမ်းသာလိုက်တာ အိပ်မက်ရယ်။ နောက်တစ်ကြိမ် ထပ်ပြောပါဦး။"

"ကိုမိုးဒေဝါကလည်း ပိုပြီ။"

"မပိုပါဘူး။ အကြိမ်ကြိမ်ကြားရလည်း ဒီအသံလေးကို တစ်သက်လုံးနားထောင်လို့ကို ဝ,မှာမဟုတ်ဘူး။ လုပ်ပါ ... ထပ်ပြောပါဦး။"

"ကိုမိုးဒေဝါကို ချစ်တယ်။"

ရင်ခုန်စိတ်လှုပ်ရှားမှုကြောင့် အိပ်မက်အသံများ အဖျားခတ် တုန်ခါသွားသည်။

"ဘာ ကိုမိုးဒေဝါလည်း 'ကို'လို့ခေါ်နော်။ ခေါ်ကြည့်ပါဦး။ အိပ်မက်နှုတ်ဖျားလေးက 'ကို' ဆိုတဲ့ အသံလေးကြားရရင် သေပျော်ပါပြီကွာ။"

"ကိုကလည်း နိမိတ်မရှိတာ မပြောပါနဲ့။ အိပ်မက်ဘဝမှာ အိပ်မက်ကိုထားခဲ့ကြတဲ့လူတွေ များလွန်းတော့ အိပ်မက်ကြောက်တယ် ကို။ ကိုက အိပ်မက်ဘဝမှာ တစ်ယောက်ဘည်းသော အားကိုးတိုင်ပင်ဖော်ပဲ၊ ကို နောက်ဆို ဒီလိုစကားမျိုး ဘယ်တော့မှ မပြောပါနဲ့နော်။"

"ဆောရီး အိပ်မက်ရယ်၊ ကိုက ဘာရယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ပြောမိလိုက်တာပါ။ အိုကေ ... အိပ်မက် မကြိုက်ရင် ကို နောက်ကို ဒါမျိုးတွေ ဘယ်တော့မှ မပြောတော့ ဘူး။ မငိုနဲ့တော့နော်။"

"ကိုက အိမ်မက်အတွက် တစ်ခုတည်းသော နှောင်ကြိုးလေ။"

"စိတ်ချပါ၊ ဒီနှောင်ကြိုးတွေနဲ့ အိပ်မက်ကို တစ်သက်လုံး ချည်နှောင်ရစ်ပတ်ထားမှာပါ။"

"ဝမ်းသာလိုက်တာ ကိုရယ်။"

အိပ်မက် ကိုပခုံးလေးပေါ်တွင် အသာမှီလိုက်သည်။ ကိုက အိပ်မက်ကို ကြင်နာစွာ ပိုက်ထွေးထားရင်းဘဝ၏ အမောတွေကို ပြေစေသည်။ ကို ရှိနေခြင်းကြောင့်လည်း အိပ်မက်ဘဝလေး အဓိပ္ပာယ်ရှိလာသည်။



## အခန်း(၁၂)

အိပ်မက်နှင့် ကို၏ ချစ်သူသက်တမ်းတစ်လျှောက်သည် ပျော်ရွှင်စရာ ကောင်းလွန်းလှပါသည်။ ဘယ်နေရာကိုမဆို အတူသွား အတူလာနှင့် မခွဲအတူ ရှိခဲ့ကြသည်။ စနေ၊ တနင်္ဂနွေလိုနေ့မျိုးဆို ကိုက အိပ်မက်အိမ်ကို လာသည်။ အိပ်မက်က ကို့အတွက် စားစရာတစ်ခုခုလုပ်ကျွေးသည်။ အဆောင်နေသော ကို့အတွက်က အိမ်ဟင်း အိမ်ထမင်းစားရဖို့က ခက်ခဲသည်။ ဒါကြောင့် အိပ်မက်က စနေ၊ တနင်္ဂနွေလို နေ့မျိုးဆို ကောင်မလေးတွေကိုပင် မချက်စိုင်းပဲ ကိုယ်တိုင်ဝင်ရောက် ချက်ပြုတ်သည်။ ကိုကလည်း အိပ်မက်နှင့်အတူ ဝိုင်းကူ ချက်ပြုတ်ပေးသည်။

အိပ်မက်တို့အတွက် စနေ၊ တနင်္ဂနွေနေ့လေးသည် စိတ်ချမ်းမြေ့စရာကောင်းသော နေ့လေးများဖြစ်သည်။ ထိုနေ့တွင် ညနေဆို ကိုနှင့်အိပ်မက်တို့က လမ်းလျှောက်လျှောက်ပြီး လေညှင်းခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက် ... ရှေ့နားက ခုံလေးမှာ ခဏထိုင်ရအောင်။"

"ထိုင်လေ ကို။"

အိပ်မက်နှင့် ကို့က ညနေခင်း အတူ လမ်းထွက်လျှောက်လာရာမှ ခရေပင်အောက်ရှိ ခုံတန်းလေးတစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

ကိုက အိပ်မက်လက်လေးကို ကိုင်ထားရာမှ တစ်ချက် ဖျစ်ညှစ်ရင်း ...

"အိမ်မက်လေး ... ကျောင်းလည်းပြီးတော့မယ်ဆိုတော့ ကို့တို့ လက်ထပ်ကြရအောင်။"

"ရှင်။"

ကို့စကားကြောင့် အိပ်မက်အံ့သြသွားသည်။ မထင်မှတ်ထားတဲ့ အချိန်တွင် ပြောလိုက်သဖြင့် အိပ်မက်ကြောင်သွားသည်။ အိပ်မက်ကျောင်းပြီးဖို့က နှစ်လလောက်ပဲ လိုတော့တာ။

"အရမ်းစောလွန်းမနေဘူးလား ကိုရယ်။"

"အိပ်မက်အတွက်ကတော့ စောပါတယ်။ ဒါပေမဲ့ ကိုက အသက်ကြီးနေပြီကွ။ ဒီအချိန်ယူသင့်နေပြီ။ အိပ်မက်နဲ့လည်း အတူနေချင်ပြီ။"

"အိပ်မက် ဒီလိုလေးပဲ နေချင်သေးတယ်။"



အိပ်မက်စကားကြောင့် ကို့မျက်နှာပျက်သွားသည်။

"ဘာလဲ ... အိပ်မက်က ကို့ကို အပျော်ကြံတာလား။"

"မဟုတ်တာ ကိုရယ်။ ဒီစကားတွေက မိန်းကလေးတွေက ယောကျ်ားလေးတွေကို ပြောတဲ့စကားတွေပါ။"

"အော် ... မိန်းကလေးပဲ အသည်းနှလုံးရှိတာမှ မဟုတ်တာ။ ယောကျ်ားလေးမှာလည်း အသည်းနှလုံးရှိတာပဲ၊ ခံစားတတ်တယ်။ မရဘူး၊ ပြော... သေချာပြော ... ကို့ကို လက်ထပ်မှာလား။"

"လက်ထပ်မှာပေါ့ ကိုရယ်။ ဒါပေမဲ့ အချိန်လေးတော့ နည်းနည်းပေးပါဦး။"

"ဟာကွာ ... အိပ်မက် ကို့ကို မချစ်ပါဘူး။ တခြားမိန်းကလေးတွေဆို ကိုယ့်ချစ်သူက ကိုယ့်ကို ဒီလိုတယုတယ လက်ထပ်ခွင့်တောင်းလို့ကတော့ ပျော်လိုက်မယ့်ဖြစ်ခြင်း၊ အိပ်မက်တို့များကျတော့ တီကိုဆားနဲ့ တို့သလိုပဲ ... တွန့်လိမ်နေတာပဲ။"

ကိုက စိတ်ဆိုးပြီး မျက်နှာကြီး စူပုပ်ထားသည်။ ကို ဒီလို စိတ်ဆိုးနေတော့လည်း အိပ်မက် မနေတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကြောင့် ကို့ကို စိတ်ဆိုးဒေါသထွက်တာမျိုး မဖြစ်စေချင်ပါ။

"အဲလိုမျိုး မဟုတ်ပါဘူး ကိုရယ်။ ကို့ဆီက လက်ထပ်ခွင့်ကြားရတော့ အိပ်မက် အရမ်းကို ပျော်တာပဲ သိလား။ အခုဟာက အိပ်မက် နယ်မြေသစ်တစ်ခုထဲကို ဝင်ရမှာဆိုတော့ မဝင်ရဲသေးတာပါ"

"ဘာမဝင်ရဲစရာရှိလဲ အိပ်မက်ရယ်။ ကို့ လက်ကိုတွဲပြီး အတူသွားမဲ့လမ်းမှာ အိပ်မက် ဘာပူစရာများ လိုလို့လဲ။ စိတ်ချ ... ဘာပဲဖြစ်ဖြစ် အိပ်မက် ရှေ့ကနေ ကို မားမားမတ်မတ် ရပ်တည်မြဲရှင်းပေးမယ်။ အိပ်မက်သာ ကို့လက်ကို ရဲရဲတွဲရဲဖို့ အရေးကြီးတယ်။ "

အိပ်မက် ကို့မျက်နှာကို သေချာကြည့်ရင်း အားအင်သစ်တွေ မွေးဖွားလာသည်။ အချစ်က အားအင်တွေကို မွေးဖွားပေးနိုင်တယ်ဆိုတာ ဒါပဲဖြစ်မည်။ .

"အိပ်မက် ဦးလေးကို ခွင့်တောင်းကြည့်လိုက် ပါ့မယ်။ ဦးလေး သဘောတူရင်တော့ ကို့သဘောအတိုင်းပဲ။"

ဦးလေးနှင့် ကိုကလည်း ဟိုတစ်ခါ ဦးလေး ပြန်လာတုန်းက မိတ်ဆက်ပေးထားသဖြင့် သိပြီးသားပင် ဖြစ်



သည်။ ဦးလေးကလည်း ကို့ကို အိပ်မက်အပေါ် တကယ်ချစ်ခင်နှစ်သက်ပြီး အရည်အချင်းရှိသော လူတော်တစ်ယောက်မို့ ကိုနှင့် အိပ်မက်ကို သဘောတူခဲ့သည်။ ဒါကြောင့် အခုလက်ထပ်မှာကိုလည်း ကန့်ကွက်မှာမဟုတ်ပေ..။

www.burmeseclassic.com



## အခန်း(၁၃)

အရာအားလုံးက အခုအချိန်အထိ မနေ့တစ်နေ့က လိုပဲ အိပ်မက်ရင်ထဲ ထင်ကျန်နေဆဲပါ။ ကို ဘာကြောင့် အိပ်မက်ကို အမုန်းကြီး မုန်းသွားခဲ့မှန်း သေချာမသိပေမဲ့ လည်း အိပ်မက်ကတော့ ကို့အပေါ် တစ်စက်လေးမှ အချစ် မလျော့ခဲ့ပေ။ ဟိုးအရင်ကအတိုင်း ကို့ကို ချစ်ဆဲပဲ ဖြစ် သည်။

အိပ်မက် ယုံကြည်သည်။ အိပ်မက်၏ စစ်မှန်တဲ့ ချစ်ခြင်းတွေကြောင့် ကို တစ်နေ့ အိပ်မက်အချစ်ကို နား လည်ကာ အိပ်မက်တို့ အရင်လို ပျော်ရွှင်စရာကောင်းသော အချိန်များကို ပြန်လည် ပိုင်ဆိုင်နိုင်မည်။ ထိုအချိန်ကို အိပ်မက်စိတ်ရှည်ရှည်နှင့် စောင့်ရန်လည်း ဆုံးဖြတ်ထား သည်။

အိပ်မက်ကို ကို ဟန်ဆောင်ချစ်ခဲ့တာလို့ အခု အချိန်ထိ အိပ်မက် ယုံကြည်လို့မရပါ။ ကို့ရဲ့ မျက်ဝန်း



တွေကို အိပ်မက် ကောင်းကောင်းဖတ်တတ်ခဲ့တာပဲ။ မညာ ချင်ပါနဲ့ ကိုရယ်။

အိပ်မက် ကိုယ့်ဘာသာအားတင်းကာ ကို့ ဝေယျာ ဝစ္စတွေကို လုပ်ပေးရင်း ပျော်အောင်နေတတ်ခဲ့ပါပြီ။ အခု လည်း ကို ပြန်လာကာနီးပြီဖြစ်သဖြင့် ထမင်းဟင်းများ ကို နွေးပေးထားလိုက်သည်။

ဒီနေ့မှ ကိုက နောက်ကျနေသဖြင့် အိပ်မက် ဗိုက် ဆာလာသည်။ ဒီလိုမျိုးနောက်ကျသော ညမျိုးတွင် ကိုက ညစာအပြင်မှာ စားခဲ့တာများသည်။ ဒီအတိုင်းဆို ကို ညစာစားပွဲ ရှိတယ်ထင်သည်။ ဒီလို ကို ညစာစားပွဲ ရှိသော ရက်မျိုးတွင် အိပ်မက်တစ်ယောက်တည်း ပျင်းရိစွာ စားခဲ့ရ သည်။ အရင်ကတော့ ကို စားပြီးသည်ဆိုတာနှင့် အေးအေး ကို ပြေးမေးကာ ကို ဘာကြိုက်တတ်လဲ။ စားရော ကောင်း ရဲ့လား ... စသဖြင့် ပြေးမေးရတာ အမောပင်။

ဒီနေ့တော့ ကိုလည်း မစားတော့တာနှင့် အိပ်မက် တစ်ယောက်တည်း ထမင်းစားနေလိုက်သည်။

"အေးအေးရေ ငါဗိုက်ဆာတယ်။ ထမင်းမြန်မြန် ခူးစမ်း။"

အိပ်မက်နောက်နားမှ အသံကြားသဖြင့် အိပ်မက် ထမင်းပန်းကန်လေး ကောက်ကိုင်ကာ နောက်ဖေးဖို

www.burmeseclassic.com

www.burmeseclassic.com



ချောင်ထဲ အပြေးဝင်လာခဲ့သည်။

ကျွန်တော့်ကို မြင်သည်နှင့် ပန်းကွာန်လေးကိုင်ကာ မီးဖိုချောင်ထဲ ပြေးဝင်သွားသော အိပ်မက်ကိုတွေ့တော့ စိတ်ထဲမှာ တစ်မျိုးလေး ခံစားသွားရသည်။ အခုတလော အလုပ်အရှုပ်များသဖြင့် အိပ်မက်နှင့်တောင် သေသေချာချာ မတွေ့ဖြစ်။ အိပ်မက်ကလည်း ကျွန်တော့်ကို ရှောင်နေသည်။ ကျွန်တော်ရုံးသွားမှသာ အပြင်ထွက်သည် ထင်သည်။ မတွေ့တာပင် နှစ်ရက်၊ သုံးရက်ရှိပြီ။

သူမကို မတွေ့ရတော့လည်း လွမ်းသည်။ မြင်နေရရင်လည်း ရင်ထဲတစစ်စစ်နေအောင် နာသည်။ သူမ စိတ်နှင့် မကြာခင် ရူးနိုင်သည်။

"အေးအေးရေ ... ကို ဗိုက်ဆာလို့တဲ့။ မြန်မြန်ခူးပေးလိုက်။"

"ဟုတ် ... မမလေး။"

အေးအေးက လက်လေးဆေးကာ ထမင်းအမြန်ခူးလေသည်။

"မမလေးက ဝပြီလား။"

"ဝပြီ။ သေချာလုပ်ပေးလိုက်နော်။"

"ဟုတ်ကဲ့။"

အေးအေးက ထမင်းပွဲလေး ပြင်ဆင်ပေးနေသည်။



အိပ်မက်လည်း ကို အိပ်မက်ကိုမြင်ရင် စိတ်ဆင်းရဲနေမှာ စိုးတာနှင့်ပင် နောက်ဖေးပေါက်က ထွက်ကာ အိမ်ပေါ်ထပ်ရှိ အခန်းအတွင်းတွင်သာ နေလိုက်တော့သည်။

"အေးအေး...နင့်မမလေး စားပြီးသွားပြီလား။"

"ဟုတ် အစ်ကိုလေး။"

အေးအေးက မမလေးအကြောင်း မေးနေသော အစ်ကိုလေးကို အံ့သြတကြီး ကြည့်လိုက်သည်။

"ဘယ်အချိန်တုန်းက စားတာလဲ။"

"အခုလေးတင် ကိုလေးလဲလာရော မီးဖိုချောင်ထဲဝင်လာပြီး ဝပြီလို့ပြောပြီး လက်ဆေးသွားတာပဲ"

အေးအေးက မမလေးကို နှိပ်စက်တယ်ဆိုပြီး အစ်ကိုလေးကို သိပ်မကြည်ချင်။ ဒါကြောင့် မမလေးအကြောင်းကို တမင်ခရေစေ့တွင်းကျ ပြောပြလိုက်ခြင်းဖြစ်သည်။ မမလေးလောက် အစ်ကိုလေးအပေါ် ချစ်နိုင်သည့် လူမျိုးလည်း တစ်ခါမှ မတွေ့ဖူးပေ။

"အော်။"

တကယ်တော့ မိုးဒေဝါလည်း အိပ်မက်ကို တွေ့ချင်၍ ညစာစားပွဲရှိတဲ့ကြားက မသွားဘဲ အမြန်ပြန်လာခဲ့တာဖြစ်သည်။ အခုတော့ ကိုယ်ရည်ရွယ်တာတစ်မျိုး၊ ဖြစ်သွားတာက တစ်မျိုးဖြစ်သွားသည်။ တစ်မိုးတည်း

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ အတူရှိနေသော်လည်း မျက်နှာချင်းတောင် မဆိုင်ဖြစ်ခဲ့ကြပါလား။ မိုးဒေဝါ သက်ပြင်းတစ်ခုကိုချရင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ ရင်ထဲမှာလည်း မောဟိုက် နုံးချိလွန်းသဖြင့် ကုတင်ပေါ်မှာတင် ကန့်လန့်ဖြတ် ပစ်လှဲချလိုက်သည်။

တကယ်တော့ အိပ်မက်ကို ကျွန်တော်အရမ်းချစ်သည်။ ချစ်သလောက်လည်း မုန်းသည်။ဆန့်ကျင်ဘက်နှစ်ခု လွန်ဆွဲကြသောအခါ ရင်တစ်ခုလုံး ပေါက်ထွက်အောင် ခံစားရသည်။ အဖြစ်အပျက်အားလုံးကို မေ့ပြစ်ပြီး ခွင့်လွှတ်ဖို့ကျတော့လည်း လက်မခံနိုင်ပေ။ သူ့တို့မိသားစုကြောင့် အပြစ်မဲ့တဲ့ ကျွန်တော်တို့ တစ်မိသားစုလုံး စိတ်ဆင်းရဲခဲ့ရတာကို မေ့ပစ်လို့မရ။

ဒီလိုနဲ့ပဲ ကျွန်တော့်စိတ်တွေ ထွက်ပေါက်မဲ့ မွန်းကြပ်လွန်းလှပါသည်။

ဒီလိုတွေဖြစ်မှာစိုးလို့ မချစ်မိအောင် နေခဲ့သော်လည်း နှလုံးသားက ကျွန်တော့်အလိုကို မလိုက်ခဲ့ပါ။

အခုတော့ ကျွန်တော့်ရင်တစ်ခုလုံးက အချစ်နဲ့အမုန်းကြားထဲမှာ စစ်မြေပြင်တစ်ခုလို ရစရာမရှိအောင် စုတ်ပြတ်သတ်ခဲ့ပါပြီ။ ဒါတွေကိုလည်း ကျွန်တော်က ရှဲ့ပြီး ဘယ်သူသိနိုင်မှာလဲ။



## အခန်း(၁၄)

ကို ရုံးသွားပြီဆိုတာနှင့် အိပ်မက်အမြဲ ကို့အခန်းကိုဝင်ကာ ရှင်းလင်းပေးခဲ့သည်။ အခုလည်း ကို့အခန်းကို ရှင်းရင်း အိပ်ရာခင်းတွေပါ လဲပေးလိုက်သည်။ ကို့အတွက် အိပ်ရာခင်း ပန်းနုရောင်လေး လဲပေးပြီး အိပ်မက် ကျေနပ်သွားသည်။ တစ်ခန်းလုံးက ပန်းနုရောင်အချစ်အငွေ့အသက်များကြောင့် ပိုလှပသက်ဝင်သွားသည်။

အိပ်မက်နှင့် အေးအေး နှစ်ယောက်လုံး ခန်းဆီးလိုက်ကာများကိုပါ အိပ်ရာခင်းနှင့် ဝမ်းဆက် ပန်းနုရောင်လေးများကို လဲတပ်ပေးထားလိုက်သည်။ အခန်းတစ်ခန်းလုံးကိုလည်း ဖုံတစ်စက်မရှိအောင် ဖုံစုပ်သူက စုပ်၊ ရေပတ်တိုက်သူက တိုက်နှင့် အိပ်မက်နှင့် အေးအေး နှစ်ယောက်လုံး မနားနိုင်ကြပေ။

"ကဲ..ရပြီအေးအေး။ ဒီလျှော်စရာ အဝတ်တွေကို ယူသွားပြီး လျှော်ထားလိုက်တော့နော်။ ကျွန်တော်

www.burmeseclassic.com



ငါ့ဘာသာငါ ဆက်လုပ်ထားလိုက်မယ်။"

အေးအေးက လျှော်စရာအဝတ်လေးများ ယူကာ အခန်းထဲမှ ထွက်သွားသည်။ အိပ်မက်လည်း တစ်ခန်းလုံး ရှင်းပြီးပြီဖြစ်သော်လည်း ကို့ဘီဒိုလေးကို ရှင်းပေးဖို့ ကျန်သေးကြောင်း အခုမှ သတိရမိသွားသည်၊

အိပ်မက် ဘီဒိုလေးဖွင့်ကာ ကို ဖွထားသော အင်္ကျီလေးများကို စနစ်တကျ ခေါက်ကာ ပြန်ထည့်ထားပေးလိုက်သည်။ ကိုက ဘယ်တော့မဆို အပေါ်ဆုံးတွင် ရှိသောအဝတ်ကိုသာ ကောက်ဝတ်တတ်သဖြင့် အိပ်မက်က ကို ဝတ်ရမည့် အင်္ကျီ၊ဘောင်းဘီများဆို အမြဲအပေါ်လေးတွင် အဆင်သင့်ဝတ်ရန် ထားပေးတတ်သည်။

မနက်ဖြန်အတွက် ကို့ဝတ်ဖို့ ရှပ်အင်္ကျီ ခဲရောင်လေးနှင့် စတိုင်ပင်န်အနက်ရောင်လေးကိုလည်း အပေါ်ဆုံးအဝတ်များအပေါ် တင်ထားပေးလိုက်သည်။

ဘီဒိုတစ်ခုလုံး ရှင်းပြီးသွားချိန်မှာတော့ အံဆွဲလေးကိုပါ တစ်ဆက်တည်း ရှင်းပေးလိုက်သည်။ အံဆွဲတစ်ခုလုံးက စာရွက်စာတမ်းများနှင့် ရှုပ်ပွနေသည်။

"ဘာစာရွက်တွေလဲ မသိဘူး။"

အိပ်မက် တစ်ယောက်တည်း ပြောရင်း စာရွက်တစ်ရွက်ချင်းစီကို ယူကြည့်ကာ သေချာသပ်သပ်ရပ်ရပ်



စီထားပေးလိုက်သည်။

"အော်ဒါက Moon Light Company ရရန် အကြွေးစာရင်းစာရွက်ပဲ။ ဘယ်လိုလုပ်ပြီး ကုမ္ပဏီမှာမရှိဘဲ ဒီမှာရောက်နေတာပါလိမ့်။"

ဒီလိုပါပဲ တစ်ခါတလေဆို ကိုက မေ့ပြီး အိမ်ယူလာခဲ့တာပဲ။ အခုလည်း ဒီထဲမှာ မေ့ကျန်ခဲ့တာ ထင်တယ်။ တစ်ခါတလေဆို သူ့ဘာသာ စာရွက်စာတမ်းတချို့ကို အိမ်ယူလာပြီး ဘယ်မှာထားမိမှန်းမသိရင် ရုံးရောက်တာနဲ့ ဖုန်းဆက်ပြီး အတင်းအသည်းအသန်ကို ရှာခိုင်းကော။

ဒါကြောင့် သူ အိမ်ကိုယူလာတဲ့ စာရွက်စာတမ်းများကို မျက်စိရှင်ရှင်ထားကာ အမြဲစောင့်ကြည့်နေရသည်။ အခုလည်း သူ ဒီစာရွက်တွေကို ဒီမှာထားမှန်းတောင် သတိတောင် ရပါသေးရဲ့လား မသိဘူး။

အိမ်မက် တခြားစာရွက်တွေကိုပါ တစ်ရွက်ချင်း သေချာဖတ်ရသည်။ အရေးကြီးသော စာရွက်တွေကို ဖာလစ်လေးတစ်ခုယူပြီး သပ်သပ်စီ ခွဲညှပ်ထားပေးလိုက်သည်။ တခြားကို ဝယ်ထားသော ပစ္စည်းများ၏ guarantee ကတ်များ၊ စာရွက်များကိုလည်း အားလုံးပေါင်းပြီး သေချာတွဲပေးထားလိုက်သည်။

တစ်ခုချင်းစီ ရှင်းရင်းနှင့် ကို့အံဆွဲလေးက တော်

www.burmeseclassic.com



တော်လေး ရှင်းရှင်းလင်းလင်း သပ်သပ်ရပ်ရပ် ဖြစ်လာသည်။

စာရွက်အားလုံး ရှင်းသွားချိန်မှာတော့ အထဲမှာ အမည်းရောင် ဒိုင်ယာရီစာအုပ်လေး တစ်အုပ်ကို တွေ့လိုက်ရသည်။ အိပ်မက် စိတ်ထဲမှာ မဖတ်သင့်ဘူးဆိုတာ သိသော်လည်း ဖတ်ချင်စိတ်ကို ထိန်းထား၍မရပေ။

ဒီစာအုပ်လေးက အိပ်မက်တို့ နှစ်ယောက်ကြားက လျှို့ဝှက်ချက်လေး ဖြစ်နိုင်မယ် ထင်တယ်။ စိတ်လှုပ်ရှားမှုနှင့်အတူ တုန်ရီသောလက်လေးအစုံနှင့် အိပ်မက် ကိုနွဲ့ ဒိုင်ယာရီ စာအုပ်လေးကို ဖွင့်ဖတ်လိုက်သည်။

❦ ❦ ❦ ❦



## အခန်း(၁၅)

"ဆရာ ကျွန်တော်တို့ ကုမ္ပဏီတော့ ဒုက္ခရောက်ပြီ ဆရာ။"

"ဘာဖြစ်တာလဲ မောင်စိုးအေး။"

ရေးကြီးသုတ်ပျာနှင့် မောင်စိုးအေးက ပြောလိုက်သည်။ မောင်စိုးအေးဆိုတာက ဦးမိုးအာကာ၏ Best Coffeemix Company ၏ မားကက်တင်းမန်နေဂျာတစ်ဦးဖြစ်သည်။

စိုးအေးစကားကြောင့် အလုပ်လုပ်နေရာမှ ဦးမိုးအာကာတစ်ယောက် မျက်မှောင်ကုတ်ကာ မော့ကြည့်လာသည်။

"အခုဈေးကွက်ထဲမှာ ကျွန်တော်တို့ ကုမ္ပဏီက ထုတ်တဲ့ ကော်ဖီမစ်တွေက အတုတွေပေါ်လို့ အခုဆို ဝယ်မယ့်သူတောင် မရှိတော့ဘူး ဆရာ။"

"ဘယ်လိုဖြစ်တာလဲ။"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လဲတော့ ကျွန်တော်လည်း သေချာမသိသေးဘူးဆရာ။ customer တွေ ပြောတာတော့ အရည်အသွေး လုံးဝမကောင်းဘူးတဲ့။ ကော်ဖီက ဖျော်လိုက်ရင်လည်း မှုံအန်ကြီးရတယ်။ သောက်လိုက်ရင်လည်း အရသာက တစ်မျိုးကြီးဖြစ်နေတယ်လို့ ပြောတယ်။"

"တောက်...ဘယ်လိုဖြစ်တာပါလိမ့်။ ဈေးကွက်မှာဖြန့်ထားတဲ့ ငါတို့ပစ္စည်းတွေအားလုံး ပြန်သိမ်းပြီး QC အခန်းကို ပို့ပြီး သေချာစစ်ဆေးခိုင်းစမ်း။ ပြီးရင် မင်းက ဘာကြောင့်ဖြစ်တယ်ဆိုတာ ရအောင်စုံစမ်း။"

"ဟုတ်ကဲ့ ဆရာ။"

စိုးအေးက ချက်ချင်းဆောင်ရွက်ရန် လှည့်ထွက်သွားဖို့ ပြင်သည်။

"နေဦး။"

ဦးမိုးအာကာ လှမ်းတားလိုက်သည်။

"ပြောပါဆရာ..။"

"အခုလက်ရှိဈေးကွက်ထဲမှာ ငါတို့နဲ့ အပြိုင် ဘယ်ကုမ္ပဏီတွေရှိလဲ။ 1st, 2nd က ဘယ်ကုမ္ပဏီတွေရှိလဲ တစ်ခါတည်း စုံစမ်းခဲ့။"



ဦးမိုးအာကာလည်း မထင်မှတ်သော ကိစ္စများ ဖြစ်လာသဖြင့် စိတ်ပျက်သွားသည်။ ကိုယ့်ပစ္စည်းများက ဈေးကွက်ထဲတွင် နံပါတ်တစ် ဖြစ်သည်ဆိုတာတော့ တစ်တိုင်းပြည်လုံး သိထားပြီးဖြစ်သည်။

ဒါကြောင့် တစ်ဦးတစ်ယောက်က မနာလို၍ လုပ်ခြင်းမျိုးဖြစ်မည်။ ဒီကိစ္စကို သေချာစုံစမ်းနိုင်မှဖြစ်မည်။ နို့မို့ဆို ကုမ္ပဏီပါ ပျက်သွားနိုင်သည့် အခြေအနေတွင် ရှိသည်။

နာမည်တစ်ခုကို လွယ်လွယ်ကူကူနှင့် တည်ထောင်လို့ ရခဲ့တာမဟုတ်။ ဦးမိုးအာကာ ဦးနှောက်တစ်ခုလုံး ပူထူနေအောင် စဉ်းစားနေသည်။ သို့သော် အဖြေက ပေါ်မလာပေ။

"တူ...တူ။"

"ဆရာ Shareholder ဦးမောင်မောင်ဆီက ဖုန်းဆက်ပါတယ်။"

"အေးအေး ... လွှဲပေးလိုက်။"

အတွင်းရေးမှူးမလေး စပယ်ချိုက ဦးမိုးအာကာအား ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ရှင် ဦးမောင်မောင်၏ ဖုန်းကို လွှဲပြောင်းပေးလိုက်သည်။ Best Coffeemix Company သည် ဦးမိုးအာကာက အစုရှယ်ယာစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ကျန် ၄၀ရာခိုင်နှုန်းက တခြား အစု

www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာဝင်များနှင့် စုပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည်။

"ဦးမိုးအာကာ ... ဘယ်လိုဖြစ်တာလဲ၊ ဈေးကွက်ထဲမှာ ဖြန့်နေတဲ့ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ကော်ဖီမစ်တွေက Quality ညံ့လှချည်လား။ အခုအိမ်မှာ ဖျော်သောက်ကြည့်တော့ ဘယ်လိုမှကို သောက်လို့မရအောင် အခြေအနေ တော်တော်ဆိုးနေပါလား"

"ဟုတ်တယ် ကိုမောင်မောင်၊ အခုပဲ ကျွန်တော်လည်း ဒီကိစ္စကို စုံစမ်းခိုင်းထားပါတယ်။ ဖြန့်ပြီးသားပစ္စည်းတွေကိုလည်း ပြန်သိမ်းခိုင်းထား ပါတယ်။"

"ဒါပေမဲ့ နာမည်ပျက်တာပေါ့ဗျာ။ ကုန်ပစ္စည်းတစ်ခုကို စားသုံးသူတွေက ယုံကြည်မှု မရှိတော့ရင် ဘယ်လိုမှ ဒီကုန်ပစ္စည်းတစ်ခု ဆက်လက်ရပ်တည်လို့ မရတော့ဘူးဆိုတာ ခင်ဗျားက ကျွန်တော့်ထက် ပိုနားလည်မှာပါ။"

"ဟုတ်ကဲ့၊ ဒီကိစ္စကို ကျွန်တော်အမြန်ဆုံး စုံစမ်းပြီး အားလုံးရှင်းလင်းပေးပါ့မယ်။ ကျွန်တော့်ကို စိတ်ချပါ။ ဒီကုမ္ပဏီကြီး မပြိုလဲအောင် ကျွန်တော် အစွမ်းကုန် ကာကွယ်မှာပါ။"



"ကောင်းပါပြီဗျာ။ ဒီကိစ္စကို ခင်ဗျားအမြန်ဆုံး စုံစမ်းပြီး Shareholder အားလုံးကိုတော့ အသိပေးစေချင်တယ်။"

"စိတ်ချပါဗျာ။ ကျွန်တော် ဒီအပတ်ထဲမှာ အားလုံးကို အစည်းအဝေးခေါ်ပြီး ရှင်းပြပါ့မယ်။"

ဦးမောင်မောင် ဖုန်းချသွားသည်နှင့် စပယ်ချိုကို ခေါ်လိုက်သည်။

"ဒေါက်..ဒေါက်။"

"ဝင်ခဲ့..ဝင်ခဲ့။"

"ဆရာ ဘာများ ခိုင်းစရာရှိလဲမသိဘူး။"

"စပယ် ... သမီး ဈေးကွက်ထဲဆင်းပြီး အန်ကယ်တို့ ပစ္စည်းတွေကို ဘယ်က ဖြန့်တယ်။ ဘယ်သူဖြန့်တယ်ဆိုတာ သေချာစုံစမ်းပေးစမ်းပါ။ အခု အန်ကယ်တို့ ကော်ဖီမစ်တွေ အတုတွေပေါ်နေတယ်။ ဒီကိစ္စကို သေချာစုံစမ်းနိုင်မှ ဖြစ်မယ်။ အဲဒီတော့ သမီး အခုပဲ ဈေးကွက်ထဲ ဆင်းတော့"

"ဟုတ်ကဲ့ရှင့်။"

ဦးမိုးအာကာတစ်ယောက် စက်ရုံထဲ ဆင်းကာ ကွင်းဆင်းလေ့လာဖို့ ပြင်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ဦးမိုးအာကာ စက်ရုံထဲ ရောက်သည်နှင့် ကုန်ကြမ်းများသာ သိုလှောင်ထားသော သိုလှောင်ရုံကို သွားရောက် စစ်ဆေးလိုက်သည်။

" သန်းဝင်း ... မင်းကုန်ကြမ်းတွေကို သေချာရော ခွဲထားရဲ့လား။"

"ကုန်ကြမ်းက တစ်မျိုးပဲရှိတော့တယ်လေဆရာ"

"ဘာကိစ္စတစ်မျိုးပဲ ရှိရမှာလဲ။ ငါတို့သုံးနေတဲ့ အကောင်းစား ကော်ဖီစေ့တွေရယ်။ ပြီးတော့ Quality မမီလို့ သပ်သပ်ဖယ်ထားတဲ့ ကော်ဖီစေ့တွေရယ်၊ မှိုတက်နေတဲ့ ကော်ဖီစေ့တွေရယ်၊ မျိုးစုံရှိတာပဲ။"

"မရှိတော့ဘူးလေ ဆရာရဲ့၊ အဲ့ဒါတွေက သုံးလိုက်လို့ကုန်ပြီ။"

"ဘာ!"



ဦးမိုးအာကာတစ်ယောက် သန်းဝင်းစကားကြောင့် အံ့သြထိတ်လန့်သွားသည်။

"မင်းက ဘာကိစ္စ ဒီပစ္စည်းတွေကိုထုတ်ပေးလိုက်ရတာလဲ။ မင်းကို ဘယ်သူက ထုတ်ပေးခိုင်းလို့လဲ"

"ခင်ဗျာ။"

သန်းဝင်းလည်း ဦးမိုးအာကာ စကားကြောင့် [illegible] storekeeper ပဲ၊ Production က တောင်းရင် ပေးရမှာပဲလေ။

"ဒီပစ္စည်းတွေက မကောင်းလို့ တမင်ဖယ်ထားတယ်ဆိုတာ မင်းမသိဘူးလား။"

"သိပါတယ် ဆရာ။"

"သိရင် ဘာလို့ပေးလဲ။"

"ဟို...ဟို..ထုတ်လုပ်ရေးမန်နေဂျာ မမျိုး တောင်းခိုင်းလို့ပါ။"

"သေချာတယ်နော်.."

"သေချာပါတယ် ဆရာ။"

ဦးမိုးအာကာ စက်ရုံအတွင်းရှိ ထုတ်လုပ်ရေး ဌာနပိုင်းများကိုပါ လှည့်လာပြီး ထုတ်လုပ်ရေးအခန်းအတွင်းသို့ ဝင်၍ မန်နေဂျာ မမျိုးသခင်ကိုပါ အခြေအနေတွေကို သေချာစုံစမ်းမေးမြန်းကြည့်ဖို့ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



“သူဌေး ရောက်နေတာ မသိလို့ပါ။”

ဦးမိုးအာကာကို တွေ့သည်နှင့် မျိုးသဇင် တစ်ယောက် မတ်တပ်ရပ်ကာ ထ,နှုတ်ဆက်လိုက်သည်။ ဦးမိုးအာကာက တခြားသူဌေးတွေလို သူ စက်ရုံသို့လာလျှင် လူများ နောက်က,လိုက်ပါခြင်းမျိုးကို မကြိုက်ပေ။ ကိုယ့်အလုပ်ကိုယ် လုပ်နေတာပဲ ကြိုက်သည်။ ဒါကြောင့် ဝန်ထမ်းတော်တော်များများက တစ်ခါတလေ သူဌေး လာတာကိုပင် မသိလိုက်ကြပေ။

“ရတယ် မမျိုး ... ထိုင်ထိုင်။”

“အန်ကယ် မေးစရာရှိလို့ ဝင်လာတယ်။”

“ဟုတ်ကဲ့ သူဌေး၊ ဘာများလဲမသိဘူး။”

“ဘာလို့ ကုန်ကြမ်းတွေကို မှိုတက်တွေနဲ့ အရည်အသွေးမကောင်းလို့ ဖယ်ထားတာတွေကို သုံးရတာလဲ။”

“ရှင်...။”

မျိုးသဇင် ကြောင်သွားသည်။ တကယ်တော့ ဒီကုန်ကြမ်းတွေကို ဦးမိုးအာကာကိုယ်တိုင် သုံးခိုင်းခဲ့တာဖြစ်သည်။ မျိုးသဇင် သေချာရှင်းပြတာတောင် နားမထောင်ဘဲ ‘ငါပြောတဲ့အတိုင်း လုပ်ပါ’လို့တောင် သေချာပြောသွားခဲ့သေးသည်။”



“ဆရာပဲ ဒီကုန်ကြမ်းတွေ သုံးဆိုလို့ ကျွန်မသုံးရတာပါ။”

“အန်ကယ်က...ဘယ်တုန်းက အန်ကယ် ဒီလိုကုန်ပစ္စည်းအညံ့တွေ သုံးဖူးလို့လဲ။”

“ဟုတ်ပါတယ် ... အဲဒီတုန်းက ကျွန်မလည်း အန်ကယ့်ကို သေချာ ရှင်းပြပါသေးတယ်။ အန်ကယ်က ငါပြောတဲ့အတိုင်းသာ လုပ်ပါ ..... နင်မရှည်ပါနဲ့လို့တောင် ကျွန်မကို ဆူသွားသေးတယ်။”

“ဟေ ... ဘယ်တုန်းကလဲ ... ငါက ဘယ်မှာပြောလို့လဲ ... ငါတစ်ခါမှ မပြောဖူးဘူး။”

“ကျွန်မ မသေချာမှာစိုးလို့ ကိုစိုးအေးကိုတောင် မေးခိုင်းလိုက်သေးတယ်။”

ဦးမိုးအာကာ သားစာမေးပွဲပြီးလို့ တစ်မိသားစုလုံး ချောင်းသာသွားသည့် ခဏလေးအတွင်း ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ပါ။

ပြန်ရောက်ပြီး သိပ်မကြာခင်အချိန်မှာပဲ ပြဿနာတစ်ခုပြီးတစ်ခုကို ရှင်းနေရသည်။

“ဒါဆိုလည်း မနက်ဖြန်ကျရင် မောင်စိုးကိုပါ ခေါ်ပြီး အန်ကယ့်ရုံးကို လာခဲ့။ မျက်နှာချင်းဆိုင် ရှင်း

www.burmeseclassic.com

www.burmeseclassic.com



အမြဲထုတ်ကြတာပေါ့။"

"ဟုတ်ကဲ့ပါ ဆရာ။"

မနက်ဖြန်ဆို မောင်စိုးအေးကို စုံစမ်းခိုင်းထားသည့်ကိစ္စ၏ အခြေအနေကိုလည်း သိရတော့မည်။ ဒါကြောင့် မနက်ဖြန် အားလုံးစုံညီစွာနှင့် စဉ်းစားပြီး အဖြေထုတ်ကြမည် ဖြစ်သည်။

.....

❧ ❧ ❧ ❧



## အခန်း (၁၇)

ပြဿနာခေါင်းခွေ့ကြ ဝင်ထားတော်တော်ဆက် ပိုမိုရှုပ်ထွေးနေသည်။

"မင်း ငါ့ကို နောက်တစ်ခေါက်လောက် သေချာပြန်ရှင်းပြစမ်း။"

"ကျွန်တော် ဈေးကွက်ထဲ ဝင်လေ့လာကြည့်သလောက် မစွည်းအစာထုတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။"

"ဘာကြောင့်လဲ"

ဦးမိုးအာကာ မျက်ခုံးများ တွန့်ချိုးထားရာမှ စိတ်ဝင်စားသလို လှမ်းမေးသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်မေးကြည့်တော့ ဆိုင်တိုင်းကို လိုက်ချတာ ကျွန်တော်တို့ ကုမ္ပဏီက ကားတွေနဲ့ လိုက်ချတာ ဆရာ။"

"ဒါဆို ဒရိုင်ဘာ အဖွဲ့တွေရော။"

www.burmeseclassic.com

www.burmeseclassic.com



“သူတို့လည်း မဖြစ်နိုင်ဘူးဆရာ။ သူတို့က ကျွန်တော်တို့ သတ်မှတ်ထားတဲ့ လမ်းကြောင်းအတိုင်းပဲ သွားတာ၊ ပြီးတော့ သူတို့နဲ့အတူ အမြဲ အရောင်းကောင်လေးတွေလည်း အမြဲအတူပါတယ်ဆရာ”

“သူတို့ နှစ်ဦးပေါင်းတာရော။”

“အရောင်းဝန်ထမ်းလေးတွေကိုလည်း အလှည့်ကျထည့်နေတာဆိုတော့ ဘယ်သူဘယ်နေ့ မားကက်တင်း ဆင်းရမယ်ဆိုတာတောင် သူတို့ မသိပါဘူးဆရာ။”

“ဒါဆို မင်းဆိုလိုတာ ငါတို့ကုမ္ပဏီကပဲ ဖြစ်တာဆိုပါတော့။”

မောင်စိုးအေးက ဘာမှတော့ ထပ်မပြောချေ။

“ကဲ ... ဒါဆို မမျိုးသဇင် ပြောပါဦး။ အန်ကယ်က ဘယ်တုန်းက သမီးကို ကော်ဖီစေ့အညံ့တွေ သုံးခိုင်းခဲ့တာလဲ။”

“အန်ကယ် ချောင်းသာကနေ ဖုန်းဆက်ပြီး ကော်ဖီစေ့တွေကို လက်ရှိသုံးနေတဲ့ဟာတွေ ရပ်ထားပြီး ဖယ်ထားတဲ့ ကော်ဖီစေ့တွေကို အရင်သုံးပါလို့ လှမ်းဖုန်းဆက်ပြီး ပြောတာပါ။”

“ဟုတ်ပြီ..အန်ကယ်ဖုန်းဆက်တယ်လို့ မင်းဘယ်



လို သက်သေပြနိုင်လဲ..။အန်ကယ်ကတော့ လုံးဝမဆက်ဘူး။ ပြီးတော့ အန်ကယ် ခရီးသွားတဲ့ သုံးရက်မှာ အန်ကယ် စိတ်လွတ်ကိုယ်လွတ် နားချင်လို့ စံပယ်ချို့ကိုတောင် အန်ကယ် သေချာပြောထားတယ်။ အန်ကယ့်ဆီကို အရေးတကြီး ကိစ္စမရှိဘဲ ဖုန်းမဆက်ဖို့။”

စံပယ်က ခေါင်းညိမ့်ထောက်ခံလိုက်သည်။

“ဟုတ်ကဲ့..ကျွန်မ သက်သေပြနိုင်ပါတယ်။ ကျွန်မလည်း ဒီ Quality မကောင်းတာတွေ ဆရာ မသုံးလောက်ဘူးထင်လို့ ကိုစိုးအေးကို ဖုန်းဆက်ပြီး ထက်မေးခိုင်းပါသေးတယ်။”

“ဟုတ်ပါတယ် ဆရာ။ ကျွန်တော်မေးတော့လည်း ဆရာက ငါပြောထားတဲ့ ကော်ဖီစေ့တွေပဲ သုံး၊ ထပ်မဆက်နဲ့ဆိုပြီး ကျွန်တော့်ကိုလည်း ဆူသွားပါသေးတယ်။”

“ဒါဆို ငါတို့အကွက်ကျကျ အလိမ်ခံလိုက်ရတာဖြစ်မယ်။ ငါ့ဖုန်းက ချောင်းသာမရောက်ခင်ကတည်းက ဘက်ထရီက အားကုန်သွားတာ။ အားသွင်းစက်လည်း မပါတော့ ဒီအတိုင်းပဲ ထားထားလိုက်တာ။ မင်းတို့ကိစ္စရှိရင် ဟိုတယ်ကို ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



လွမ်းဆက်မျှမဲ့လို့ ထင်ထားတာ။”

“မဟုတ်ဘူးဆရာ ... ကျွန်မတော့ ဆရာ့ဟန်းဖုန်းကို ဆက်ရခါ။ ပြီး ... မသိချာပြောခဲ့တာပါ။”

“အသံကရော ငါ့အသံပဲလား။”

“ဟုတ်တယ်။ ဆရာ့အသံပဲ။”

ဦးမိုးအာကာ စိတ်ရှုပ်သွားသည်။ ကြိုးအစရှာသလို မနည်းအစကို လိုက်ရှာရမည် ဖြစ်သည်။

“ကဲ ... ဒါဆို ဒီလိုလုပ်။ မင်းဖုန်းနဲ့ ငါ့ဖုန်း နှစ်လုံးလုံးကို ဖုန်းရုံးမှာ အဝင်အထွက် နံပါတ်တွေ သွားထုတ်လိုက်ခဲ့။ ဒါဆို အဖြေတစ်ခုခုတော့ ထွက်မှာပါ။ ကဲ စံပယ်ချိုရော ဘာတွေစုံစမ်းလို့ ရခဲ့လဲ။”

စံပယ်ချိုက သူ့ဈေးကွက်ထဲက ကောက်ယူခဲ့သော Quotation စာရင်းများကို ဦးမိုးအာကာ လက်ထဲ ထည့်ပေးလိုက်သည်။

“ဈေးကွက်ဝယ်လိုအားအရတော့ လွန်ခဲ့တဲ့ တစ်လလောက်အထိ ကျွန်မတို့ ကော်ဖီမစ်က ပထမပဲ။ အခုလထဲမှာတော့ New Choice Coffee Mix က ပထမနေရာမှာ ရှိပါတယ်။ အစကတည်းကတော့ New Choice Coffeemix က ဒုတိယနေရာမှာ ရှိခဲ့ပြီး အခုတော့ ကျွန်မတို့ ကော်ဖီမစ်



တွေက ရောင်းအားတွေ အားထိုးကျသွားတော့ သူတို့ ဝယ်လိုအားက နှစ်ဦးစား နှစ်ဆတက်သွားပါတယ်”

ဦးမိုးအာကာ ခေါင်းညိတ်ပြလိုက်သည်။ စံပယ်ချိုက သူ့ထင်မြင်ချက်များကို ဆက်လက်ပြောကြားလာသည်။

“သူတို့က ကျွန်မတို့ ဒီလိုမဖြစ်ခင် တစ်လလောက် အလိုကတည်းက ကျွန်မတို့ Customer တချို့ထံမှာ ကျွန်မတို့ Data တချို့ကိုလည်း ကောက်ယူသွားပါတယ်။ ဒါကြောင့် သူတို့ကိုလည်း သတိထားသင့်တယ်ထင်တယ်။”

“ဟုတ်ပြီ...ဒါဆိုမနက်ဖြန်ကျရင် ...အားလုံး သေချာ ထပ်စုံစမ်းကြတာပေါ့။ မောင်စိုးအေး... မနက်ဖြန့် မင်း...ဖုန်းနံပါတ်တွေပါ ရအောင်စုံစမ်းခဲ့။”

“ဟုတ်ကဲ့ ဆရာ..။”

“ကဲ ... ဒါဆို မနက်ဖြန် အားလုံးအစည်းအဝေး ထပ်လုပ်မယ်။ ဒီကိစ္စ အပြင်ကို မပေါက်ကြားစေနဲ့ဦး။ အခုပြန်သိမ်းသွားတဲ့ ကော်ဖီမစ်တွေရော၊ အရည်အသွေးမမီတဲ့ ကော်ဖီမစ်တွေရောကို အပျက်အစီးစာရင်းထဲထည့်ပြီး ဖျက်ဆီးပစ်လိုက်။ ပြီးတော့ အရည်အသွေးအကောင်းဆုံး ကော်ဖီမစ်တွေနဲ့ အသစ်ထပ်ထုတ်လိုက်။ ဈေးကွက်ကို ပြီး

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ချက်ချင်းဖြန့်။"

"ဟုတ်ကဲ့ဆရာ။"



## အခန်း(၁၈)

ရုံးရောက်သည်နှင့် ဖုန်းတွေက တဂွမ်ဂွမ်လာကြသည်။ တစ်မနက်လုံးလည်း ဒီကိစ္စတွေကိုပဲ ဖြေရှင်းနေရသည်။ အစုရှယ်ယာပိုင်ရှင်တွေကလည်း ဒီအကြောင်းပဲ တစ်မေးတည်း မေးနေကြသည်။ ဦးမိုးအာကာ တစ်ယောက်လည်း အာပေါက်မတတ် ဖြေရှင်းပေးနေရသည်။ ဒါ့အပြင် အပေါင်းအသင်းတွေထဲက စပ်စုချင်သူများကလည်း သတင်းကြားကာ မေးမြန်းစပ်စုကြသေးသည်။ နောက်ဆုံး ဦးမိုးအာကာ ဖုန်းအားလုံးကို အတွင်းရေးမှူးမလေးကိုသာ ဖြေရှင်းခိုင်းထားသည်။

"ဒေါက်..ဒေါက်။"

"ဝင်ခဲ့ပါ..။"

"ဘယ်လိုလဲ၊ ဖုန်းနံပါတ်တွေ စုံစမ်းလို့ရပြီလား"

စိုးအေး၊ စံပယ်ချိုနှင့် မျိုးသဇင်ကို တွေ့သည်နှင့် ဦးမိုးအာကာ လှမ်းမေးလိုက်သည်။

www.burmeseclassic.com

"ဟုတ်ကဲ့ဆရာ။"

စိုးအေးက လက်ထဲက ဖုန်းနံပါတ်တွေ ထုတ်လာသောစာရွက်လေးကို ဦးမိုးအာကာအား လှမ်းပေး လိုက်သည်။

စာရွက်နှစ်ရွက်ကိုဖတ်ကြည့်လိုက်တော့ တကယ်ပဲ စိုးအေးဖုန်းဆက်ချိန်နှင့် ဦးမိုးအာကာဖုန်းကို အဝင်ချိန်တို့ ကမှန်နေသည်။ ဦးမိုးအာကာ ကိုယ့်ဖုန်းကိုကိုယ်သေချာ စစ်ကြည့်လိုက်သောအခါ နိုင်ငံခြားက Customer တွေဆီ ကိုပါ ဆက်ထားကြောင်း သိလိုက်ရသဖြင့် ဖြစ်သွား သည်။ ချောင်းသာတွင် ရှိနေသော အချိန်တို့အတွင်း ဒီခြောက်ခုတွေ အတွက်ကျခဲ့ စီမံသွားသည်။

"စံပယ်ရဲ့ ဘန်ကောက်နှင့် စင်ကာပူတို့ ချက်ချင်း ဖုန်းဆက်စမ်းကြည့်မှ ဖုန်းနဲ့ ဘန်ကောက်ရဲ့ စင်ကာပူမှာ ရှိတဲ့ Customer တွေဆီကို ဖုန်း ဆက်ထားတယ်။"

စံပယ်ချက်ချင်း ဘန်ကောက်က အမြဲဝယ်နေကျ ကုမ္ပဏီနှင့် စင်ကာပူက ကုမ္ပဏီတို့ဆီ ဖုန်းလှမ်းဆက် လိုက်သည်။

ဖုန်းဆက်ပြီးသည်နှင့် ချက်ချင်းပဲ ဦးမိုးကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဆရာရေ...ဝယ်နေကျ သူတို့ကို ကော်ဖီမစ်တွေ ထပ်မပို့ နိုင်တော့ဘူးပြောလို့ သူတို့ တခြားကော်ဖီမစ် ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်လိုက်ပါပြီတဲ့။"

"ဟာ...ဒီကိစ္စကိုတော့ ရှာနိုင်ဘောက်ရော်ကျမ်းမ ပြောသွား။"

"ဟုတ်တယ်ပါ ဆရာ ပြီးတော့ ချုပ်လိုက်တဲ့ ကုမ္ပဏီကလည်း New Choice Coffeemix ကုမ္ပဏီနဲ့ ဆွေမျိုး တော်တဲ့ ဆိုလို့ ထပ်ကိုင်လို့ မဖြစ်နိုင်တော့ဘူး တဲ့ ဆရာ။"

တစ်ရှိန်ထက်မြက်သော အတွင်းရေးမှူးမလေး စံပယ်ချိုက သေချာသုံးသပ်ပြလေသည်။

"ဆရာ...ဒီသတင်းစာထဲက ကြော်ငြာကိုလည်း ကြည့်ပါဦး။"

မိုးကြိုးသံကြားရသော သတင်းစာကို ကြည့် လိုက်သည်။

ကျေးဇူးတင်ရှိခြင်း

ကျွန်တော်တို့ရဲ့ New Choice Coffeemix မှ Customer



www.burmeseclassic.com

www.burmeseclassic.com



များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **Customer** များ၏ သတ်မှတ်ပေးမှုကြောင့် အခုဆို ကျွန်တော်တို့ ကော်ဖီမစ်ဟာ မြန်မာပြည်ရဲ့ အကောင်းဆုံး ကော်ဖီမစ် ဖြစ်ခဲ့ရပါပြီ။ ဒါ့အပြင် ကျွန်တော်တို့၏ **Customer** အပေါ်ထားသော မေတ္တာစေတနာတို့ကြောင့်လည်း နိုင်ငံတကာကိုပါ ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့၏ ကော်ဖီမစ်များသည် အကောင်းဆုံးအရည်အသွေးမြင့် ကုန်ကြမ်းများကိုသာ အသုံးပြုခြင်းကြောင့် မွှေးပျံ့သော အနံ့တို့နှင့်အတူ စွဲမက်ဖွယ်ကောင်းသော ခါးသက်သက် အရသာလေးများကိုပါ ခံစားရရှိနိုင်မည်ဖြစ်သည်။ ဒါကြောင့် ကော်ဖီဆို အရည်အသွေးအကောင်းဆုံး **New Choice CoffeeMix** ကို သုံးကြပါစို့ ။

ဒါကတော့ တိုက်ဆိုင်တာ မဖြစ်နိုင်တော့ပေ။ တမင်ကို လုပ်မှန်း သိသာနေသည်။ ဒါပေမဲ့ သက်သေပြစရာများကို ဘယ်လိုမှ ရှာဖွေလို့မရချေ။ ဦးမိုးအာကာလည်း ဒီကိစ္စကို ရှင်းပြရန် အစုရှယ်ယာရှင်များကို **အစည်း**အဝေး ခေါ်လိုက်သည်။

❧ ❧ ❧ ❧



## အခန်း(၁၉)

"ဦးမိုးအာကာ ... ခင်ဗျားလည်း စီးပွားရေးလုပ်နေတဲ့ လူတစ်ယောက်ပဲလေ။ ဒီလို သက်သေမပြနိုင်ဘဲနဲ့တော့ ကျွန်တော်တို့က ဘယ်လို ယုံကြည်လို့ ရမှာလဲ။"

အစုရှယ်ယာပိုင်ရှင်များက ဦးမိုးအာကာပေါ် မယုံကြည်ကြတော့ပေ။

"ပြီးတော့ ခင်ဗျားစဉ်းစားကြည့် ... ဖုန်းဆက်တာလည်း ခင်ဗျားဖုန်းနဲ့။ ဒါကို ခင်ဗျားမပြောပါဘူးဆိုတော့ ကျွန်တော်တို့က ဘယ်လိုယုံကြည်ရမှာလဲ။"

အားလုံးက တစ်ယောက်တစ်ခွန်း ဝိုင်းထောက်ကြသည်။

"အဲဒီအချိန်တုန်းက ကျွန်တော်လည်း ဖုန်းအားကုန်နေတယ်ဆိုပြီး ဖုန်းကို ဒီအတိုင်းပဲ ပစ်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိတာပါ။"

"အဲဒါတော့ ကျွန်တော်တို့မသိဘူး။ အပြင်မှာ ပြောနေကြတာတော့ ဦးမိုးအာကာက နိုင်ငံခြားမှာ အငြိမ်း သွားနေတော့မှာမို့လို့ နိုင်ငံခြားက ဖောက်သည်တွေကို (ခွါ) New Choice Coffeemix ကို ရောင်းစားလိုက်တယ်ဆိုတာပဲ။ ပြီးတော့ ခင်ဗျား ကုန်ကျစရိတ်ကို လျှော့ပြီး အမြတ်ရှိပိုရအောင် လုပ်တယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး သိတယ်။"

"ဘာ...ကျွန်တော် နိုင်ငံခြားမှာ အငြိမ်းနေဖို့ တစ်ခါမှ စိတ်ကူးမရှိခဲ့ဘူး။ ခင်ဗျားတို့ ပြောသလို ကျွန်တော့်ကုမ္ပဏီကိုလည်း ကျွန်တော် [illegible] မရောင်းခဲ့ဘူး... ကျွန်တော့်ကို ယုံပါ [illegible] ကျွန်တော် အကောင်းဆုံးဖြစ်အောင် ပြန်ကြိုးစားပါမယ်။"

အားလုံး၏ မျက်ဝန်းများက ထင်ထားသလို ဒီကိစ္စ အတွက် [illegible] ကြွမနေပေ။

" ကျွန်တော်ကတော့ ကျွန်တော့် ရှယ်ယာတွေကို ပြန်ထုတ်ချင်တယ်။"

"ကျွန်မလည်း ပြန်ထုတ်ချင်တယ်။"



" ဟုတ်တယ်၊ ကျွန်တော်တို့တွေလည်း ပြန်ထုတ်ချင်တယ်။"

"ဒီလို အားလုံးပြန်ထုတ်ရင် ကုမ္ပဏီက ပျက်ဖို့ပဲရှိတော့တယ်။ အဲဒီလိုဆို ကျွန်တော်တို့အားလုံး ကြိုးစားခဲ့သမျှ အချည်းအနှီးဖြစ်သွားမှာပေါ့။"

"ဒါပေမဲ့ စားသောက်ကုန်တွေရဲ့ အသက်က နာမည်ပဲလေဗျာ၊ အခုဟာက နာမည်ပျက်သွားပြီ၊ ဒီတော့ ကျွန်တော်တို့လည်း ဆက်မလုပ်ချင်တော့ဘူး၊ ရှယ်ယာတွေသာ ပြန်လိုချင်တယ်။"

အားလုံးကလည်း တစ်သဘောတည်း ဖြစ်နေသဖြင့် ဦးမိုးအာကာ၏ အနှစ်နှစ်အလလက ကြိုးပမ်းမှု အားလုံးက အချိန်ခဏလေးအတွင်းတွင် ပျက်စီးသွားသည်။ နောက်ပိုင်းတွင် ကိစ္စတစ်ခုဖြစ်ပါကလည်း ဖုံးဖိထားလို့မရအောင် သတင်းများက ချက်ချင်း ပျံ့နှံ့သွားသည်။ Customer Service Counter သို့ လည်း ဖုန်းတွေဆက်ကြ၊ မေး(လ်)များ ပို့ကြနှင့် ကုမ္ပဏီ၏ နာမည်ကို ပြန်အဖတ်ဆယ်လို့ မရတော့ပေ။

[illegible]

[illegible]

[illegible]

www.burmeseclassic.com



## အခန်း(၂၁)

ဦးမိုးအာကာအတွက် ရွေးချယ်စရာအခွင့်အရေး မရှိတော့ပေ။ အားလုံး၏ ဆန္ဒကို လိုက်လျောဖို့က ကုမ္ပဏီ ကို ရောင်းဖို့တစ်ခုသာ ရှိခဲ့သည်။ ကုမ္ပဏီရောင်းဖို့ကိုလည်း အားလုံးက သဘောတူကြသဖြင့် အများနှင့် တစ်ယောက် ဦးမိုးအာကာ လိုက်လျောလိုက်ရသည်။

ကုမ္ပဏီကိုလည်း ဦးမိုးအာကာက လာဝယ်သော သူအများထဲက ကော်ဖီစေ့တွေ မှာယူနေသော ဦး မိုင်းလုံ၏ သားကိုသာ ရောင်းရန် ဆုံးဖြတ်လိုက်သည်။ မိမိတို့အလုပ် လုပ်စဉ် တစ်လျှောက်လုံး ကော်ဖီစေ့များ တင်ပို့ပေးခဲ့သော ဦးမိုင်းလုံကိုလည်း ပြန်လည်ကျေးဇူးဆပ်ခြင်းသဘောဖြင့် သဘောတူခဲ့လေသည်။

ဦးမိုးအာကာက ကော်ဖီချစ်သူဖြစ်သဖြင့် ကော်ဖီ အကြောင်းကိုသိ၍ ကော်ဖီကောင်းများကိုသာ ဆက်လက် ထုတ်လုပ်ရောင်းချနိုင်သော ဦးမိုင်းလုံ၏ သားကို ရောင်းဖို့



ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"လာဗျာ ... မောင်စိုင်းထူး။ အန်ကယ် စောင့် နေတာ၊ မင်းကို အလုပ်အကြောင်းလည်း နည်း နည်းရှင်းပြရင်းနဲ့ပေါ့။ ပြီးတော့ မင်းကို တောင်း ဆိုစရာလေးလည်း နည်းနည်းရှိလို့။"

အသားကြည်လင်၍ စကားသံနည်းနည်းဝဲသော စိုင်းထူးကလည်း ခေါင်းငြိမ့်ကာ....

"ဟုတ်ကဲ့ အန်ကယ်...ပြောပါ...ကျွန်တော်ဘာများ လုပ်ပေးရမလဲ မသိဘူး။"

"ဒီလိုပါကွာ၊ အန်ကယ်တို့ ကုမ္ပဏီမှာရှိတဲ့ ဝန် ထမ်းတွေကို မထုတ်ပစ်စေချင်ဘူး။ အန်ကယ် တကယ်တမ်း အခုလိုရောင်းဖို့ စဉ်းစားဖြစ်တာ လဲ..သူတို့ကြောင့်ပဲ... ဘကယ်ကို အားကိုးပြီး ကြိုးစားကြတဲ့ ကလေးတွေပါ..။ မင်း ဆက်ခိုင်း ကြည့်ပါကွာ..။"

"ဟုတ်ကဲ့ပါ...အန်ကယ်။ ကျွန်တော် သဘော ပေါက်ပါတယ်။ စာရွက်စာတမ်းနဲ့ လူတွေလည်း စုံပြီဆိုတော့ ကျွန်တော်တို့ အရောင်းအဝယ် လက်မှတ် ထိုးလိုက်ကြစို့လား။"

ဦးမိုးအာကာ တုန်ရီသောလက်များကို အသာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းကာ လက်မှတ်ထိုးပေးလိုက်သည်။ ဘေးနားက အသိသက်သေနေရာမှာလည်း ကုမ္ပဏီ၏ ကျန်အစုရှယ်ယာ အများဆုံးပိုင်သော ဦးကျော်စွာက လက်မှတ်ထိုးလိုက်သည်။

အရောင်းအဝယ်အားလုံး လက်မှတ်ထိုးပြီးချိန်တွင်တော့ စိုင်းထူးထံသို့ ဖုန်းဝင်လာသည်။

"ဟုတ်ကဲ့သူဌေး....ပြီးပါပြီ။ ဟုတ်ကဲ့ ခင်ဗျာ။"

စိုင်းထူး ပြောပြီးသည်နှင့် ဖုန်းချလိုက်သည်။ အားလုံးကိုလည်း တစ်ဆက်တည်း ...

"ခဏလေးနော်၊ ကျွန်တော့်သူဌေး လာနေလို့ အခု ကုမ္ပဏီရှေ့ ရောက်နေပြီဆိုလို့ ကျွန်တော် ထွက်ကြိုလိုက်ဦးမယ်။"

ဦးမိုးအာကာ ကြောင်သွားသည်။ စာချုပ်ကို စိုင်းထူး နာမည်နှင့် ချုပ်လိုက်တာပဲ။ သူဌေးက စိုင်းထူး မဟုတ်ဘူးလား။ ဦးမိုးအာကာ ကြာကြာမစဉ်းစားလိုက်ရ အခန်းအတွင်းသို့ သူဌေးဆိုသူ ဝင်ရောက်လာသည်နှင့်....

"ဟင်....။"

အားလုံးက အရမ်းကို အံ့သြသွားကြသည်။ ဦးမိုးအာကာ ကိုယ်တိုင်လည်း အံ့သြသွားရသည်။ ဘာတွေဘယ်လိုဖြစ်ကုန်လည်း မသိတော့ပါ။ အားလုံး၏ မျက်လုံးများကလည်း ဦးမိုးအာကာထံ ကျရောက်လာသည်။ မျက်ဝန်းများတွင် အထင်သေးခြင်းအရိပ်အယောင် အငွေ့အသက်များကိုလည်း ခံစားသိရှိလိုက်ရသည်။

ဦးမိုးအာကာကို တွေ့သည်နှင့် ဦးရဲခေါင်တစ်ယောက် ချက်ချင်းလက်ဆွဲ နှုတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုမိုးအာကာ။ ခင်ဗျား ကူညီလို့ ဒီကုမ္ပဏီကို ကျွန်တော်ဝယ်ခွင့်ရခဲ့တာပါ။"

ဦးရဲခေါင်စကားကြောင့် အားလုံးက ဦးမိုးအာကာကို နှာခေါင်းရှုံ့ချင်ကုန်ကြသည်။ လူကြီးတွေမို့လို့သာ အိနြေ္ဒဆယ်နေကြတာဖြစ်သည်။

"ကျွန်တော် ခင်ဗျားကို ဘာမှမကူညီခဲ့ပါဘူး။"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ဒီစက်ရုံမှာလည်း ကျွန်တော်ရဲ့ New Choice Coffeemix တွေ ဆက်လက်ထုတ်လုပ်မှာပါ"

ဦးရဲခေါင်၏ ဘာလိုလို စကားမျိုးကြောင့် အားလုံးက စိတ်ပျက်သွားသောအကြည့်နှင့် ဦးမိုးအာကာကို လှမ်းကြည့်ကြသည်။

"ကဲ..ကဲ။အခုအားလုံးပြီးပြီဆိုတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်တော့မယ်။"

ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံးက ထပြန်သွားကြသည်။ ဦးမိုးအာကာကတော့ ဒေါသများထွက်ကာ အသားများ တဆတ်ဆတ်တုန်သည်အထိ စိတ်တိုနေသည်။

"ဒီမှာ ခင်ဗျား..ဒီကိစ္စကို သေချာအကွက်ချပြီးလုပ်တာမှတ်လား...။"

"ခင်ဗျားမှာ ဘာသက်သေအထောက်အထားရှိလို့ ကျွန်တော့်ကို လာစွပ်စွဲနေရတာလဲ။"

"အေး..သက်သေမပြနိုင်သေးလို့ပေါ့ကွာ ... ပြနိုင်လို့ကတော့ မင်းကို ထောင်ထဲတန်းပို့တယ်။"

"သွေးရူးသွေးတန်း ပုံစံနဲ့ ဒီမှာလာအော်မနေနဲ့... ခင်ဗျားအရည်အချင်းရှိရင် စုံစမ်းလိုက်...ကြိုက်သလို ခင်ဗျားလုပ်နိုင်တယ်။ ခင်ဗျားသိအောင် Hint လေးတောင်ပေးလိုက်ဦးမယ်..။ ဒါတွေ အားလုံး ကျုပ် သေချာအကွက်ချပြီး လုပ်တာ။ ဟုတ်တယ်။ ဒါပေမဲ့ ခင်ဗျားသေချာ စဉ်းစားပြီးမှ လုပ်နော်။ မဟုတ်ရင်တော့ ကျုပ်ကလည်း အသရေဖျက်မှုနဲ့ ခင်ဗျားကို အရင်ပို့လို့ရတယ်။ ကျုပ်လုပ်တာကို မပြည့်နိုင်ဘဲ တရားစွဲလို့ကတော့



ခင်ဗျားကို အရင်ဆုံးအမှုလာပတ်မယ်ဆိုတာ မမေ့ပါနဲ့။ အဲဒီ ကော်ဖီမစ်တွေရဲ့ ရောင်းရငွေတွေကလည်း ခင်ဗျား Bank Account ထဲပဲ ပြန်ဝင်နေတာနော်။ ပြီးတော့ ဒီလိုပစ္စည်းတွေကို သုံးခိုင်းတာလည်း ခင်ဗျားကိုယ်တိုင်ပဲဆိုတာ တစ်ကုမ္ပဏီလုံးသိတယ်။ အဲ့တော့ ခင်ဗျားစဉ်းစားပေါ့။"

ဦးမိုးအာကာ 'တောက်' တစ်ချက်ကိုခေါက်ရင်း ထထွက်လာခဲ့သည်။ အခုအချိန်မှာ ဦးမိုးအာကာ ပြောရင် ဘယ်သူက ယုံတော့မှာလဲ။ ဒါကြောင့် ဦးရဲခေါင်က အကွက်ကျကျ သူများကုမ္ပဏီကို သူအတင်းယူတယ် မဖြစ်ဘဲ ဦးမိုးအာကာက ရောင်းလို့ဝယ်ရသည့် ပုံစံ သူတော်ကောင်းပုံမျိုး ချိုးသွားခြင်းဖြစ်သည်။ ဦးမိုးအာကာတော့ စုပေါင်းကုမ္ပဏီ၏ ငွေတွေကို အလွဲသုံးစားလုပ်ကာ ပြိုင်ဘက်ကုမ္ပဏီကို ရောင်းစားသော အဆင့်အတန်းမရှိသောလူတစ်ယောက် ဖြစ်သွားခဲ့ရသည်။

❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ဝေါ့."

"အဖေ တော်တော့လေ။ အဖေ အရမ်းများနေပြီ။ အမေ ပြောပါဦး။"

အနားမှာ ထိုင်နေသော အမေကလည်း လောကဓံ၏ အထုအရိုက်ကို ကောင်းစွာခံထားရသဖြင့် ပိန်းချုံးချိနဲ့ပြီး အဖေ့ကို ပြောဖို့နေနေသာသာ သူ့ကိုယ်သူပင် မနည်းအားတင်းရပ်နေရသည့် အနေအထားရှိသည်။ လောကကြီးတွင် ကူညီထားတုန်းတော့ လူတွေက တစ်မျိုး၊ ကိုယ်လည်းအကူအညီလိုရော တစ်ဦးတစ်ယောက်မှ ပြန်မပေးချင်တော့။

အရင်လို အနားမှာ 'မမ...မမ'နှင့် အမေ့ကို ကပ်စားနေသော လူများကလည်း အခုဆို ဆေးဖော်ကြောဖက်တောင် မလုပ်တော့။

မိုးဒေဝါတို့ အခြေအနေက တော်တော်လေးကို ယိမ်းယိုင်သွားသည်။ အရင်ရွှေတောင်ကြားထဲတွင် ရှိသော



တိုက်ကြီးကိုရောင်းကာ မြောက်ဒဂုံရှိ တစ်ထပ်တိုက်လေးကို ပြောင်းပေးခဲ့ရသည်။ ကုမ္ပဏီမြတ်တုန်းကတော့ အတူဝေမျှစားသုံးကြပြီး ပေးစရာအကြွေးများရှိမှ မသိချင်ယောင်ဆောင်ကြသဖြင့် ဖေဖေကပဲ တာဝန်ရှိသူအဖြစ်နှင့် အားလုံးကို တာဝန်ယူကာ လျော်ပေးခဲ့ရသည်။

တစ်သက်လုံး အခြွေအရံအပေါင်းအသင်းများနှင့် နေခဲ့သော မိုးဒေဝါတို့မိသားစုသည် အခုတော့ ကိုယ့်ထူကိုယ်ထ လုပ်နေရသည်။ မေမေက နေမကောင်း၊ ဖေဖေက တစ်ချိန်လုံး မူးနေသဖြင့် အိမ်၏ထမင်းချက်၊ အဝတ်လျှော်၊ မီးပူတိုက်၊ သန့်ရှင်းရေးများကို မိုးဒေဝါ တစ်ယောက် လုပ်ကိုင်ခဲ့ရသည်။

"သား...ငါ့သားကို ဖေဖေတစ်ခုမှာခဲ့မယ်...လောကမှာ ဘယ်သူ့ကိုမှ မယုံနဲ့...မသနားနဲ့...ဖေဖေဆိုလူတွေကို ယုံလို့ ဘဝပျက်ခဲ့ရပြီ။ ဖေဖေ့ဘဝကို ဖျက်ဆီးတဲ့လူကို သားသိတယ်မှတ်လား..အေ့။"

"သား ကောင်းကောင်းမှတ်မိပါတယ် ဖေဖေ။"

"အေး...သားမှတ်ထား သူတို့ကိုလည်း တစ်နေ့ ဖေဖေတို့ မိသားစုခံစားရသလို ပြန်ခံစားရအောင် လုပ်ရမယ်။ ဒီလို လုပ်နိုင်ဖို့အတွက် သားပညာတတ်ကြီးဖြစ်အောင် လုပ်ရမယ်။"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဖေဖေ ... သား စကြိုးစားပါ့မယ်။"

ရှစ်တန်းကျောင်းသားလေး မိုးဒေဝါက အံကိုကြိတ်ကာ ဖခင်ကို ကတိပေးလိုက်သည်။ တစ်မိသားစုလုံး လူပုံအလယ်မှာ မျက်နှာမပြရဲအောင် ရက်ရက်စက်စက် လုပ်ခဲ့သော ဦးရဲခေါင်တို့ မိသားစုလည်း တစ်နေ့ ဒီလိုမျိုး ခါးသီးတဲ့ ဒုက္ခတွေကို ပြန်ရင်ဆိုင်ရစေမယ်။ နေ့စဉ်မပြတ်ကြားနေရသော ဖခင်စကားများကြောင့်လည်း ဦးရဲခေါင်တို့ မိသားစုကို တူးတူးခါးခါး မုန်းသည်။

ဒီလိုအသံများကို နားထောင်ရင်း မိခင်ကိုစောင့်ရှောက်ရင်းနဲ့လည်း မိုးဒေဝါတစ်ယောက် ရှစ်တန်းအောင်ခဲ့သည်။ မိုးဒေဝါ ရှစ်တန်းအောင်စာရင်း ထွက်တဲ့နေ့မှာတင် မေမေက နှလုံးရောဂါနှင့် ဆုံးခဲ့သည်။ လောကမှာ တစ်ဦးတည်းသော အားကိုးစရာ ဖေဖေကလည်း သိပ်မကြာခင်မှာပဲ 'အရက်အလွန်အကျွံသောက်ကာ ဦးနှောက်သွေးကြောပြတ်ကာ ဆုံးခဲ့သည်။

'ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုသလို' ကံဆိုးခြင်းများနှင့် အသက်ရှင်ကြီးထွားခဲ့ရသည်။ ဒါကြောင့်လည်း ဖေဖေထားခဲ့သော နောက်ဆုံးလက်ကျန်ငွေလေးများကို ကျစ်ကျစ်ပါအောင် စုရင်း ဖေဖေမျှော်မှန်းထားသော ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သည်။



## အခန်း(၂၂)

အိပ်မက် စာအုပ်လေးကိုကိုင်ရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ရင်ထဲတွင်လည်း ကို့ကို ပိုမိုနားလည်ကာ စာနာလာမိသည်။ ဒီအဖြစ်အပျက်ဟာ တကယ်ဟုတ်လား မဟုတ်လားဆိုတာကို အခုအချိန်တွင် ဖေဖေလည်း မရှိတော့၍ သွားမေးကြည့်ဖို့ မဖြစ်နိုင်ပေ။ ဖေဖေက အလုပ်လုပ်လျှင် လောဘကြီးသည်မို့ မဟုတ်ဘူးလို့လည်း တထစ်ချ မပြောနိုင်ပေ။

ဖေဖေသည် ဘယ်အလုပ်ကိုလုပ်လုပ် အမြဲသူများထက်သာအောင် နည်းလမ်းပေါင်းစုံ သုံးတတ်မှန်းကိုတော့ အိပ်မက် သိသည်။

ဒါကြောင့် အိပ်မက်က ဖေဖေ့ကိုယ်စား ကို့ကို ပြန်ပေးဆပ်ရမယ်ဆိုလည်း အိပ်မက် ကျေကျေနပ်နပ်ကြီးကို ပြန်ပေးဆပ်မှာပါ။

ကိုရယ် ... အိပ်မက်ကို ကြိုက်သလောက် မုန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ထားတော့ မထားခဲ့ပါနဲ့ ကိုရယ်..။ အိပ်မက်တစ်ယောက်တည်း စကားတွေပြောနေမိသည်။ အိပ်မက်နောက်ဆုံး လှန်လိုက်သော စာမျက်နှာကတော့ အိပ်မက်အသည်းတွေကို အက်ဆစ်နဲ့ အပက်ခံရသလို နာကျင် ပူလောင် လွန်းလှပါသည်။

ဒီထက်ရက်စက်သော စကားလုံးများနဲ့သာ အိပ်မက်ကို အသေသတ်လိုက်ပါတော့လား ကိုရယ်။ အိပ်မက်ကိုအတွက်ဆို သေဆိုလည်းသေဖို့ အဆင်သင့်ဖြစ်ခဲ့ပါပြီ။

အဖေ..

ကျွန်တော်တို့ တစ်မိသားစုလုံးကို ငရဲပို့ခဲ့တဲ့ သူတို့မိသားစုကို ကျွန်တော်ရှာတွေ့ပြီ။ အဖေ့အတွက် ကျွန်တော် လက်စားပြန်ချေပြမယ်။ ကျွန်တော်တို့ တစ်မိသားစုလုံး ကြေကွဲဝမ်းနည်းရသလို သူတို့လည်း ပြန်ခံစားစေရမယ်။ ဦးရဲခေါင်နဲ့ သူ့ဇနီးတော့ မရှိတော့ဘူး။ သူတို့သမီးလေး တစ်ယောက်ပဲ ရှိတော့တယ်။ သူ့နာမည်က အိပ်မက်မေတဲ့။ မင်းအဖေရဲ့ အကြွေးတွေကို ဆပ်ဖို့ မင်းအဆင်သင့် ပြင်ထားပါ။ ငါကတော့ မင်းကိုအကြွေးတောင်းဖို့ ပြန်လာပြီ။ မင်းတို့မိသားစုကို ငါအရမ်းမုန်းတယ် အိပ်မက်မေ။ ငါ့အမုန်းတွေကြောင့် မင်းဘဝရှင်လျှက်နဲ့ သေနေစေရမယ်



အိပ်မက်မေ။

မိုးဒေဝါ။

အိပ်မက်ကို ဒီလိုလုပ်လို့ ကို့ပျော်ရွှင်မယ်ဆိုလည်း ပေးဆပ်လိုက်ဖို့ အဆင်သင့်ပါပဲ ကို။ ကိုသာ ပျော်မယ်ဆို အရာအားလုံးကို ပေးဆပ်ဖို့ ဆုံးဖြတ်ထားပြီးသားမို့ အိပ်မက် ဘဝမဆို ကျေနပ်ကြည်ဖြူလိုက်လျောဖို့ အသင့်ပါပဲ ကို။ အိပ်မက်တစ်ယောက်တည်း စကားလုံးပေါင်းများစွာထဲတွင် အကျဉ်းကျသွားသည်။ အတွေးကမ္ဘာထဲတွင်လည်း မနက်ဖြန်တိုင်းက သေဆုံးသွားခဲ့သည်။ မျှော်လင့်ချက်မဲ့စွာ ပေးဆပ်ရင်း ရောင့်ရဲနိုင်တတ်အောင်လည်း အိပ်မက် ကြိုးစားရဦးမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

ညနက်သန်းခေါင်အထိ ကို ပြန်မလာသဖြင့် အိပ်မက် စိတ်ပူလှသည်။ တစ်ခါမှလည်း ကို ဒီလောက် နောက်မကျဘူးသဖြင့် အိပ်မက် အရမ်းစိုးရိမ်မိသည်။ ကို့ဖုန်းကို ဆက်ကြည့်တော့လည်း ဆက်သွယ်မှုဧရိယာ ပြင်ပကိုသာ ရောက်ရှိနေသဖြင့် အိပ်မက်၏ စိုးရိမ်မှုဒီဂရီက တစ်စထက်တစ်စ ပိုမိုမြင့်တက်လာသည်။

ဒီထက်ပိုပြီး နောက်ကျပါက ဖြစ်ချင်ရာဖြစ် အိပ်မက် ရဲစခန်းကို ဖုန်းဆက်ပြီး အကြောင်းကြားဖို့ ဆုံးဖြတ်ထားသည်။ အိပ်မက်တစ်ယောက် ထိုင်မရ၊ ထမရ ဖြစ်ကာ အိမ်ထဲမှာလည်း ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း ကို ပြန်အလာကို စောင့်နေမိသည်။

"မမလေးကလည်း အစ်ကိုလေးက ကလေးမှ မဟုတ်တာ၊ မစိုးရိမ်ပါနဲ့...ပြန်လာမှာပါ။"

အေးအေးက အိပ်မက်ကို စိတ်ပြေရန် ဖြောင့်ဖျ



နေသည်။

"ဟုတ်တော့ ဟုတ်ပါတယ် အေးအေးရယ်။ ဒါပေမဲ့ ကို့ဘယ်တုန်းက ဒီလောက်နောက်ကျဘူးလို့လဲ။"

"ကိစ္စတစ်ခုခုရှိလို့ နေမှာပေါ့။"

အေးအေး ဘယ်လိုပဲပြောပြော အိပ်မက်ကတော့ စိုးရိမ်မိတာပါပဲ။

"တီ...တီ။"

ခြံထဲသို့ ကို့ကား ဝင်လာသည်မို့ အိပ်မက်ထခုန်တော့မတတ် ဝမ်းသာသွားမိသည်။ အိမ်ထဲကို ဝင်လာသော ကို့ခြေလှမ်းများကတော့ သိုင်းကွက်နင်းနေသည်မို့ အိပ်မက် မြန်မြန်လှမ်းတွဲလိုက်သည်။ ကို့ခန္ဓာကိုယ်က လေးလွန်းသဖြင့် အိပ်မက် မနည်းတွဲထားလိုက်ရသည်။

"ဘယ်သူလဲ ... ငါ့အသားကို ထိတာ။"

ကိုက မူးမူးနှင့် လျှောက်အော်နေသည်။ ကို့တစ်ကိုယ်လုံးကလည်း အရက်နံ့များက ထောင်းထောင်းထနေသည်။ ကို့ကို တွဲနေရင်းပင် အရက်နံ့ကြောင့် အိပ်မက် ပျို့တက်ချင်လာသည်။

"ကို.... အိပ်မက်ပါ... ကို။"

"အိပ်မက်.....။"

www.burmeseclassic.com

www.burmeseclassic.com



ကိုက လျှာလေးအာလေးနှင့် အိပ်မက်နာမည်ကို ခေါ်လေသည်။ အိပ်မက်လည်း ကို့ခန္ဓာကိုယ်ကို အခန်းထဲအထိ မသယ်နိုင်သည်နှင့် အိမ်ရှေ့က ဆိုဖာဆက်တီပေါ်တွင်သာ အသာကင်ပေးလိုက်သည်။

"အိပ်မက်ဆို ငါ့ကိုမထိနဲ့။ နင့်လို မိန်းမမျိုးရဲ့ အသားနဲ့ ငါထိရမှာ ရွံတယ်။"

ကို့ စကားကြောင့် အိပ်မက်ရင်ထဲ အောင့်သွားသည်။ ဘာပဲပြောပြော ကိုက အိပ်မက်ရဲ့ လင်ယောကျ်ားပဲ။ မယားဝတ္တရားကျေအောင်တော့ ပြုစုရမည်လို့ အိပ်မက်နားလည်လက်ခံထားသည်။ အနားတွင်ရပ်နေသော အေးအေးကိုလည်း အိပ်မက် အအေးတစ်ခွက် သွားဖျော်ခိုင်းလိုက်သည်။

ကို အရက်သောက်တာ မြင်ဖူးသော်လည်း တစ်ခါမှ အခုလို လူမှန်းသူမှန်းမသိအောင် သောက်လာတာမျိုး အိပ်မက် မမြင်ဖူးပေ။

"ကိုရယ်…ဘာလို့ ဒီလောက်တောင် အများကြီး ဘာလို့ သောက်လာရတာလဲ။"

"ဘာလို့သောက်လဲ ဟုတ်လား။ စိတ်ညစ်လို့ပေါ့ဟ….။ ဘာလို့ စိတ်ညစ်လဲ သိချင်သေးလား နင်နဲ့ တစ်အိမ်တည်း အတူနေရလို့…တစ်နေ့တစ်နေ့ မတွေ့ချင်တဲ့ မျက်နှာကို နေ့တိုင်းတွေ့နေရတာ… ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ…နင့်ကြောင့် ငါနေ့တိုင်း အကုသိုလ်ဖြစ်ရတယ်ဆိုတာ နင်သိလား…။"



အိပ်မက် မျက်ဝန်းထဲ မျက်ရည်များ ပြည့်လျှံသွားသည်။

"အိပ်မက် ကို့ကို ချစ်လို့ပါ။ အိပ်မက်ရဲ့ အချစ်တွေက ကို့အတွက် စိတ်ညစ်စရာတွေ ဖြစ်နေတယ်ဆို အိပ်မက် ဆင်ခြင်ပါ့မယ်။"

အိပ်မက်အသံတွေက တုန်ရီနေသည်။ တံတွေးတွေကို မြိုချဖို့တောင် အိပ်မက်အတွက် ခဲယဉ်းလွန်းလှပါသည်။

"ဆင်ခြင်တာတွေ … မဆင်ခြင်တာတွေ ငါ နားမလည်ဘူး။ ငါ့အတွက်တော့ မင်းနဲ့အတူနေရတာ ငရဲတွင်းထဲ ဇောက်ထိုးကျသလိုပဲ…။"

"ကို…ရယ်။"

အိပ်မက် မေးဖျားလေးများပါ တုန်လာကာ မျက်ရည်များကလည်း မျက်ဝန်းများမှတစ်ဆင့် ပါးပြင်ပေါ်သို့ စီးကျလာသည်။ အောက်နှုတ်ခမ်းလေးကို အပေါ်သွားဖြင့် ဖိကိုက်ထားရင်း ရင်တစ်ခုလုံး မွမွကြေအောင် ကွဲကြေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် မျက်ရည်များကို လက်ဝါးလေးနှင့် သုတ်လိုက်သည်။ အအေးဖျော်ပြီး၍ အေးအေး ဝင်လာသဖြင့် အိပ်မက် မျက်ရည်များ သုတ်လိုက်သည်။

"ကို...အမူးပြေ..သံပုရာရည်လေး သောက် လိုက်ဦး။"

အေးအေး လက်ထဲက သံပုရာရည်ခွက်လေးကို ယူပြီး ကို့အား တိုက်လိုက်သည်။

မိုးဒေဝါက အရက်အရှိန်ကြောင့် သွေးဆူနေသည်။ အိပ်မက် မျက်နှာကို ကြည့်ရင်းလည်း အတိတ်ကို ပြန်လည် မြင်ယောင်လာမိသည်။ မိဘ၏ နောက်ဆုံးဈာပနကိုတောင် ခမ်းခမ်းနားနား မချပေးနိုင်အောင် ဆိုးရွားသော ကံကြမ္မာကိုလည်း မုန်းသည်။ အိပ်မက်တို့ မိသားစုကိုလည်း ရင်ထဲမှာ တဆတ်ဆတ်နာအောင် နာကျင်မုန်းတီးမိသည်။

မျက်နှာရှေ့တွင်ရှိသော အိပ်မက် လက်ထဲက အအေးခွက်ကိုလည်း လက်နှင့်တွန်းကာ ပုတ်ထုတ်လိုက်သည်။

"ခွမ်း"ဆိုသည့်အသံနှင့်အတူ အိပ်မက် အသည်းနှလုံးများလည်း ကျကွဲသွားသည်။ ကို့ရှေ့တွင် ဒူးထောက်ထိုင်နေရာမှ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။

ဘာတွေမှန်းမသိ သိပ်မပီပြင် မသဲကွဲသော စကားများ ပြောနေသော ကို့အသံများကိုလည်း မကြားတစ်ချက် ကြားတစ်ချက်နှင့်.....။ အေးအေးကလည်း အခြေအနေ မကောင်းမှန်းသိ၍ မီးဖိုချောင်တွင်သာ အလိုက်တသိ သွားနေပေးသည်။

"ဝေါ့။"

ကိုက စကားတွေပြောရင်း အန်ချလိုက်သည်။ ကို့ အန်ဖတ်များက ကို့တစ်ကိုယ်လုံးရော၊ အိပ်မက်ပေါ်ကိုပါ ကျကုန်သည်။ ကိုက တစ်လျှောက်ထိုး အန်ပြီးသွားသည့် အချိန်တွင်တော့ ငြိမ်ကျကာ အိပ်ပျော်သွားသည်။ အိပ်မက်မှာသာ အေးအေးကို ခေါ်ပြီး ကို့အဝတ်အစားများ လဲပေးလိုက်သည်။ ကို့ဘီဒိုထဲက ညဝတ်အင်္ကျီလေး ယူကာ အိပ်မက် လဲပေးရန် ပြင်လိုက်သည်။

"အေးအေးရေ ... နည်းနည်းထူပေးစမ်းပါဦး၊ ငါ မနိုင်လို့။"

အိပ်မက်နှင့် အေးအေး မနည်းမ,ကာ ကို့ကို ထူပေးလိုက်သည်။ ကို့ ရဲ့ အန်ဖတ်ပေနေသော အင်္ကျီကို ချွတ်ကာ အိပ်မက် ညဝတ်အင်္ကျီလေး လဲပေးလိုက်သည်။ မျက်နှာ ပေါ်တွင် ပေကျံနေ၍ ရေပတ်တိုက်ပေးလိုက်သည်။ အိပ်မက်တို့ နှစ်ယောက်လည်း ကို့ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် ရင်း ကို့အခန်းထဲသို့ ပို့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကို့ကို ကုတင်ပေါ်တင်ပေးပြီး စောင်လေးခြုံပေးလိုက်သည်။ ပြီးလျှင် အေးအေးနှင့် အောက်ထပ် ပြန်ဆင်းပြီး အိပ်ရှေ့ခန်းမှ အံဖတ်များကိုလည်း အေးအေးနဲ့အတူ ကူသိမ်းပေးလိုက်သည်။

"ရတယ်..မမလေး...ကျွန်မသိမ်းလိုက်မယ်။ မမလေး အိပ်တော့လေ...အရမ်းမိုးချုပ်နေပြီ။"

"ရပါတယ်ဟယ်...ငါပါတော့ မြန်မြန်ပြီးတာပေါ့"

အိပ်မက်လည်း ကူသိမ်းပေးလိုက်သည်။

"မမလေး ... အစ်ကိုလေးကို စိတ်မဆိုးဘူးလား။ ကိုလေး မမလေးအပေါ် အခုလို ဆက်ဆံတာတွေကို...။"

အေးအေးက အိပ်မက်မျက်နှာကို သေချာကြည့်ရင်း မေးလာသည်။ အေးအေးကိုယ်တိုင်လည်း နားမလည်နိုင်လောက်အောင် ဖြစ်နေသည်။ ကိုလေးက ရည်းစားဘဝတုန်းက မမလေးကို တုန်နေအောင် ချစ်မှန်းလည်း အားလုံးအသိဖြစ်သည်။

အခုလို ပြောင်းလဲသွားလိမ့်မည်လို့ အေးအေး ထင်ကိုမထင်ခဲ့ပေ။ မမလေးကလည်း ကိုလေးအပေါ်တွင် ချစ်နိုင်လွန်းသည်။ အေးအေးဆို ဘယ်လောက်ချစ်ချစ် ဒီလောက်တော့ သည်းခံခွင့်လွှတ်နိုင်မည်မထင်။ အခုတော့



ကိုလေးဘာပြောပြော တစ်ချက်မျက်နှာမပျက် ခွင့်လွှတ်ပေးနိုင်သော မမလေးကိုလည်း အံ့ဩသည်။

"ဝဋ်ရှိလို့ပေါ့ အေးအေးရယ်။ ဝဋ်ကြွေးရှိရင်တော့ ကုန်အောင်ဆပ်ရမှာပေါ့။ ကဲ..ကဲ..အကျီတွေ ရေချိုးခန်းမှာ ရေနဲ့ နှစ်ထပ်၊ သုံးထပ် စင်အောင်လောင်းပြီး ဆပ်ပြာစိမ်ခဲ့။ မနက်ကျမှာသာ လျှော်။ သွားသွား...အဲ့ဒါသွားလုပ်ပြီးရင် အိပ်ကြရအောင်၊ အရမ်းညဉ့်နက်နေပြီ။"

"ဟုတ်ကဲ့ မမလေး။"

အေးအေး အဝတ်လေးယူပြီး ရေချိုးခန်းဘက်ထွက်သွားသည်။ အိပ်မက်လည်း အိမ်ရှေ့ကြမ်းလေး သုတ်ရင်း မျက်ရည်များကို မျက်တောင်များ ပုတ်ခတ်ကာ ပြန်သိမ်းထားလိုက်သည်။

❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"ကျွတ်...ကျွတ်..ကျွတ်။"

မိုးဒေဝါ အိပ်ရာက နိုးနိုးချင်း အရင်ဆုံးခံစားလိုက်ရတာ ခေါင်းတစ်ခေါင်းလုံး ကိုက်ခဲနေခြင်း ဖြစ်သည်။

ညက ဟိုကောင်တွေနှင့် အတူသောက်တာ များသွားခြင်း ဖြစ်သည်။ ဘာကြောင့်မှန်းမသိ၊ နေရတာ မပျော်ပေ။ စိတ်တွေလည်း တအားညစ်သည်။ အကြောင်းပြချက်ရှာတော့လည်း ရှာမရပဲ ပေါက်ကွဲ ပစ်ချင်စိတ်တွေသာ များနေသည်။ ဒါကြောင့်လည်း မနေ့က သူငယ်ချင်းတွေ တိုက်တော့ မငြင်းဘဲ အမုန်းသောက်ခဲ့မိခြင်းလည်း ဖြစ်သည်။

အိမ်ကို ဘယ်လိုပြန်ရောက်၍ အခန်းထဲ ဘယ်လိုရောက်နေမှန်းပင် မမှတ်မိတော့။ စောင်ကို ဖယ်လိုက်တော့ ညဝတ်အင်္ကျီဝတ်ထားတာ တွေ့သည်။ အိပ်မက် လဲပေးခဲ့တာ ဖြစ်မည်။



"အားပါး"

ခေါင်းကလည်း တော်တော်ကိုက်သည်။ မိုးဒေဝါ ခေါင်းလေးကို လက်နှစ်ဘက်နှင့် ဖိရင်းရေချိုးအတွင်းသို့ ဝင်ခဲ့သည်။ မျက်နှာသစ်၊ သွားတိုက်၊ ရေမိုးချိုးလိုက်သည်နှင့် လန်းဆန်းကာ ခေါင်းကိုက်နည်းနည်း သက်သာလာသည်။

နာရီကို လှမ်းကြည့်လိုက်တော့ ရုံးသွားဖို့တောင် နောက်ကျနေပြီ။ မိုးဒေဝါ မြန်မြန်အဝတ်လဲကာ အောက်ထပ်တွင် breakfast ဆင်းစားလိုက်သည်။ ပေါင်မုန့် ထောပတ်သုပ်နှင့် black coffee လုပ်ထားပေးသည်။

အေးအေးက black coffee ငှဲ့ပေးသည်။

"တယ်ဟုတ်ပါလား...အေးအေးတို့ အလိုက်သိသားပဲ။"

"ကျွန်မက ဘယ်လိုလုပ်သိမှာလည်း အစ်ကိုလေးရယ် ... မမလေး စီစဉ်ပေးထားတာ။"

သိပါသည်။ အစကတည်းက အိပ်မက်စီစဉ်မှန်း။ ဒါပေမဲ့ တစ်စုံတစ်ဦးက ကိုယ့်အတွက် အိပ်မက် စီစဉ်သည်လို့ ပြောတာကို လိုချင်လို့ တမင်မေးလိုက်တာပါ။

"အော်..။"

"မနေ့က ငါပြန်ရောက်တော့ ဘာတွေဖြစ်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



အေးအေးမျက်နှာ ပျက်သွားသည်။ မသိမသာ နှာခေါင်းလေး ရှုံ့လိုက်သည်ကိုလည်း မိုးဒေဝါ သေချာတွေ့လိုက်သည်။

"ကိုလေး အရက်တွေမူးပြီး မမလေးကို ရမ်းတယ်"

"ဟမ်....ရမ်းတယ်။"

"ဟုတ်တယ်...နင်နဲ့အတူနေရတာ ငရဲကျတာပဲ။ ငါ..နင်နဲ့အတူနေရတာ အရမ်းစိတ်ဆင်းရဲတယ်.. တစ်အိမ်တည်း အတူမနေချင်ဘူးတို့ ဘာတို့.. ရမ်းနေတာပဲ။ ကျွန်မလည်း သိပ်မမှတ်မိတော့ဘူး။ အကြာကြီးပဲ၊ ပြောလို့လည်းပြီးရော အန်တော့တာပဲ။"

"ဟုတ်လား...အိပ်မက် ဘာပြောသေးလဲ။"

ညက ဒီလောက် သွေးဆိုးပြီး ရမ်းကားခဲ့မှန်း အရှင်းမမှတ်မိပေ။ အေးအေးပြန်ပြောမှသာ သိလိုက်ရသည်။

"မမလေးက ဘာမှမပြောဘူး။ ငိုပဲငိုနေတာ။ ညကတောင် အခန်းထဲ ကျွန်မမသိအောင် ကြိတ်ငိုနေသေးတယ်။"

အေးအေး စကားကြောင့် မိုးဒေဝါ မေးကြောကြီးများ ထောင်လာကာ ရင်ထဲမှာ အိပ်မက်ကို သနားသွားသည်။ အိပ်မက်ဟာ ထင်စားတာထက် ဖြူစင်ပြီး အဆိပ်လည်း ကင်းလွန်းသည်။

"အိပ်မက်အခု ဘယ်မှာလဲ။"

"ခြံထဲမှာ ဘုရားပန်းခူးနေတယ်။"

"အင်း..အိပ်မက်ကို နင်တို့လည်း နည်းနည်း ဂရုစိုက်လိုက်ကြဦး။ အိပ်မက်ပုံ ကြည့်ရတာ တဖြေးဖြေးနဲ့ လူမမာနဲ့ တူနေပြီ။"

အေးအေးကတော့ 'အဲဒါ ကိုလေးကြောင့်လေ'ဟု စိတ်ထဲက ပြောလိုက်သည်။ အပြင်မှာတော့ မပြောရဲချေ။ ကိုလေးဒေါသကို ကြောက်သည်။ မိုးဒေဝါလည်း နာရီကြည့်လိုက်တော့ နောက်ကျနေသဖြင့် ပေါင်မုန့်ထောပတ်သုပ် စားမနေတော့ဘဲ ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့ ခြံထဲတွင် အိပ်မက် ဘုရားပန်းခူးနေသည်ကို လှမ်းတွေ့ရသည်။ အိပ်မက်ပုံလေးက နွမ်းနယ်သည့်ပုံလေး ပေါက်နေသည်။ အိပ်မက် သိသိသာသာလည်း ပိန်သွားသည်။

သက်ပြင်းတစ်ချက်ချရင်း မိုးဒေဝါ ကားကို ဆက်မောင်းလာခဲ့သည်။

မိုးဒေဝါ ကားထွက်သွားသည်နှင့် အိပ်မက် အိမ်ထဲဝင်ကာ ဘုရားပန်းကပ်ပြီး ဘုရားရှိခိုးလိုက်သည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးပြီး ဖေဖေနှင့် မေမေအတွက်ပါ ဆုတောင်းမေတ္တာ ပို့ပေးလိုက်သည်။ ကိုနှင့် လေးလေးပါ လုပ်ငန်းကိုင်ငန်းများ အောင်မြင်ချောမွေ့စေရန်ပါ မမေ့မလျော့ ဆုတောင်းလိုက်သေးသည်။

အိပ်မက် ဘုရားခန်းထဲက ထွက်ပြီး ကို့အခန်းထဲ ဝင်ကာ သန့်ရှင်းရေးလုပ်ပေးလိုက်သည်။ ကို့အခန်းလေးထဲကို,ကြိုက်သော နှင်းဆီပန်းလေးများကိုပါ ဝေနေအောင် ထိုးပေးထားသည်။ ကိုက ရေမွှေးနှင်းဆီရနံ့လေးကို အရမ်းနှစ်ခြိုက်သဖြင့်လည်း ကိုကြိုက်သော နှင်းဆီပန်းများကို ခြံထဲမှခူးကာ ကို့အခန်းတစ်ခုလုံး ကြိုင်နေအောင် ထိုးထားပေးလိုက်သည်။ ကိုပြန်လာလျှင် မွှေးကြိုင်အေးမြနေအောင်လည်း အဲယားကွန်းကို အပူချိန်ပိုလျှော့ထားလိုက်သည်။

ကို့တစ်ခန်းလုံးကို အိပ်မက် စိတ်ကြိုက်ပြုပြင်ပြီးသည်နှင့် အိပ်မက် ကိုယ့်အခန်းထဲ ကိုယ်ဝင်ကာ သိမ်းစရာရှိသည်များကိုပါ သိမ်းလိုက်သည်။ သိမ်းပြီးသည်နှင့် တစ်လက်စတည်း အေးအေးကိုပါ ခေါ်လိုက်သည်။ အိပ်မက် အပေါ်ထပ် လှေကားရင်းမှ အေးအေးကို လှမ်းအော်ခေါ်လိုက်သည်။

"အေးအေးရေ...ဘာလုပ်နေလဲ...အားရင် ခဏ



လောက် အပေါ်တက်ခဲ့ပါဦး။"

အေးအေး ကြမ်းတိုက်နေရာမှ လက်ဆေးကာ အပေါ်ထပ်ကို ပြေးတက်ခဲ့သည်။

"ဖြေးဖြေးလာပါဟယ်....ပင်ပန်းလိုက်တာ...။"

"ရပါတယ် မမလေးရဲ့၊ ဘာခိုင်းမလို့လဲ မသိဘူး"

"အေးအေးရေ ... အိမ်နောက်ဘက်က ဧည့်သည်ဆောင်ကို သန့်ရှင်းရေး အရင်လုပ်ထားလိုက်နော်...မနေတာကြာတော့ သေချာ ကြမ်းတွေပါ တိုက်ထားလိုက်နော်...ပြီးရင် တံခါးတွေလည်း ဖွင့်ထား၊ အနံ့အသက်တွေရှိရင် ထွက်သွားအောင်လို့"

"ဟုတ်ကဲ့ မမလေး ဧည့်သည်လာမှာ မို့လို့လား"

အရင်က အိပ်မက်တို့ ပင်မအိမ်ကြီး၏ နောက်တွင် ဘန်ဂလို့,လို အိမ်လေးဆောက်ကာ ဧည့်သည်များလာပါက ထိုအခန်းတွင် ထားတတ်သည်။ ဖေဖေက ကိုယ့်မိသားစုမှ လွဲ၍ ဘယ်သူနှင့်မှ အတူမနေတတ်သဖြင့် ထိုကဲ့သို့ ဘန်ဂလိုလေး ဆောက်ထားခြင်း ဖြစ်သည်။ ဖေဖေတို့ ရှိတုံးက ဧည့်သည်ကလည်း ဘယ်သောအခါမှ မပြတ်သောကြောင့် ထိုသို့ဆောက်ထားခြင်းဖြင့် ကိုယ့်မိသားစု သီးသန့် လွတ်လွတ်လပ်လပ်နေနိုင်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

သို့သော်..ဖေဖေတို့ မရှိကတည်းက အိမ်ကို ဧည့်

www.burmeseclassic.com



သည်များ မလာကြတော့သဖြင့် ထိုအခန်းလေးက အပိုဖြစ်ကာ ပိတ်ထားတာတောင် တော်တော်ကြာပြီဖြစ်သည်။ အခုတော့ ထိုအခန်းလေး ရှိခြင်းကြောင့် အိပ်မက်ကံကောင်းသွားသည်။ ကို၏ ဆန္ဒတွေကို ဖြည့်ဆည်းခွင့် ရခဲ့သည်။

"မဟုတ်ပါဘူး...ငါဟိုဘက်အိမ် ပြောင်းနေမလို့"

"ရှင်...ဘာဖြစ်လို့လဲ မမလေး။"

"ငါရှိနေရင် ကို အနေရခက်မှာစိုးလို့။"

"ဟာ..မမလေးကလည်း လင်မယားပဲဟာ... အနေရခက်တယ်ဆိုတာ ရှိလို့လား ... ကျွန်မကြားတာတော့ ညားကာစ လင်မယားတွေကြားလေသွေးတောင် မဝေးဘူးဆို။"

အေးအေးစကားကြောင့် အိပ်မက်ပြုံးသွားသည်။ တစ်ခါတလေ ဒီကလေးမက သူ့စိတ်ထင်တာတွေကို လွှတ်ကြီးလုပ်ကာ လျှောက်ပြောတတ်သည်။ တကယ်တော့ သူပြောတာလည်း မမှားပါ။ အိပ်မက်တို့ကသာ...

"အော်...အရာတိုင်းကို ပုံသေသတ်မှတ်လို့မှ မရတာ...ကဲပါဟယ်...စကားမရှည်နဲ့၊ ငါပြောတာတွေ လုပ်ထား ... ပြီးရင် ပစ္စည်းတွေရွှေ့မယ်။ အိပ်ရာခင်းတွေနှင့် စောင်တွေပါ အသစ်လဲထားနော်"



"မမလေးနဲ့အတူ ကျွန်မလည်း လိုက်နေမယ်နော်"

အေးအေးက သူ့ဒီအိမ်မှာ ကျန်ခဲ့ရမှာကို တွေးပူနေသေးသည်။ ကိုကိုတော့ သူမ အသေကြောက်သည်။ အိပ်မက်ပြုံးရင်း...

"ဟုတ်ပါပြီ...အတူလိုက်နေပါ။ ကြောက်တတ်လိုက်တာလည်း လွန်ရော။"

"အဟီး။"

အေးအေးက ခေါင်းလေးပုပြီး ရယ်လေသည်။ ပြီးလျှင်တော့ သူမပါ အတူပြောင်းနေခွင့်ရသဖြင့် ပျော်ရွှင်မြူးတူးစွာဖြင့် ပြေးဆင်းကာ ဟိုဘက်အိမ်ကို သန့်ရှင်းရေးသွားလုပ်လေသည်။

အိပ်မက်လည်း အိပ်မက်အဝတ်အစားလေး နည်းနည်းပါးပါးနှင့် အိပ်မက်တို့ မင်္ဂလာဆောင်တုန်းက ရိုက်ထားသော ဓါတ်ပုံလေးတစ်ပုံကို ယူကာ လာခဲ့သည်။

အိပ်မက်ပစ္စည်းတွေ သယ်လာချိန်မှာတော့ အေးအေးက တစ်ခန်းလုံးကို ပြောင်လက်နေအောင် တိုက်ချွတ်ဆေးကြောထားပြီး ဖြစ်သည်။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခွခေါင်းလေး အားလုံးကို အဖြူရွတ်စွတ်လေးကို ခင်းပေးထားသဖြင့် ထိရက်စရာမရှိအောင်ကို ဖြူရွလှပနေသည်။ ခန်းစီးလိုက်ကာလေးများကိုပါ အပြာဖျော့ဖျော့လေးများ

www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသဖြင့် တစ်ခန်းလုံးက မျက်စိအေးကာ နေချင်စဖွယ်အိမ်လေး ဖြစ်သွားသည်။

"တော်လိုက်တာ..အေးအေးရယ်။ တစ်ခန်းလုံးကို ပြင်ထားတာ လှလိုက်တာ..တကယ်ကို နေချင်စဖွယ်လေး။"

"မမလေးနဲ့ အတူနေလာတာ ဒီလောက်ကြာပြီပဲ၊ မမလေး ဘာကြိုက်တယ်ဆိုတာ အကုန်သိတယ်။ ဒါကြောင့် မမလေးအကြိုက် ဒီအိမ်လေးကို ဖန်တီးပေးထားတာ။"

"ကျေးဇူးပါဟယ်။ နင်က ဘယ်မှာနေမလဲ၊ ဘေးကပ်ရက်အခန်းမှာ နေမလား။"

"မမလေးခိုင်းစရာရှိတာ ခိုင်းရအောင် ကျွန်မ ဒီအခန်းမှာပဲ နေမယ်လေ။"

"မနေပါနဲ့ဟယ်...ဟိုဘက်အခန်းမှာသာနေ"

"ဟုတ်ကဲ့မမလေး။ ဒီဆို ကျွန်မအခန်းကိုပါ သွားပြင်လိုက်ဦးမယ်နော်။"

"သွား..သွား။"

အေးအေးက ပြုံးရွှင်စွာနှင့် သီချင်းလေး တအေးအေး ဟစ်ကာ သူ့အခန်းကို သန့်ရှင်းရေးလုပ်နေလေသည်။ အေးအေးထွက်သွားသည်နှင့် အိပ်မက်လည်း



ခါတ်ပုံလေးထုတ်ကာ ချိတ်စရာနေရာ ရွေးလိုက်သည်။ အိပ်ရာနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ပန်းခင်းပုံ ပန်းချီကားကို ဖြုတ်ကာ အိပ်မက်တို့ မင်္ဂလာဆောင်ပုံလေးကို သေချာချိတ်လိုက်လေသည်။ ဒီပုံလေးကို ကြည့်ကာ အိပ်မက် ကိုကို အလွမ်းဖြေနိုင်သည်။

အချစ်ကို တချို့က ရယူခြင်းလို့ သတ်မှတ်ကြသည်။ တချို့ကတော့ ပေးဆပ်စွန့်လွှတ်ခြင်းလို့ ပြောကြပြန်သည်။ အိပ်မက်အတွက်တော့ အချစ်သည် ချစ်ခွင့်ရရုံသာ လိုသည်။ အချစ်တွင် မာနနှင့် အတ္တ မလိုလို့ အိပ်မက်ထင်သည်။ အိပ်မက်က ကို့ရှေ့မှာ ဒူးထောက်နေရလည်း ကျေနပ်သည်။ အိပ်မက်က ကို့အတွက်တော့ လိုရာခိုင်းနိုင်တဲ့ အချစ်သုံ့ပန်းတစ်ယောက်ပါ....။

❦ ❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

ဖူးဖူး၊ ကြည်ပြာနှင့် မာလာတို့ ရောက်လာကြသဖြင့် အိပ်မက် အရမ်းပျော်သွားသည်။ သူငယ်ချင်းတွေနှင့် မတွေ့ဖြစ်တာ အတော်ကြာပြီ။ အိပ်မက်လည်း စိတ်ညစ်ညစ်နှင့် အိမ်ထဲက အိမ်ပြင် မထွက်ဖြစ်ခဲ့တာ ဖြစ်သည်။

"မိန်းမ...ငါတို့ကို အဆက်အသွယ်ဖြတ်ထားတယ်ပေါ့...ဟုတ်လား။"

"မဟုတ်ရပါဘူး သူငယ်ချင်းတို့ရယ်။"

"နင်က ချစ်ရမယ့်သူ ရနေတော့ ငါတို့ကို မေ့ထားတယ်ပေါ့။ ငါတို့မှာတော့ သတိရလိုက်ရတာ။"

ဖူးဖူးက ဆံပင်လေးများ ခါရမ်းရင်း အိပ်မက်ကို ရန်ထောင်လိုက်သည်။ အိပ်မက်လည်း သူငယ်ချင်းများနှင့် တွေ့ရသဖြင့် မျက်ရည်များဝဲတက်လာအောင် ပျော်ရွှင်မိသည်။ အားငယ်နေချိန်တွင် သူငယ်ချင်းများကို တွေ့ရသဖြင့်လည်း ဝမ်းသာသွားသည်။



အိပ်မက် စိတ်များတင်းထားရင်းနှင့်ပင် သူငယ်ချင်းများကိုဖက်ရင်း မျက်ရည်များကျလာသည်။ အခုမှ သူငယ်ချင်းများကလည်း အိပ်မက်ကို သေချာအကဲခတ်ရင်း စိုးရိမ်လာကြသည်။

"ဘာဖြစ်တာလဲ အိပ်မက်ရယ်...နင်ကိုကြည့်ရတာ..ငါရင်ထိတ်လိုက်တာ...။"

ကြည်ပြာက စိုးရိမ်တကြီး ဆိုသည်။ သူငယ်ချင်းအားလုံးကလည်း အိပ်မက်ကို စိတ်ပူစွာနှင့် ဝိုင်းမေးကြသည်။ အိပ်မက်အတွက်က သူငယ်ချင်းတွေရှေ့တွင် ချုပ်ထိန်းထားသဖြင့် ပွင့်အန်ကျလာသည်။ အိပ်မက်အတွက် သူငယ်ချင်းတွေက အကောင်းဆုံး နားလည်ပေးနိုင်တဲ့ ရင်ဖွင့်ဖော်ပါ။

"အိပ်မက် ပြောပါဦးဟယ်...ငိုချည်းမနေနဲ့၊ ငါတို့ စိတ်ပူလို့ သေတော့မယ်။"

ကြည်ပြာ့ရင်ခွင်ထဲတွင် တအိအိငိုနေသော အိပ်မက်ကို ကျောလေးသပ်ပေးရင်း ချော့မေးကြသည်။

"ငါ....ငါ...။"

"ဘာလဲ၊ နင်နဲ့ ကိုမိုးဒေဝါတို့ အိမ်ထောင်ရေးအဆင်မပြေကြဘူးလား....။"

သူငယ်ချင်းတွေက စဉ်းစားရင်း ဝိုင်းမေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ကိုမိုးဒေဝါနှင့် လက်ထပ်ခဲ့၍ ပျော်ရွှင်ခဲ့သော အိပ်မက်အတွက် စိတ်ဆင်းရဲစရာဆိုလို့ ကိုမိုးဒေဝါအတွက် ကြောင့်သာ ဖြစ်နိုင်သည်။

အိပ်မက် မျက်ရည်များနှင့် ခေါင်းညိမ့်ပြလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ... ပြောပြပါဦး။"

မာလာက အိပ်မက်ကို တစ်ရှူးလေး ကမ်းပေးရင်း မေးလိုက်သည်။

"ကိုက..ငါ့ကို မုန်းလို့ လက်ထပ်ခဲ့တာ...။"

"ဘယ်လို...ဘယ်လို...မုန်းလို့ ဟုတ်လား။"

အိပ်မက်စကားကို နားရှုပ်သွားသော ဖူးဖူးက သေချာအောင် ထပ်မေးလိုက်သည်။

"ဟုတ်တယ်..ဖူးဖူး...ကို့မိသားစုနဲ့ ငါ့မိသားစုက အရင်က စီးပွားပြိုင်ဘက်တွေ။ ကို့မိဘတွေ စီးပွားပျက်သွားအောင် ဖေဖေက လုပ်ခဲ့တယ်လို့တော့ ပြောတာပဲ......။"

"ဘယ်လိုလုပ်ခဲ့တာလဲ။"

ကြည်ပြာက မေးလာသဖြင့် အိပ်မက် သိသလောက်ကို ရှင်းပြလိုက်သည်။

"နှင်အဖေက တကယ်လုပ်ခဲ့တာလား အိပ်မက်"



မာလာက မျက်လုံးလေးများ မှေးစင်းကာ စဉ်းစားရင်း သေချာအောင် ထပ်မေးကြည့်လိုက်သည်။

"ငါ ဘယ်သိမလဲ မာလာရယ်...အခုအချိန်မှာ ဒီအကြောင်းကို သိတဲ့လူလည်း တစ်ယောက်မှ မရှိကြတော့ဘူး...ဒီတော့ ငါက ဒီကိစ္စ ဘယ်သူ့ကို သွားမေးပြီး မှန်တယ်၊ မှားတယ် ဆုံးဖြတ်ရမလဲ။"

"အေးလေ ... နှင့်ဘက်ကကြည့်လည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုမိုးဒေဝါက ဘာကြောင့် နှင့်ကို ဒီလို ဆက်ဆံရတာလဲ။ ဒီပြဿနာတွေမှာ နှင်မှ မပါတာ။ အခုလို ပြန်လက်စားချေတာကတော့ သူ ယောကျာ်းမဆန်တာဘဲ...။"

"မာလာ...နှင်အဲလိုတော့ သွားမပြောနဲ့လေ .. ငါတို့က ဒီအတိုင်းလေး နားထောင်ရတာ.. သူက တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝပျက်ခဲ့ရတာ.. သူ့နေရာမှာ ငါတို့ဆိုလည်း ဒီလို လက်စားချေမိမှာပဲလေ....အိပ်မက် မပါပေမယ့်လည်း ... အိပ်မက်တို့ မိသားစုကြောင့် သူတို့တစ်မိသားစုလုံး ထိခိုက်ကြေကွဲခဲ့ရတာလေ။"

အိပ်မက်တို့ သူငယ်ချင်းအားလုံးတွင် ကြည်ပြာ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လူကြီးဆန်ကာ တစ်ခုခုဆို သေချာတွေးတော ဆင်ခြင်တတ်သည်။

"ကြည်ပြာ ဘယ်လိုပြောပြော ငါတော့ မာလာ့အတိုင်းပဲ မကျေနပ်ဘူး...အိပ်မက်...နင်လည်း ဘာမှအားငယ်စရာမရှိဘူး...နင်ကအခုအချိန်ထိ အပျိုလေးပဲ ..ပျော်ပျော်နေ...သူသိပ်လွန်လာရင် ကွာရှင်းပေးလိုက်...။ ကွာရှင်းပေးလိုက်လည်း နင့်မိဘထားခဲ့တဲ့အမွေတွေက နင်ဒီတစ်သက်တော့ မကုန်ပါဘူးဟာ...ဘာမှ စိတ်ရှုပ်မခံနဲ့။"

"နင်တို့ အိပ်မက်ကို သိပ်မမြှောက်ပေးကြနဲ့၊ ဘာပဲပြောပြော ငါတို့ မြန်မာမိန်းကလေးတွေက တစ်ယောက်က နှစ်ယောက်ပြောင်းရင် ကောင်းတာမဟုတ်ဘူး...ပြီးတော့ တစ်ခုလပ် တစ်လင်ကွာဆိုရင်လည်း လူတွေက မလေးစားချင်ကြဘူး... စိတ်ကိုလျှော့ပြီး အတတ်နိုင်ဆုံး သည်းညည်းခံပါ အိပ်မက်ရယ်...။"

သူငယ်ချင်းတွေက အိပ်မက်အတွက်တော့ တကယ့်ညီအစ်မတွေလို အားကိုးရသည်။ အိပ်မက် ကြည်ပြာ့စကားကို ခေါင်းညိမ့်လက်ခံလိုက်သည်။ အိပ်မက်ကိုယ်တိုင်လည်း တိုနဲ့ ကွာရှင်းဖို့ကို ဘယ်တုန်းကမှ စိတ်



မကူးခဲ့ပေ။

"ဒါပေမဲ့ နင် အိမ်ထဲမှာချည်း ကုပ်မနေနဲ့ အိပ်မက် ... နင့်ဘဝတက်လမ်းအတွက်လည်း နင်တစ်ခုခုတော့ လုပ်သင့်တယ်...ကိုမိုးဒေဝါက နင်တစ်ဘဝလုံး ပံ့ပေးဖို့က စိတ်မှ မချရတာ.. နင် ငါတို့နဲ့ လိုက်ပြီး သင်တန်းတစ်ခုခု ပြန်တက်...ပြီးရင် နင့်ဘဝအတွက် အာမခံချက်ရှိတာ တစ်ခုခုတော့ လုပ်ထား...ကြိုမမြင်ရတဲ့ ဘဝမှာ နင့်အတွက်တော့ ကြိုတင် ပြင်ဆင်မှုတွေ လိုလိမ့်မယ် ငါထင်တယ်... အိပ်မက်ရယ်။"

ကြည်ပြာ့စကားတွေက သွေးထွက်အောင် မှန်နေလည်း အိပ်မက်အတွက်တော့ ခါးသက်လွန်းလှပါသည်။ ကြည်ပြာ့စကားတွေကြောင့် ရင်ဘတ်စူးအောင့်ကာ နာကျင်သွားသည်။ ငြင်းမရအောင် မှန်နေသော စကားများကြောင့်လည်း အိပ်မက် ငိုင်တွေသွားမိသည်။

"ဟုတ်တယ် အိပ်မက်..နင်ဘယ်လောက်ချမ်းသာချမ်းသာ စည်းစိမ်ဥစ္စာဆိုတာ မမြဲရဘူး.. နေမြင်ညပျောက်တွေပါ..ပြီးတော့ အရေးအကြီးဆုံး တစ်ချက်က နင်ကိုယ်တိုင်လည်း စီးပွားရေးနားလည်ဖို့အရေးကြီးတယ်...ဒါမှလည်း နင် တစ်ခုခု

www.burmeseclassic.com



ဆို ကိုင်တွယ်ဖြေရှင်းနိုင်ပါ။"

အိပ်မက်သူငယ်ချင်းတွေရဲ့ စကားကို လက်ခံလိုက်သည်။ အိပ်မက် ဒီလိုပညာတွေသင်တာ အိပ်မက်စည်းစိမ်ကို ကာကွယ်ဖို့ မဟုတ်ပါဘူး။ တစ်ချိန် အိပ်မက်ကို ကို့အလိုမရှိတော့တဲ့ အချိန်ကျရင် အိပ်မက်ဘဝကို အိပ်မက်ရပ်တည်နိုင်ဖို့ပါ။ ဒီစည်းစိမ်တွေကိုတော့ ကိုကြိုက်သလို သုံးစွဲခွင့်ရှိသည်။ အိပ်မက် အကြွေးပြန်ဆပ်တယ်လို့ပဲ သဘောထားသည်။ အိပ်မက်ရဲ့ တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် လေးလေးကိုလည်း အိပ်မက် စိတ်မဆင်းရဲစေချင်..။

အခုအချိန်ထိ လိုက်ပူပန်ပေးနေရသော လေးလေးကိုလည်း အိပ်မက် သနားလှပါပြီ။ အိပ်မက်ဘဝကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရန် အိပ်မက်ကြိုးစားရမည်။

"အိပ်မက် ဘာသင်တန်းတွေ တက်ရမလဲ။"

"နင်ငါတို့နဲ့အတူ MBA (Business Administration) သင်တန်းတက်ရမယ်။ ဒီမှာ နှစ်နှစ်တက်ပြီးရင် နင် စင်ကာပူမှာပဲဖြစ်ဖြစ်၊ ဩစတြေးလျမှာဖြစ်ဖြစ် ဆက်တက်လို့လည်း ရသေးတယ်။ ပြီးတော့ အဲဒီက အသိအမှတ်ပြုထားတဲ့ ကျောင်းကြီးက ဖွင့်တာဆိုတော့ တက်ထားတာ ငါတို့အတွက်



မများဘူး ထင်တာပဲ။"

"အေးပါဟယ်..ငါတက်ပါ့မယ်။"

"ဟေး....။"

သူငယ်ချင်းအားလုံး ပျော်ရွှင်သွားကြသည်။ အိပ်မက်လည်း သူငယ်ချင်းများနှင့် ရောက်တတ်ရာရာ ပြောရင်း စိတ်ချမ်းသာလာမိသည်။ အခုလို အချိန်မျိုးသာ အိပ်မက် ထာဝရပိုင်ဆိုင်ချင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"ဟိုင်း...။"

အသံကြောင့် မိုးဒေဝါ အလုပ်လုပ်နေရာမှ ခေါင်းမော့ကြည့်မိသည်။

"အိုး...ဒေဝီ...ဘယ်တုန်းက မြန်မာနိုင်ငံကို ပြန်ရောက်လဲ၊ အကြောင်းလည်း မကြားဘူး...။"

"အကြောင်းမကြားလည်း မင်းရှေ့မှာ တို့ ရောက်နေပြီလေ။ ကျေနပ်တော့လေ။"

ဒေဝီ့စကားကြောင့် မိုးဒေဝါ ကြက်သီးထသွားသည်။ ပွင့်လင်း၍ ခေတ်ဆန်သော ဒေဝီက ဘယ်အရာကိုမဆို ရင်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

"ဘယ်လိုလုပ်ပြီး ကို ဒီမှာရှိမှန်း ဒေဝီသိလဲ..။"

"အို..ကိုယ်က မင်းနဲ့ပတ်သက်ရင် ဘယ်အရာကိုမှ မေ့မထားဘူးလေ။ ဒီမှာ ကိုယ်မရှိပေမယ့် မင်း



အကြောင်းကို ကိုယ် အမြဲစုံစမ်းနေခဲ့တာပါ.. မင်းလက်ထပ်လိုက်တဲ့ သတင်းရော.. မင်းတို့ အိမ်ထောင်ရေး မပြေလည်တဲ့ သတင်းရော ကိုယ်အားလုံးကြားပါတယ်။"

"အင်း...မပြေလည်ဘူးတော့ မဟုတ်ပါဘူး။"

မိုးဒေဝါ မပြေလည်ဘူးလို့တော့ လူသိမခံချင်ပေ။

"အိုကေ..ထားပါတော့။ ကိုယ်က မင်းနဲ့တွေ့ချင်လို့ ပြန်လာတာ...အဲဒီတော့ မင်းလုပ်စရာရှိတာတွေ ခဏထား ... ကိုယ့်ကို ညနေစာ ထမင်းဖိတ်ကျွေး...ကိုယ် အိမ်ဟင်း အိမ်ထမင်း မစားရတာကြာပြီ.. မင်းအိမ်မှာပဲ စားမယ်နော်..။"

ညို့သည်က တောင်းဆိုနေသဖြင့် မိုးဒေဝါ ငြင်းဖို့အားနာသွားသည်။ ဒေဝီဆိုတာကလည်း ရပ်ကွက်ထဲတွင်အတူနေပြီး ကြီးပြင်းခဲ့ကြသည့် မောင်နှမဆိုလည်း မမှားပါ။ ဒါပေမဲ့ ဒေဝီကတော့ မိုးဒေဝါကို တစ်ဖတ်သက် ကြိုက်နေသည်။ မိုးဒေဝါ မိဘတွေဆုံးကတည်းက ဒေဝီ့မိဘတွေက ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြသည်။

"အိုကေ..ဒါဆို ကိုအလုပ်လေး လက်စသပ်လိုက်မယ် ... ဟုတ်ပြီလား..။"

"အိုကေ ဘောဘီ...စောင့်နေမယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက ကိုယ့်အိမ်ကိုယ့်ရာလို အေးအေးသက်သာ ဧည့်သည်သီးသန့်စားပွဲတွင် သွားထိုင်လိုက်သည်။ စားပွဲပေါ်တွင်ရှိသော မဂ္ဂဇင်းစာအုပ်ကိုပင် ခြေချိတ်ထိုင်ကာ ဓိမ်ယူ ဖတ်နေလိုက်သေးသည်။

မိုးဒေဝါလည်း ဒေဝီ့ပုံစံကိုကြည့်ကာ လုပ်စရာရှိသည်များနှင့် ခိုင်းစရာရှိသည်များကို မြန်မြန်ခိုင်းကာ ထပြန်ဖို့ ပြင်ရသည်။

"ဒေဝီ..သွားမယ်။"

စာအုပ်ဖတ်နေရာမှ မျက်လွှာလေး လှန်ကြည့်ကာ "ပြီးပြီလား..ဒေဝီ့ကို အားမနာနဲ့နော်၊ အေးအေးဆေးဆေး လုပ်။"

"မဟုတ်ပါဘူး..တကယ်ပြီးတာပါ ဒေဝီ။"

"အို့ကေ..ဒါဆိုသွားစို့။"

အခုမှပင် မယ်မင်းကြီးမက ခြေချိတ်ထိုင်နေရာမှ မတ်တပ်ထရပ်တော်မူသည်။ မိုးဒေဝါလည်း ဒေဝီ့ကို တင်ကာ အိမ်သို့ မောင်းလာခဲ့သည်။ ရင်ထဲမှာတော့ အိပ်မက်မြင်ရင် ဘာပြောမလဲ...တစ်ခုခုတော့ အိပ်မက်ထံမှ ပေါက်ကွဲသံ..ဒါမှမဟုတ်...အပြစ်တင်သံတစ်ခုခုကို ကြားရမှာတော့ သေချာသည်။

ဒီလိုဖြစ်တော့လည်း ရှင်းပြလိုက်ရုံပေါ့။ ကိုယ်မှ



မဟုတ်တာ မလုပ်တာ။

အိပ်မက် ကို့ကားလေးကို တွေ့သည်နှင့် နောက်ဖက်အိမ်ကို ပြေးဖို့ပြင်လေသည်။ အိမ်ရှေ့မှ စကားသံများကြောင့်လည်း အိပ်မက် ခြေလှမ်းများ တွန့်သွားသည်။

"ဟယ်..မင်းအိမ်ကြီးကလည်း လှလိုက်တာ..။ နန်းတော်ကြီးအတိုင်းပဲ...။"

"အေးအေးရေ ... နင့်မမလေးကို သွားခေါ်လိုက်စမ်း။ ဧည့်သည်ပါတယ်လို့ သွားပြောလိုက်။ ပြီးရင် နင်ကထမင်းပွဲပြင် ... ဧည့်သည်အတွက်ပါ ထည့်ပြင်။"

ကို့အိတ်တွေ လာသယ်ပေးသော အေးအေးကို ကိုက တစ်ခါတည်း လှမ်းမှာလိုက်သည်။

"မမလေး ... ကိုလေးက မမလေးကို ခေါ်ခိုင်းလိုက်တယ်။ ဧည့်သည်လာနေလို့ ဧည့်ခန်းထွက်ခဲ့ပါတဲ့။"

အေးအေးက ကို မှာတဲ့အတိုင်း အိပ်မက်ကို လာပြောသည်။ အိပ်မက် အင်္ကျီလေး ဘာလေး သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ရင်း ခေါင်းလေးကို တစ်ချက် နှစ်ချက်သပ်ကာ အိမ်ရှေ့ကို ထွက်လာခဲ့သည်။

ဂ ကတော့ အိပ်မက်ကို မြင်သည်နှင့် ....

www.burmeseclassic.com

www.burmeseclassic.com



"လာ..အိပ်မက်...ဒါကိုမိတ်ဆွေ...ဒေဝီတဲ့။ ဒေဝီ ဒါ ကိုယ့်အမျိုးသမီး..အိပ်မက်မေတဲ့။"

"အော်..ဒါကြောင့် မင်းက ကိုယ့်ကို ထားခဲ့တာကိုး၊ အိပ်မက်က အရမ်းချစ်ဖို့ကောင်းတာပဲ..။"

"ကျေးဇူးတင်ပါတယ် မဒေဝီ...ဒါပေမဲ့ ကိုက အိပ်မက်ကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ်ပါဘူး"

"အိပ်မက်"

မိုးဒေဝါ အသံကျယ်သွားသည်။ ဖြောင်ကျလွန်းသော အိပ်မက်စကားတွေကို မိုးဒေဝါ ခံနိုင်စွမ်းမရှိပါ။ အိပ်မက်က ယဲ့ယဲ့လေးတစ်ချက်ပြုံးရင်း....

"ဘာလို့လဲ..ကိုရယ်..အိပ်မက်ပြောတာ ဘာမှား လို့လဲ...မဒေဝီ ခဏထိုင်ဦးနော်၊ အိပ်မက် ထမင်းပွဲ ဝိုင်းပြင်ပေးလိုက်ဦးမယ်။"

အိပ်မက်က ပြုံးပြုံးလေး ပြောသွားသော်လည်း မိုးဒေဝါ ရင်ထဲ ဗလောင်ဆူ၍ ကျန်ခဲ့လေသည်။ 'အိပ်မက်ကွာ' ဆိုပြီးလည်း ရင်ထဲတွင် အိပ်မက်နာမည်ကို အကြိမ်ပေါင်းများစွာ အော်ညည်းနေမိသည်။ ဒေဝီပြောသော စကားများကိုလည်း ကြားတစ်ချက် မကြားတစ်ချက် ခေါင်းညိမ့်နေရအော်လည်း စိတ်ထဲတွင်တော့ အိပ်မက်နောက်ကိုသာ လိုက်သွားပြီး စကားတွေ လိုက်ပြောနေချင်မိသည်။



အခုလို အိပ်မက်၏ သူစိမ်းဆန်ဆန် ဆက်ဆံရေးသည် မိုးဒေဝါအတွက် ရင်ထဲတွင် ခါးသက်ကာ အခံရခက်လှပါသည်။ အတွကြီးတယ်ပဲပြောပြော သူမ ကိုယ့်အတွက် ပြင်းပြင်းရှရှကို ပေါက်ကွဲစေချင်သည်။ အခုလို ဥပက္ခာပြုခြင်းမျိုးကို မိုးဒေဝါ မခံစားနိုင်ပေ။

"ကိုလေး စားလို့ရပြီ။"

အေးအေးက ထမင်းစားဖို့လာခေါ်သည်။

"ဒေဝီရေ...လာ...သွားစားမယ်။"

ဒေဝီက မိုးဒေဝါ နောက်မှ လိုက်လာသည်။ ဒေဝီ့စိတ်ထဲ ဒီလောက်ချမ်းသာသော သူဌေးသမီးလေးက ဒီလောက် ခွင့်လွှတ်သည်းခံနိုင်သည့်အတွက်လည်း အိပ်မက်၏ အချစ်ကို မိန်းမသားချင်းမို့ မြင်နေရသည်။

"အိပ်မက် တစ်ခါတည်း ဝင်စားလေ။"

ထမင်းစားပွဲဘေးတွင် ရပ်နေသော အိပ်မက်ကို မိုးဒေဝါ အတူဝင်စားရန် ခေါ်လိုက်သည်။

"ရတယ်...ကိုတို့ပဲ စားပါ..အိပ်မက်ကစားပြီးသား"

အိပ်မက်ရယ်..မလိမ်တတ်ဘဲနဲ့ မလိမ်ချင်စမ်းပါနဲ့။ ဒီအချိန် မင်းဘယ်တုန်းကမှ မစားဘူးဆိုတာ ကို သိပြီးသားပါ။ မိုးဒေဝါ အိပ်မက်ကို သေချာစိုက်ကြည့်နေလိုက်သည်။ အိပ်မက် မျက်နှာက အပြုံးများက ဘာလို့များ ကြေကွဲရိုး

www.burmeseclassic.com

www.burmeseclassic.com



တွေစုပ်နေရတာလဲ..။

မကြည့်စမ်းပါနဲ့...ဒီလို မျက်ဝန်းမျိုးနဲ့...အိပ်မက် တစ်ချက်ပြုံးရင်း...

"မဒေဝီ အေးဆေးစားနော်...နောက်လည်း ကိုနဲ့ အတူ အားရင် လိုက်ခဲ့နော်...အိပ်မက်ထမင်း ကောင်းကောင်းချက်ကျွေးမယ်။"

မဟုတ်ဘူး အိပ်မက်ရယ်..မင်းထင်သလို ကိုဟာ မင်းအပေါ် ရက်စက်ချင် ရက်စက်လိမ့်မယ်..ဒီလိုတော့ ကို မင်းကို ဘယ်တော့မှထားမှာ မဟုတ်ပါဘူး။ မိုးဒေဝါ ရင်ထဲ တွင် အိပ်မက်မကြားနိုင်သော စကားလုံးပေါင်းများစွာကို ပြောနေမိသည်။ အိပ်မက်၏ တစိမ်းဆန်သော မျက်ဝန်း များကလည်း မိုးဒေဝါကို ကြေကွဲစေသည်။

"ကြည့်စမ်း မိုးက ကပ်စေးနဲသလောက် အိပ်မက် က စိတ်ရင်းကောင်းလိုက်တာ။"

"မဒေဝီ အေးဆေးစားနော်...အိပ်မက် အခွေ သွား ကြည့်လိုက်ဦးမယ်...ဇာတ်လမ်းတွဲတွေက အရမ်း ကောင်းတော့ အိပ်ရေးတောင်ပျက်တယ်။"

"သွားကြည့်..သွားကြည့် အိပ်မက်။"

"ဟုတ်..မဒေဝီ။ ကို...မဒေဝီကို သေချာဂရုစိုက် လိုက်နော်...။"



မိုးဒေဝါ မကြားချင်ယောင်ဆောင်နေလိုက်သည်။ အိပ်မက်ကတော့ ပြောချင်တာတွေ ပြောပြီး ထွက်သွားလေ သည်။ အိပ်မက်ထွက်သွားသည်နှင့်...

"မိုး...ရှင်တို့ အိမ်ထောင်ရေးက အဆင်မပြေဘူး လား..။"

"ဘာဖြစ်လို့လဲ။"

"အိပ်မက် မျက်နှာမှာ လောကကြီးကို စိတ်ကုန်နေ တဲ့ပုံ ပေါ်နေလို့။"

"ဟင်..."

လောကကြီးကို စိတ်ကုန်နေတယ်တဲ့လား အိပ် မက်ရယ်..။ လောကကြီးကို စိတ်ကုန်တယ်ဆိုတော့.. ကို့ကို ရောလို့တောင် မတွေးချင်တော့ပေ။

"ကိုယ် မင်းကိုအကြံတစ်ခုပေးချင်တယ်။ မင်း သူ့ကို မချစ်ရင် ဘာလို့ သူ့ကို လှောင်ချိုင့်ထဲ ထည့်ထားမှာလဲ....ပျံသန်းခွင့်ပေးလိုက်ပါလား"

ဒေဝီ ဒီလိုပြောတော့လည်း အသည်းနှလုံးက မခံ နိုင်ပေ။

"စားမှာသာ စားစမ်းပါ...ဒေဝီရာ..။"

"အိုကေ..မင်းမကြိုက်ရင် မပြောတော့ဘူး။"

မိုးဒေဝါ မျက်နှာပျက်နေသဖြင့် ဒေဝီ ဘာမှ ထပ်

www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ပေ။ ထမင်းစားရင်းသာ ရောက်တတ်ရာရာ စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်ကြသည်။

"ကဲ...စားလို့လည်း ဝပြီဆိုတော့ ဒေဝီပြန်တော့မယ်။"

"ကိုယ် လိုက်ပို့ပေးမယ်။"

"နေပါ...စိတ်နဲ့ကိုယ်လည်း ကပ်တာမဟုတ်ဘူး။ ဒေဝီဘာသာ ပြန်ပါ့မယ်။"

"မဟုတ်တာဘဲ..ကိုယ် ပြန်လိုက်ပို့ပေးမယ်။"

"ဒေဝီလမ်းမှာ ဝင်စရာတစ်ခု ရှိသေးလို့ပါ။ တကယ်ပါ..ဒေဝီ ဘယ်တုန်းက အားနာဖူးလို့လဲ။ နောက်တစ်ခေါက်ပေါ့ အကြွေးမှတ်ထား။"

"ကောင်းပါပြီဗျာ..။"

ဒေဝီ ပြန်သွားသည်နှင့် တစ်အိမ်လုံးက တိတ်ဆိတ်ကာ ငြိမ်သက်သွားလေသည်။ အိပ်မက်အသံကို နားစွင့်နေမိသော်လည်း ကောင်မလေးက အမှောင်အတိကျကာ ငြိမ်သက်နေလေသည်။ အချစ်သည် အလွမ်းများကိုပါ အဆစ်မွေးဖွားပေးတတ်မှန်းကို ပထမဆုံးအကြိမ် သိခွင့်ရခဲ့ပါသည်။

❦ ❦ ❦ ❦



## အခန်း(၂၇)

ကိုနှင့် ဒေဝီတို့ အိမ်ကို အတူပါလာတဲ့နေ့က စပြီး အိပ်မက် အရာအားလုံးကို အဆိုးဆုံးတွေးထားပြီး အကောင်းဆုံး လက်ခံနိုင်ရန် အိပ်မက် စိတ်ကို ကြိုတင်ပြင်ဆင်ထားသည်။ စိတ်ဆိုတာကလည်း ကိုယ်ထားချင်တိုင်း ထားလို့ရသည့် အရာမဟုတ်တော့လည်း အခုကတည်းက အိပ်မက် ကိုယ့်စိတ်ကို ကိုယ် လေ့ကျင့်ပေးထားသည်။ မဒေဝီ၏ မျက်ဝန်းများကို မိန်းမသားချင်းမို့ အိပ်မက် ဖတ်တတ်ပါသည်။ ဘယ်လောက်ပဲချစ်ချစ် ၊ ခွင့်လွှတ်နိုင်တယ်ပြောပြော မိန်းကလေးများ၏ စိတ်သည် မုန့်ကိုသာ ဝေစားမယ်၊ အချစ်ကို ဝေမစားဘူးဆိုသည့်အတိုင်း ကို့အတွက် အိပ်မက် မလိုအပ်တော့တဲ့ အချိန်မှာ ထွက်သွားနိုင်ရန် အိပ်မက် တွေးထားသည်။ အတင်းခိုကပ်နေပြီး ကို့ကိုလည်း အိပ်မက်ကြောင့်စိတ်မဆင်းရဲစေချင်ပါ။

အိပ်မက် အခုဆို သူငယ်ချင်းတွေနဲ့အတူ သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



တက်၊ ပြန်ရောက်ရင် စာလုပ်နှင့် စိတ်ကို စာထဲတွင်သာ နွတ်ကြိတ်မှိတ် ထည့်ထားသည်။ အိပ်မက်သင်တန်းက မနက်ကိုးနာရီကနေ နေ့လယ် နှစ်နာရီအထိ သင်တန်းတက်ရသည်။ အခုဆို အိပ်မက် သင်တန်းတက်တာ တစ်ပတ်လောက်တောင် ရှိတော့မည်။

သင်တန်းကို သူငယ်ချင်းများနှင့် အတူတက်သဖြင့် စိတ်လက်ပျော်ရွှင်တဲ့အပြင် သူငယ်ချင်းအသစ်တွေပါ ထပ်မံရရှိလာသည်။ ဒီမှာတက်သော သင်တန်းသားများကလည်း အယောက်နှစ်ဆယ်လောက်သာ ရှိသဖြင့် တစ်ဦးကိုတစ်ဦး သိကာ မောင်နှမတွေလို ခင်မင်နေကြသည်။

အားလုံးကလည်း သက်တူရွယ်တူများ ဖြစ်သဖြင့် တစ်ယောက်ကို တစ်ယောက် မျိုးစုံနောက်ပြောင်ရင်းနဲ့လည်း ပိုမိုရင်းနှီးလာကြသည်။

"အိပ်မက် ...နင့်ကို...ခေတ် ကြည့်နေတယ်။

ခေတ် ကြည့်ရတာ နင့်ကိုကြိုက်နေသလိုပဲနော်"

ကြည်ပြာက အိပ်မက်ကို တံတောင်နှင့် တွတ်ကာ ပြောလိုက်သည်။ အိပ်မက် လှမ်းကြည့်လိုက်တော့ အိပ်မက်တို့ အဖွဲ့ကို သေချာကြည့်နေသော ခေတ် မျက်လုံးများနှင့် တည့်တည့်ဆုံသည်။

"ငါ့ကိုကြည့်တာ မဖြစ်နိုင်ပါဘူး။ နင်တို့ကို ကြည့်



တာ နေမှာပေါ့။ ငါက အပျိုမှ မဟုတ်တာ။"

အိပ်မက်စကားကို ကြားတော့ မာလာက အလန့်တကြားနှင့် ထ,တားပါသည်။ သူငယ်ချင်းအားလုံးက အိပ်မက်ရဲ့ဘဝကို စာနာက သူတို့နှင့်ရှိနေတဲ့ အချိန်လေးတွေမှာ ပျော်ရွှင်စွာပဲ ရှိနေစေချင်ကြသည်။

"ဒေါ်အိပ်မက် နင့်ကို ငါဘာပြောထားလဲ ..ဒီမှာ ကျောင်းတက်ရင် သူများတွေလိုပဲ လိုက်လျောညီထွေနေလို့ ..ပြီးတော့ နင်အပျို မဟုတ်တာကိုလည်း တော်တော်လူသိစေချင်နေတယ် ဟုတ်လား...လူသိစေချင်တာက အရေးမဟုတ်ဘူး... အိမ်ထောင်သည်ဖြစ်ပြီး ယောကျာ်းက တစ်ရက်လေးတောင် ကျောင်းလိုက်မပို့တော့ နင့်ကို သူများက ဘယ်လိုထင်မလဲ.. အားလုံးက တစ်ခုလပ်လို့ ထင်ကြမှာ...ကိုယ့်အထုပ်ကိုယ် ဖြည်မပြချင်စမ်းပါနဲ့.."

မာလာစကားကြောင့် အိပ်မက်သက်ပြင်းတစ်ချက်ချမိသည်။ သူပြောတာလည်း ဟုတ်တာပဲ။

"ဟုတ်တယ်...နင်နဲ့ငါတို့နဲ့က အတူတူပဲ..ဘာမှ အားငယ်နေစရာမလိုဘူး..အရင်လို မာန်အပြည့်နဲ့ အိပ်မက်မေ ဆိုတဲ့ ကောင်မလေးပဲ ပြန်မြင်ချင်

www.burmeseclassic.com

www.burmeseclassic.com



တယ် . .ငါတို့ကို ချစ်ရင်..ငါတို့ပြောသလိုသာ နေ ....။"

အိပ်မက် ဖူးဖူးပါးလေးကို ချစ်စနိုး လိမ်ဆွဲရင်း..

"ဟုတ်ကဲ့ပါ မာမီတို့ရယ်..မာမီတို့သဘောကျ အတိုင်းပါပဲ..။"

"ဒါပဲသမီး..မာမီတို့ အစီအမံအောက်မှာပဲ နေရမယ်။"

အိုက်တင်မျိုးစုံနှင့် ပြောင်ပြနေသော ဖူးဖူးပုံစံကြောင့် အိပ်မက် ဟက်ဟက်ပက်ပက် ထရယ်မိသည်။ အိပ်မက် ရယ်နေရင်းနဲ့ ခေတ်ကို လှမ်းကြည့်တော့ ခေတ်က အိပ်မက်ကို မျက်စိတစ်ဘက် မှိတ်ပြသွားသည်။ သူ့ပုံကို မြင်တော့ အိပ်မက် ပိုရယ်ချင်သည်။ အိပ်မက်ကို အဖျို ထင်ပြီး လိုက်ပိုးနေသည်။ အိပ်မက်သာ အိမ်ထောင်ကျ ပြီးသားမှန်း ခေတ်သိရင်...သူ့ပိုးခဲ့သမျှ သူ့ဘာသာ ပြန်ရှက်နေမည် ဖြစ်သည်။ အိပ်မက် အိမ်ထောင်သည်ဆိုတာလည်း အိပ်မက်မပြောလည်း အနေးနဲ့အမြန်ဆိုသလို သိသွားကြမှာပဲ..။

❦ ❦ ❦ ❦



## အခန်း(၂၈)

နှစ်ပတ်၊ သုံးပတ်ရှိပြီ။ အိပ်မက်ကို လုံးဝမတွေ့ရတာ။ အရင်ကဆို မနက်ဘက် ခြံထဲတွင် ရေလောင်းနေတာကိုတွေ့သေးသည်။ အခုတော့ အရင်လို သူမ၏ အရိပ်လေးကို ဖျတ်ခနဲတောင် မတွေ့ရသဖြင့် မိုးဒေဝါ ရင်ထဲ တစ်ခုခုလိုနေသလို ဟာနေသည်။ ရုံးသွားရတာကိုလည်း စိတ်မပါ။

ရုံးရောက်တော့လည်း အလုပ်မလုပ်ချင်။ စိတ်တွေက ဘာတွေဖြစ်နေမှန်းကို မသိပါဘူး။ ဒီကြားထဲ ဒေဝီကလည်း တစ်မျိုး။ သူ အမေရိကားပြန်တာနှင့် တစ်ခါတည်း လိုက်ခဲ့စေချင်တယ် ဆိုတာချည်းပဲ ပြောနေသည်။ သူမရဲ့ သဘောထားကို နားလည်သော်လည်း အိပ်မက်ကို မခွဲနိုင်ပေ။ အိပ်မက်ကလွဲပြီး ဘယ်မိန်းမကိုမှလည်း အခုလို တစ်ခါမှ မခံစားဖူးပေ။

ဘာတွေပဲ ဖြစ်နေဖြစ်နေ၊ ဘယ်လောက်ပဲ မကျေနပ်နပ် အိပ်မက်နဲ့သာ အတူနေချင်သည်။ ဒါကိုလည်း ဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



သိအောင် အကြိမ်ကြိမ် ရှင်းပြပြီးဖြစ်သည်။

အလုပ်လုပ်ရတာလည်း စိတ်မပါသည့်အတူ အိမ်စောစောပြန်ပြီး အိပ်မက်ကိုပဲ ပြန်တွေ့တာကောင်းမည်။ အလုပ်များကို လက်စသတ်ကာ အိမ်ကိုပဲ ပြန်လာလိုက်သည်။ ကားမောင်းလာသော လမ်းတစ်လျှောက်မှာလည်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ကြည်နူးနေမိသည်။ သူမကြောင့် ကျွန်တော် ကိုယ့်ကိုကိုယ် နားမလည်မှု တော်တော်များများ ဖြစ်ခဲ့ရသည်။

ကား ခြံထဲထိုးဝင်ပြီးသည်နှင့် ပေါ်တီကိုအောက်တွင် တွေ့သလိုရပ်ကာ အိမ်ထဲဝင်လာခဲ့မိသည်။ ရင်ထဲတွင် အိပ်မက်ကို တွေ့ချင်စိတ်က များနေသည်။ အေးအေးက အိတ်တွေ အပြေးလာယူသဖြင့် အေးအေးကိုပဲ မေးလိုက်သည်။

"အေးအေး..အိပ်မက်ကော မတွေ့ပါလား။"

အေးအေးက မိုးဒေဝါ စကားကို ရုတ်တရက် နားမလည်ပေ။ မိုးဒေဝါကလည်း အလောသုံးဆယ်မေးသည်။

"ဟာ..အိပ်မက် ဘယ်မှာလဲလို့ မေးနေတာ။"

"အော်..မမလေး နေမကောင်းလို့ အခန်းထဲမှာ အိပ်နေတယ်။"

"ဟင်...။"



မိုးဒေဝါ ခြေလှမ်းကြဲကြီးများနှင့် အိပ်မက်ရှိသည့် အပေါ်ထပ်ကို တက်သွားသည်။

"ကိုလေး...မမလေးကို သွားတွေ့မလို့လား..။"

အောက်ထပ် လှေကားရင်းမှ အေးအေးက လှမ်းပြောသည်။

"အေး ... ဟုတ်တယ်။"

"မမလေးက ဒီအိမ်မှာမှ မဟုတ်တာ။ မမလေးကို တွေ့ချင်ရင် နောက်ဖေးအိမ်မှာ ရှိတယ်ကိုလေး"

မိုးဒေဝါ အိမ်ပေါ်မှ ပြေးဆင်းလာသည်။ ပါးစပ်ကလည်း အေးအေးကို သိချင်တာများ လှမ်းမေးနေသေးသည်။

"အိပ်မက်က ဘာလို့နောက်ဖေးအိမ်မှာသွားနေရတာလဲ။"

"ဟိုလေ..ဟိုတစ်ခါ ကိုလေးအရက်မူးပြန်လာတုန်းက မမလေးနဲ့ တစ်အိမ်တည်း အတူနေရတာ စိတ်ဆင်းရဲတယ်ဆိုလို့ အဲဒီကတည်းက မမလေးက ဆင်းပြီး နောက်ဘက်က အိမ်မှာသွားနေတာ..။"

"ကျွတ်...အမိပ္ပာယ်မရှိတာကွာ။"

မိုးဒေဝါ စိတ်ထဲ ဝမ်းနည်းသွားသည်။ အိပ်မက်က ကျွန်တော့်အတွက်ဆို အရာရာကို စွန့်လွှတ်ဖို့ အဆင်သင့်

www.burmeseclassic.com



ရှိတယ်ဆိုတာကိုလည်း သိလိုက်ရသဖြင့် စိတ်ထဲတစ်မျိုးလေး ခံစားသွားရသည်။

အိက်မက်က ကျွန်တော် သူမကိုမြင်ရင် စိတ်ဆင်းရဲမှာစိုး၍ ဆင်းသွားသည်။ တကယ်တော့ သူမ မသိလို့ပါ..ကျွန်တော်က သူမကို မတွေ့ရလျှင်လည်း စိတ်ဆင်းရဲတတ်မှန်းကို..။

လျှင်မြန်သော ခြေလှမ်းများက နောက်ဘက်အိမ်လေးကို ရောက်ရှိသွားသည်။ တံခါးလေးဖွင့်ကြည့်လိုက်တော့ အိပ်ရာပေါ်တွင် ခွေခွေလေး အိပ်ပျော်နေသော သူမကို ကျွန်တော် တွေ့လိုက်ရသည်။ သူမတော်တော်လေး ပိန်သွားမှန်းကိုလည်း သတိပြုလိုက်မိသည်။

"အေးအေး ဘာကျွေးထားလဲ။"

"မမလေးက ထမင်းလည်းမစားချင်ဘူး၊ ခေါက်ဆွဲပြုတ်တို့၊ ဆန်ပြုတ်တို့လည်း မစားချင်ဘူးဆိုလို့ ကျွန်မ ကွေကာအုပ်တော့ တိုက်ထားတယ်။"

"သေလိုက်ပါတော့..လူမမာကို အားရှိမယ့်ဟာ တစ်ခုခုတော့ ကျွေးထားပါလား။ "

မိုးဒေဝါ အေးအေးကို ဆူရင်း အိပ်မက် နဖူးလေးကို စမ်းကြည့်လိုက်သည်။ အိပ်မက် ကိုယ်တွေ ခြစ်ခြစ်တောက်အောင် ပူနေတာပဲ။ ကျွန်တော့် လက်ဖဝါးလေး



သူမ နဖူးပေါ်ရောက်တော့ အိပ်မက် မျက်လုံးလေး အသာဖွင့်ကာ ကြည့်လာသည်။

"အိပ်မက်..အရမ်းဖျားနေတာ ဘာလို့ ကို့ကို မပြောတာလဲ။"

မိုးဒေဝါ အိပ်မက် မျက်နှာလေးကို ငုံကြည့်ရင်း မေးလိုက်သည်။ အိပ်မက် မျက်ဝန်းများက အေးစက်စိမ်းကားစွာဖြင့် မိုးဒေဝါကို သေချာကြည့်လာသည်။ နှုတ်ခမ်းလေးကတော့ ဘာအသံမှ ထွက်မလာပေ။

အိပ်မက်ရင်ထဲမှာတော့ ပြောတော့ကော.. ဘာထူးမှာလဲ။ ကိုယ့်မိန်းမတစ်ယောက်လုံး နေကောင်းလား နေမကောင်းလားတောင် မသိတဲ့ ယောက်ျားတစ်ယောက်ကို အိပ်မက် ပြောစရာလိုသေးလို့လား။ အိပ်မက် မျက်ဝန်းများမှ မျက်ရည်များ ပြည့်လာသဖြင့် အိပ်မက် မျက်စိလေး ပိတ်ကာ မိုးဒေဝါကို ကျောခိုင်းလိုက်သည်။

ကျောခိုင်းထားသော အိပ်မက်ကိုကြည့်ကာ မိုးဒေဝါ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်မိသည်။

"ကဲ..အိပ်မက်ကို ကို ဆေးကုပေးမယ်..ပြီးတော့ စောင့်လည်း စောင့်ရှောက်မယ်..ဒီတော့ အိပ်မက် ရှေ့အိမ်မှာမှ ကို အနီးကပ် ဂရုစိုက်လို့ရမှာ.. အဲဒီတော့ အိမ်ရှေ့အိမ်ကို ပြန်လိုက်ခဲ့။"

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် ခေါင်းရမ်းပြသည်။ မိုးဒေဝါလည်း အိပ်မက်ကို ဘာမှပြောမနေတော့ဘဲ ကျောနှင့် တံကောက်ကွေးမှ မ,ချီလိုက်သည်။ အိပ်မက်ကို ရင်ခွင်ထဲ ချီထားရုံနှင့်ပင် ရင်ခုန်သံတွေက အဆမတန် မြည်လာသည်။ ကိုယ့်ရင်ခုန်သံတွေကို အိပ်မက်ကြားသွားမှာ စိုးရိမ်လာမိသည်။ အခန်းထဲ ဝင်လာတုန်းက စိုးရိမ်စိတ်နှင့် ပူပန်နေသဖြင့် ဘာမှကို မတွေ့သော်လည်း ပြန်အထွက်တွင် မင်္ဂလာဆောင်ပုံလေးကို အခန်းဝတွင်ချိတ်ပေးထားသဖြင့် ရင်ထဲတွင် နွေးဟန်ဖြစ်သွားသည်။

မျက်စိလေး မှိတ်ထားသော်လည်း မျက်တောင်လေးများ တစ်ဆတ်ဆတ်လှုပ်နေတာကို တွေ့သဖြင့် သူမလည်း ကိုယ့်လို စိတ်လှုပ်ရှားနေသည် ထင်သည်။ အပေါ်ထပ်ရှိ အိပ်မက်အိပ်ခန်းလေးတွင် အသာလေး ချပေးလိုက်သည်။

နောက်မှာပါလာသော အေးအေးကိုလည်း တစ်ခါတည်း စားစရာတစ်ခုခု လုပ်ခိုင်းလိုက်သည်။

"အေးအေး ... အိပ်မက်အတွက် ကြက်သားစွပ်ပြုတ်လေး လုပ်ခဲ့။"

"မစားချင်ဘူး ... မလုပ်နဲ့...လူမမာစာကြီး။"

"မစားချင်လို့ရမလားကွ...မင်းက လူမမာပဲ၊ စားရ



မှာပေါ့။"

မိုးဒေဝါက သိပ်စိတ်ရှည်တတ်သူ မဟုတ်။ အိပ်မက်ကလည်း တစ်ခုခုဆို ခေါင်းမာသည်။ အဲ့လို ခပ်မာမာ မပြောထားလျှင် မလွယ်ပါ။

အိပ်မက် နှုတ်ဆိတ်သွားသည်။ မျက်ဝန်းများမှာလည်း မျက်ရည်များ စိမ့်လာသည်။ ဒီလို နေမကောင်းတဲ့ အချိန်မျိုးဆို ဖေဖေနှင့်မေမေကို အရမ်းသတိရသည်။ နွေးထွေးသော မေတ္တာကို အိပ်မက် မွတ်သိပ်စွာ တောင့်တမိသည်။ မိုးဒေဝါကတော့ အိပ်မက်ကို ကုသရန် ဆေးပစ္စည်းများ သွားယူနေသည်။

မိုးဒေဝါ ပြန်ရောက်ချိန်တွင် အိပ်မက်မျက်ဝန်းများမှ မျက်ရည်များကို တွေ့လိုက်သည်။ အိပ်မက် အားငယ်နေသည်ထင်သည်။ အိပ်မက်မျက်ဝန်းများက အရောင်ဖျော့လွန်းနေသည်။

"အိပ်မက်..ဆေးထိုးမယ်နော်။"

"ဟင့်အင်း..ဆေးမထိုးဘူး..အိပ်မက် ကြောက်တယ်။"

"အိပ်မက်ကလည်းကွာ ... ကလေးလေးတောင် ထိုးရဲသေးတာ..မနာစေရဘူး..စိတ်ချ။"

"ဟင့်အင်း...အိပ်မက်မထိုးဘူး...အိပ်မက်မငိုဘူး

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်...အိပ်မက်ဆေးမထိုးရဲလို့ပါ"

အိပ်မက် ပြောလည်း ပြော၊ ငိုလည်း ငိုလေသည်။ အိပ်မက် စိတ်ထဲတွင် ဝမ်းနည်းအားငယ်စိတ်များက လူ တစ်ကိုယ်လုံး ပျံ့နှံ့နေသည်။

"မငိုနဲ့ ... မငိုနဲ့ ... မထိုးဘူးနော်၊ ဒါဆို ဆေးပဲ တိုက်မယ်...။"

ငိုနေသော အိပ်မက်မျက်ရည်များကို သုတ်ပေးရင်း ချော့မော့ပြောဆိုရသည်။ အိပ်မက်စိတ်တွေက အခုအချိန် တွင် အရမ်းကို ထိခိုက်ကြေကွဲလွယ်နေမှန်း မိုးဒေဝါ ရိပ်မိ သည်။

"အေးအေးရေ...ကြက်စွပ်ပြုတ်ရပြီလား။"

"ရပြီ ကိုလေးရေ...။"

အေးအေးလက်ထဲက ပန်းကန်လေးကို ယူကာ အိပ်မက်ကို မှုတ်တိုက်လိုက်သည်။ တစ်ဝက်ကုန်အောင် တောင် မနည်းကျွေးရသည်။ ပြီးရင်တော့ ဆေးလေးတိုက် ကာ အိပ်ခိုင်းလိုက်သည်။

ခဏနေတော့ အိပ်မက် အိပ်ပျော်သွားသည်။ အိပ်မက်ကို မိုးဒေဝါ တစ်ချိန်လုံး ထိုင်စောင့်ကြည့်နေလိုက် သည်။ ညဘက်ရောက်မှ အေးအေးကို အိပ်မက်ချွေးဆို အကျီများ လဲခိုင်းရင်း ကွေကာနှင့် ဆေးများကို နောက်



[illegible] တိုက်လိုက်သည်။

အဖျားအရှိန်ကြောင့် မျက်နှာလေး နီနေသော် လည်း အဖျားကတော့ တော်တော်လေးကျသွားပြီ ဖြစ် သည်။ မိုးဒေဝါလည်း စိတ်ချရမှသာ အေးအေးကို မှာခဲ့ပြီး ပြုံးလိုက်လေသည်။

သွားသော အိပ်ရတာ၊ စိတ်ကမချသဖြင့် အစောကြီး နိုးလာသည်။ နိုးနိုးချင်းလည်း အိပ်မက်အခန်းဘက် ပြေး ကာ အိပ်မက်ကို အဖျားတိုင်းပေးလိုက်သည်။ အဖျားက တော့ လုံးဝပျောက်သွားပြီ ဖြစ်သည်။ အိပ်မက်ကတော့ ဆေးအရှိန်ကြောင့် အိပ်ပျော်နေတုန်း ဖြစ်သည်။

အိပ်ပျော်နေသော အိပ်မက်ပုံလေးမှာ ကလေးလေး တစ်ယောက်လို အပြစ်ကင်းစွာ ချစ်ဖို့ကောင်းနေသည်။ အိပ်မက် အိပ်နေသည့်ပုံလေးကို ကြည့်ပြီး စိတ်ထဲတွင် ကလေးတစ်ယောက်လို ကောက်ယူပွေ့နမ်းချင်စိတ်များ ဖြစ် မိသည်။ မိုးဒေဝါလည်း အိပ်မက်ကို စိတ်ချရပြီ ဖြစ်သော ကြောင့် အခန်းထဲက ထွက်လာကာ အလုပ်သွားရန် ပြင်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

အိပ်မက် နေကောင်းသွားသည်နှင့် အရာရာတိုင်းက အရင်အတိုင်း ပုံမှန်လည်ပတ်သွားသည်။ အိပ်မက်ကို ချစ်သော်လည်း ကိုယ်က လိုက်တောင်းပန်ဖို့ကျတော့လည်း ဝန်လေးနေမိသည်။ ကိုယ့်မိန်းမ ကိုယ်ပြန်ပိုးရမှာလည်း ရှက်သည်။ အိပ်မက်ကလည်း ဟိုးအရင်ကအတိုင်း ရှောင်နေသဖြင့် အိပ်မက်ကိုတွေ့ဖို့တောင် မလွယ်။

အတင်းဝင်ရောဖို့ကျတော့လည်း ကလေးတွေ မဟုတ်တော့ ခက်သည်။ အိပ်မက် ကိုယ့်သဘောကို နားလည်ရန်၊ အချိန်ယူပြီး အေးအေးဆေးဆေး သိမ်းသွင်းရန် စဉ်းစားထားသည်။ အခုတော့ အိပ်မက်မျက်နှာကို မြင်ရန်ပင် မလွယ်လှ။

ဒီနေ့လည်း ရုံးက စောပြန်ရောက်လို့ အလစ်များ တွေ့ရမလား မှတ်ပါတယ်။ သူမ၏ အရိပ်တောင် မတွေ့ရ။

"ကိုလေး ထမင်းစားတော့မလား။"



"နင့်မမလေးကော စားပြီးပြီလား..မစားရသေးရင် သွားခေါ်လိုက်၊ ကိုလေးက အတူစားမလို့ ခေါ်ခိုင်းတယ်လို့ ပြော ... ကြားလား။"

"ကိုလေးကလည်း မမလေးမှ မရှိတာ..။"

"ဘယ်သွားလို့လဲ။"

မိုးဒေဝါ အံ့သြတကြီး မေးမိသည်။ အိပ်မက်က အပြင်ထွက်ခဲ့သည်။

"မမလေး သင်တန်းသွားတယ်လေ ကိုလေးရဲ့"

"သင်တန်း..ဘာသင်တန်းလဲ။"

"ဟို..အင်္ဂလိပ်လိုဆိုတော့ ကျွန်မ မပြောတတ်ဘူး"

"ကြာပြီလား အဲဒီသင်တန်းတက်တာ။"

"ကြာပြီ ကိုလေးရဲ့။"

မိုးဒေဝါ အိပ်မက်နှင့် ပတ်သက်ရင် ဘာဆိုဘာမှကို မသိတော့ပါလား။ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရတော့မည်။ ဘယ်သူ့မပြု မိမိမှုပင်။ အရင်ဆို အိပ်မက်က သူ့မ အိပ်မက်မက်တာကအစ အကျီဝယ်တာအဆုံး ဘာလေးဖြစ်ဖြစ် မိုးဒေဝါကို ပြောပြတတ်သည်။ အခု ကိုယ့်အပေါ်တွင် သူမ အရမ်းကို သွေးအေးသွားခဲ့ပါသည်။

"ကိုလေး ထမင်းခူးလိုက်ရမလား။"

"မခူးနဲ့ ... ငါမဆာသေးဘူး။"

www.burmeseclassic.com

www.burmeseclassic.com



စားချင်စိတ်လည်း မရှိတော့သဲဖြင့် အိမ်ရှေ့ခန်း သာ အိပ်မက်ပြန်အလာကို မျှော်နေမိသည်။ ဧည့်ခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ခြေတောက်တွေလည်း ညောင်းလာသည်။

"အေးအေးရေ..။"

မီးဖိုခန်းတွင်ရှိသော အေးအေးက ပြေးထွက်လာသည်။

"အရင်ကရော နင့်မမလေး ဘယ်အချိန် ပြန်လာလဲ။"

"အရင်က တစ်ခါမှ ဒီလောက်နောက်မကျဖူးဘူး။"

အေးအေးကို မေးနေစဉ်တွင် ကားလေး [illegible] ကို ကြားလိုက်ရသည်။ အိပ်မက်က ကားကို [illegible] သွားထိုးကာ လျှောက်လာလေသည်။ အိပ်မက်ကို မြင်လိုက်ရ မိုးဒေဝါ မျက်လုံးများ ပြူးကျယ်သွားသည်။

အိပ်မက်က ဆံပင်တွေကို ကိုရီးယား မင်းသမီး လေးများစတိုင် အလိပ်ကြီးများ ကောက်လာသည်။ ထို ဆံပင်လိပ်လိပ်လေးများက အိပ်မက် ပခုံးပေါ်ဖြာကျနေပုံမှာ အရမ်းကို လှသည်။ နဂိုကတည်းက ချစ်စရာကောင်းသော မျက်နှာလေးကို လှပသော စတိုင်အသစ်လေးများပါ ထပ်မံဖြည့်စွက်လိုက်သဖြင့် ထိုင်သာငေးကြည့်ချင်စရာ



ကောင်းလောက်အောင် လှပ၍ ချစ်စရာကောင်းလွန်းနေသည်။

"အိပ်မက် ခဏထိုင်ဦး... ပြောစရာရှိတယ်။"

အိမ်ရှေ့ခန်းကနေ မိုးဒေဝါကို မမြင်သလို ဖြတ်လျှောက်သလို လုပ်သော အိပ်မက်ကိုလည်း အသည်းယားလာသည်။

"ဘာပြောမှာလဲ။"

"အိပ်မက် ... သင်တန်းတက်နေတယ်ဆို ... ဘာသင်တန်းလဲ။"

"MBA ပါ..။"

"မင်းက ဒါတက်ပြီး အလုပ်လုပ်မလို့လား..မင်းကို ကိုယ် အလုပ်လုပ်ခွင့် မပေးဘူးနော်။"

"စိတ်ချပါ...အိပ်မက်လည်း ကို့ကုမ္ပဏီမှာ မလုပ်ပါဘူး။ အဲ့လောက်လည်း စိုးရိမ်မနေစမ်းပါနဲ့။ အလုပ်လုပ်ခဲ့ရင်တောင် အိပ်မက်ဘာသာ တခြားကုမ္ပဏီမှာ လုပ်မှာပါ။ အိပ်မက်က ဘာပစ္စည်းမှ မမက်ဘူး။ အိပ်မက်က ကို့ရဲ့ သုံ့ပန်းသပ်သပ်ပါ။ ကို့ရဲ့ အမုန်းတွေကို ချခွဲဖို့သက်သက် ကို့ဘေးနားမှာ နေပေးတာပါ။ ကို့မလိုအပ်တော့တဲ့ တစ်နေ့ ဒီအိမ်ပေါ်ကနေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပေးမှပါ။ ဒီအတွက် ကို ဘာမှမစိုးရိမ်ပါနဲ့."

အိပ်မက်က ကျားနာမလေး တစ်ယောက်လို မိုးဒေဝါမျက်နှာကို သေချာကြည့်ရင်း တစ်ခွန်းချင်းပြော လိုက်သည်။ မိုးဒေဝါ..အိပ်မက်စကားတွေကြောင့် ဘာပြန် ပြောရမှန်း မသိအောင် ဆွံ့အ,သွားသည်။ အိပ်မက်ကတော့ မဲ့ပြုံးတစ်ချက်ပြုံးကာ တက်သွားလေသည်။

အိပ်မက်၏ ထိုအပြုံးထဲတွင် မိုးဒေဝါ အကြီး အကျယ် ကျဆုံးခဲ့သည်။ အိပ်မက် မိမိအပေါ်နားလည် အောင် တော်တော်ကို အချိန်ယူပြီး ပြန်ညှိနှိုင်းရမည်။ ဒီလို မှ မလုပ်လျှင် မကြာခင် ကြေကွဲရတော့မည်ကိုလည်း သဘောပေါက်ခဲ့သည်။ သူမကိုကြည့်ပြီး ကျွန်တော် ပြန်ရင် မောလာသည်။ အခုတော့ အရင်က မကျေနပ်တဲ့စိတ်များ ကလည်း သူမကိုချစ်သော အချစ်များကြောင့် လွင့်ပြယ်ခဲ့ ရပါသည်။

❦ ❦ ❦ ❦



## အခန်း(၃၀)

ဒီနေ့ကစပြီး အိပ်မက် အချစ်တွေကို ပြန်ရရန် နည်းပေါင်းစုံနှင့် ကြိုးစားရန် တွေးထားသည်။ အိမ်ကို ဖုန်းဆက်ပြီး အေးအေးထံမှ အိပ်မက်ကျောင်းချိန်နှင့် အချက်အလက် တော်တော်များများကို စုံစမ်းထားသည်။ အိပ်မက် သင်တန်းဆင်းချိန်တွင်လည်း အိပ်မက်တို့ သင်တန်းရှေ့က ကော်ဖီရှော့လေးတွင် ထိုင်စောင့်နေလိုက် သည်။

ကော်ဖီလာသောက်ရင်းနဲ့ မတော်တဆ ဆုံသည့် ပုံစံမျိုးလုပ်မည်။ နောက်မှ ပေမ်းကြိုသည် ဘာညာပြောကာ နေတိုင်းလာကြိုပေးမည်။ ထိုသို့ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်ကာ ပျော်ရွှင်ကြည်နူးနေသည်။

လက်က နာရီလေးကို မြှောက်ကြည့်လိုက်သည်။ အိပ်မက်တို့ သင်တန်းဆင်းတော့မှာပဲ။ တစ်ယောက်တည်း တွေးရင်း ရင်ခုန်သံတွေ မြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းပြီ ထင်သည်။ လူတော်တော်များများ ထွက်လာသည်ကို တွေ့ရသည်။ လူအများကြားထဲက အိပ်မက်ကို ရှာကြည့်လိုက်သည်။ ဟော... ဟိုမှာ အိပ်မက်။ အိပ်မက်နဲ့အတူ ကောင်လေးတစ်ယောက်။ ထိုကောင်လေးက အိပ်မက်ကို ဘာတွေ ကပ်ပြောလည်း မသိ။ အိပ်မက် ဟက်ဟက်ပက်ပက်ကို ကိုယ်လေး လှုပ်သွားသည်အထိ ရယ်လေသည်။

နောက်မှာတော့ ဖူးဖူး၊ ကြည်ပြာနှင့် မာလာတို့ကို တွေ့သည်။ လမ်းလေးက နှစ်ယောက်လမ်းလျှောက်စာသာရှိ၍ ကျဉ်းလို့ ဖူးဖူးတို့က နောက်က လျှောက်လာမှန်း သိသော်လည်း နှလုံးသားက လက်မခံနိုင်လောက်အောင် ပူနွေးသွားသည်။ ချစ်ရင် သဝန်တိုတတ်သည်ဆိုလျှင်တော့ ကျွန်တော် သူမကို အပြည့်အဝချစ်ပါသည်။

ကျွန်တော် ကော်ဖီဆိုင်က ထွက်ကာ အိပ်မက်တို့ဆီ လျှောက်လာလိုက်သည်။ အိပ်မက်တို့က အချင်းချင်း အဖွဲ့ကျကာ ကျွန်တော့်ကို တော်တော်နဲ့ မမြင်ပေ။ အနားရောက်မှသာ တွေ့သည်။

အိပ်မက်မျက်ဝန်းလေးများက ကျွန်တော့်ကို တွေ့တော့ တစ်ချက်လက်ခနဲ ဖြစ်သွားသော်လည်း ခဏလေးနှင့် ထိုမျက်ဝန်းလက်လက်များက ပြန်ပျောက်ကွယ်



သွားသည်။

"ဟယ်..ကိုမိုးဒေဂါ...အိပ်မက်ကို လာကြိုတာလား။"

အစကတော့ တိုက်တိုက်ဆိုင်ဆိုင်တွေ့သည်လို့ ပြောမည်လို့ ရည်ရွယ်ထားသော်လည်း တကယ့်လက်တွေ့မှာတော့ အမှန်အတိုင်းသာ ပြောဖြစ်သည်။

"ဟုတ်တယ်...ကြည်ပြာ။ မတွေ့တာတောင်ကြာပြီနော်။"

အားလုံးကို နှုတ်ဆက်ပြီးပြောသော်လည်း ကျန်သည့်သူများက မသိချင်ယောင် ဆောင်နေကြသည်။ လူကြီးဆန်သော ကြည်ပြာကသာ ပြန်စကားပြောသည်။

"ဟုတ်တယ်...ကြည်ပြာတို့လည်း မအားတာနဲ့ မရောက်ဖြစ်ကြဘူး။"

အိပ်မက်ကတော့ အခုအချိန်ထိ ဘာစကားမှ မပြောပေ။ အိပ်မက်ဘေးနားက ကောင်လေးကတော့ ကျွန်တော့်ကို သေချာအကဲခတ်နေမှန်း ရိပ်မိသည်။

"အိပ်မက် ကျွန်တော်သွားတော့မယ်။ မနက်ဖြန်မှပဲ တွေ့မယ်။ သွားမယ်။"

အိပ်မက်ကိုသာ သေချာနှုတ်ဆက်ပြီး ကျန်သည့်လူများကို လျှံကာနှုတ်ဆက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း။"

အိပ်မက် နှုတ်ဖျားက နှုတ်ဆက်သံတိုးတိုးလေးကိုလည်း မိုးဒေဝါ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"အိပ်မက်..သွားမယ်လာ။ အားလုံးပဲ ခွင့်ပြုပါဦး"

အိပ်မက်လက်လေးကို ဆွဲ၍ ခေါ်လာလိုက်သည်။ အိပ်မက်က ကျွန်တော့်လက်ထဲတွင်ရှိသော သူ့လက်လေးကို မသိမသာ ပြန်ရုန်းလေသည်။ မသိချင်ယောင်ဆောင်ကာ ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သဖြင့် ငြိမ်ငြိမ်လေး ပါလာလေသည်။

ကားပေါ်ရောက်သည်နှင့် စိတ်တွေက ယောက်ယပ်ခတ်ကာ ဒေါသတွေ ထွက်နေသည်။ ဘာကိုဒေါသထွက်လို့ ထွက်မှန်းမသိသော်လည်း စိတ်တွေဆတ်ကာ ဒေါတွေကတော့ ထွက်နေသည်။

အိပ်မက် ကို့ကိုအကဲခတ်ကြည့်တော့ စိတ်တိုနေမှန်း သိသာသည်။ ဘာကို စိတ်တိုနေမှန်းလည်း မသိပါဘူး။ အဲလိုပါပဲ..ကိုက သူ့စိတ်ထဲတွင် ခေါ်ချင်စိတ်ရှိလျှင် ခေါ်မည်၊ မခေါ်ချင်တဲ့ အချိန်ဆို မမြင်ချင်ယောင် ဆောင်နေမည်။ ဒါ ကို့စတိုင်ပဲ..ထူးပြီးလည်း အိပ်မက် ခံစားမနေတော့ပါဘူး။ အိမ်ကိုရောက်သည်နှင့် ကိုက ကားကို အတင်းထိုးရပ်ကာ ကားပေါ်က ဆင်းသွားလေသည်။ အိပ်မက်လည်း နောက်ကလိုက်ဆင်းရင်း အိမ်ထဲဝင်လာခဲ့သည်။



"ပြောစမ်းပါဦး..အဲ့ကောင်က ဘယ်သူတုန်း။"

"ဘယ်သူ့ကို ပြောတာလဲ။"

ကို့အသံနဲ့ ကို့ဟန်တွေက တဆိတ်တော့ လွန်နေသည်။ အိပ်မက်ရဲ့ သိက္ခာကို လာစွပ်စွဲချင်သည့် အသံများ စွက်နေသည်။

"မင်းက ဘယ်နှစ်ယောက်တွဲလို့ မသိရတာလဲ"

"ဘာပြောတယ်။ ခေတ်ကို ပြောတာလား။ သူက ကျွန်မသူငယ်ချင်းပဲ ဘာဖြစ်လဲ။"

"သူငယ်ချင်းဆိုလည်း အနေအထိုင်ဆင်ခြင်။"

မိုးဒေဝါ မျက်ခုံးများကို တွန့်ချိုးကာ ပြောလိုက်သည်။ မိုးဒေဝါ စကားကြောင့် အိပ်မက်အသားများ တုန်လာသည်အထိ စိတ်ဆိုးသွားသည်။

"အနေအထိုင် ဆင်ခြင်ရအောင် အိပ်မက်တို့ မဟုတ်တာ လုပ်နေတာမှ မဟုတ်တဲ့အတွက် မဆင်ခြင်နိုင်ဘူး။ သူများတွေလိုလည်း ချောင်းပေါက်အောင် ဘယ်မှမသွားဘူး။"

အိပ်မက်ကို ဘာမှမသိသော ငတုံးမလေးဟု ထင်ထားသည် ထင်သည်။ ဒေဝီ ကို့ရှိုးကို နေ့တိုင်းလာတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ထမင်း အတူထွက်စားကြတာတွေ အားလုံးကို အိပ်မက် သိပြီးသားပါ။ ဖေဖေတို့ လက်ထက်ကတည်းက ကုမ္ပဏီတွင် အလုပ်လုပ်ခဲ့သော လူယုံဦးလေးကြီးက ကိုကို ထိန်းနိုင်ရန် အိပ်မက်ကို အားလုံးပြောပြီးသား ဖြစ်သည်။

"ဒီမှာ အိပ်မက်..ကိုယ့်ဆီကို အလည်လာတဲ့လူကို မလာပါနဲ့လို့ ပြောလို့မရဘူး။ ပြီးတော့ ခေဝီ ဆိုတာ ငါနဲ့ ငယ်ငယ်လေးကတည်းက သိခဲ့ကြ တဲ့ လူတွေ။ ငါတို့ကြားမှာ အရှုပ်အရှင်းတွေ ရှိရင် မင်းနဲ့တောင် မညားဘူး သိလား။"

"ဒီမှာ ကိုမိုးဒေဝါ ... အစကတော့ ရှင်ဘာပြော ပြော ကျွန်မ ယုံခဲ့တယ်။ အခုတော့ အိပ်မက် အားလုံးကို စဉ်းစားနိုင်တယ်။ ကျွန်မကို လက်စား မချေရသေးဘဲ ရှင် သူနဲ့ ဘယ်လက်ထပ်မလဲ— အခုတော့ ရှင့်အတွက် လက်စားချေလို့ ဝ,မှ ခေဝီ ကို လှမ်းခေါ်လိုက်တယ်ဆိုတာ..အိပ်မက်အားလုံး သိတယ်။"

"မင်း ရူးနေလား အိပ်မက်။ အဓိပ္ပာယ်မရှိတာ တွေ။"

"ဟုတ်တယ် အိပ်မက် ရူးနေတယ်ဆိုလည်း အိပ် မက် ရူးအောင်လုပ်ခဲ့တာ ရှင်ပဲ။ အခုတော့ ရှင်း



လည်း ကျွန်မ အရမ်းမုန်းတယ်။"

အိပ်မက် ပြောချင်တာတွေ ပြောပြီး ချာကနဲ လှည့် ထွက်သွားသည်။

"တောက်"

မိုးဒေဝါ 'တောက်' တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ အံကိုကြိတ်ထားရင်း လက်သီးများပါ ဆုပ်ထားမိသည်အထိလည်း စိတ်တိုနေသည်။ အိပ်မက်၏ မုန်းတယ် ဆိုသည့်စကားကလည်း မိုးဒေဝါ နှလုံးသားကို ဆုပ်ကိုင်ဆွဲညှစ်ထားသလို နာကျင်အက်ကွဲစေသည်။ မိုးဒေဝါ စိတ်ကိုလွှတ်ချလိုက်ချိန်မှာတော့ ဘေးနားတွင် ရှိသော တယ်လီဖုန်းလေးကို ပေါက်ခွဲပစ်လိုက်ပြီ ဖြစ် သည်။

မိုးဒေဝါ စားပွဲပေါ်တွင်ရှိသော ကားသော့ကို ယူရင်း ထွက်လာခဲ့သည်။ ရင်ထဲတွင် ဗလောင်ဆူနေသော ဝေဒနာများကို မေ့ပစ်နိုင်ရန်အတွက် အရက်ဆိုင်သို့ မောင်း ခဲ့လေသည်။

ဖူ ဖူ ဖူ ဖူ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

မိုးဒေဝါ စိတ်ညစ်ညစ်နှင့် အရက်တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်လိုက်သည်။ ရင်ထဲကို ပူရှရှ စီးဝင်သွားသော အရာများကလည်း ရင်ထဲက မီးကို မငြိမ်းနိုင်ပေ။ ပြေလည်အောင် ဖန်တီးတိုင်း ပြဿနာမျိုးစုံ ဖြစ်နေရတာ ကံကြမ္မာက ကျွန်တော့်ကို ပြန်ဒဏ်ခတ်နေလားမသိပါ။ အခုတော့ အချစ်ကို လိုချင်သော အချိန်ကျမှ အမုန်းတွေကိုသာ ဆက်တိုက်ရရှိနေတော့သည်။

ဟိုးအရင်လို ရည်းစားဘဝကိုလည်း လွမ်းသည်။ လူကြီးတွေ ကိစ္စကို လူကြီးတွေဆီမှာသာ ထားရန်လည်း ဆုံးဖြတ်ပြီးပြီ။ အခုအရေးကြီးတာက အငြိုးတွေ၊အာဃာတတွေ မဟုတ်တော့ပါ။ အိပ်မက်ရဲ့ အကြင်နာတွေ၊ အယုအယတွေကိုသာ အရူးအမူး လိုချင်နေမိတော့သည်။

အရင်လို ပြန်ဖြစ်ဖို့တောင် မသေချာတော့သော ဘဝတွင် ဘာကိုမှလည်း မလိုချင်တော့ပါ။ အိပ်မက် အချစ်



တစ်ခုတည်းကိုသာ မက်မက်မောမော လိုချင်လာမိသည်။ အိပ်မက်အချစ်နဲ့ အရာအားလုံးကို လဲနိုင်အောင်လည်း အချစ်က သင်ပေးသွားခဲ့ပြီ ဖြစ်သည်။

မျက်ဝန်းထဲတွင် အိပ်မက်အသံ အိပ်မက်ဟန်များကို ပြန်လည်မြင်ယောင်ရင်း အသည်းကွဲခြင်းဝေဒနာကို လူးလူးလိမ့်လိမ့် ခံစားလာရသည်။

အရက်တစ်ခွက်ပြီး တစ်ခွက် ဆက်ဆက်သောက်နေသော်လည်း အိပ်မက်ပုံရိပ်တွေကသာ ဝေဝါးလာကာ အိပ်မက်ကတော့ ရင်ထဲက ပျောက်မသွားပေ။

"အရက်ထပ်ပေးဦး။"

အာလေး လျှာလေးနှင့် ဝိတ်တာလေးကို လှမ်းခေါ်ရင်း မိုးဒေဝါ မှာလိုက်သည်။

"အစ်ကို အရမ်းများနေပြီ။ နောက်နေ့မှ ဆက်သောက်ပါလား။"

"ဟိတ်ကောင်..ငါ့ပိုက်ဆံနဲ့ ငါသောက်တာ မင်းနဲ့ဘာဆိုင်လို့တုန်း..။"

"မဟုတ်ပါဘူး အစ်ကိုရယ်..။ အစ်ကို အရမ်းမူးနေလို့ပါ။"

"တော်တော်စကားများတဲ့ကောင် ... ငါဆွဲထိုးလိုက်ရ"

www.burmeseclassic.com

www.burmeseclassic.com



မိုးဒေဝါ ဆွဲထိုးရန် ထရပ်လိုက်သည်။ အရက်အရှိန်ကြောင့် မတ်တပ်မရပ်နိုင်ဘဲ ဝုန်းခနဲ လဲကျသွားသည်။

"အစ်ကို..အစ်ကို။"

ဝိတ်တာကောင်လေးက မိုးဒေဝါကို လှုပ်ခေါ်သော်လည်း မိုးဒေဝါက တုပ်တုပ်မျှ မလှုပ်တော့ပေ။

"ဟိတ်ကောင်..ဘာဖြစ်တာတုန်း။"

"ထုံးစံအတိုင်း ဒီနေ့လည်း ဆိုင်မှာ တစ်ယောက်မှောက်ပြန်ပြီ။"

"ဒါဆိုလည်း လုပ်နေကျအတိုင်း ဖုန်းလေး ဘာလေး ပါလားရှာပြီး ဆက်ပေးပြီး အကြောင်းကြားလိုက်လေ။"

မန်နေဂျာစကားအတိုင်း ဝိတ်တာကောင်လေးက မိုးဒေဝါ အိတ်တွေကို နှိုက်ကာ ဖုန်းလိုက်ရှာလိုက်သည်။ ဘောင်းဘီဘေးအိတ်ထဲမှာပင် ဖုန်းကို အလွယ်တကူ ရှာတွေ့သွားလေသည်။ ဝိတ်တာကောင်လေးက နောက်ဆုံးအဝင်ဖုန်းနံပါတ်ကို ပြန်ခေါ်၍ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

"ဟလို။"

မိုးဒေဝါထံမှ ဖုန်းဖြစ်သဖြင့် ဒေဝီဖွင့်နားထောင်



လိုက်သည်။

"ဟုတ်ကဲ့အစ်မ။ ကျွန်တော်Point Resturantကပါ၊ ဒီဖုန်းနံပါတ်က အစ်ကိုနဲ့ သိလားမသိဘူး။"

"ဟုတ်ကဲ့ သိပါတယ် ...ဘာဖြစ်လို့လဲ မသိဘူး"

"ကျွန်တော်တို့ ဆိုင်မှာ ဖုန်းပိုင်ရှင်အစ်ကို အရက်တွေ အရမ်းသောက်ပြီး မှူးနေလို့ အစ်မ လာခေါ်ပေး နိုင်မလားမသိဘူး။"

"အိုကေ..အခု အစ်မ လာခေါ်မယ်။"

"ဆိုင်လိပ်စာကော သိလားမသိဘူး။"

"ရတယ်..တို့သိတယ်။"

ဒေဝီ ပိုက်ဆံအိတ်လေး ကောက်ယူကာ ကားလေးမောင်းကာ ထွက်လာခဲ့သည်။ ဒေဝီတို့ အိမ်နှင့် သိပ်မဝေးသဖြင့် ဆယ့်ငါးမိနစ်လောက်သာ မောင်းလိုက်ရသည်။ ဒေဝီ ရောက်သွားချိန်မှာတော့ မိုးဒေဝါ တစ်ယောက်လုံးဝကို အသိစိတ် မဲ့နေသည်။ ကောင်လေးနှစ်ယောက်က အတင်းမ,ကာ ဒေဝီ့ကားထဲကို ဝိုင်းပို့ပေးရသည်။

လမ်းတစ်လျှောက် ဒေဝီကားမောင်းလာရင်းပင် မိုးဒေဝါတို့ အိမ်ထောင်ရေးအကြောင်းကို စဉ်းစားလာမိသည်။ အခုဆို မိုးဒေဝါလည်း အိပ်မက်ကြောင့် စိတ်ဆင်းရဲရတယ်။ အိပ်မက်ကို ကြည့်ရတာလည်း ပျော်ရွှင်စရာ

www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ ဒီတော့ ဒီလိုအိမ်ထောင်ရေးမျိုး အဆုံးသတ်သင့်ပြီဟု ဒေဝီထင်သည်။ ပြီးတော့ ရှေ့တစ်ပတ်ဆိုပဲ ဒေဝီက ပြန်ရတော့မှာ။ အကယ်၍ အိပ်မက်နဲ့ မိုးဒေဝါသာ ပြတ်ပြတ်သားသားဖြစ်ပါက မိုးဒေဝါ အချစ်ကို ဒေဝီ မျှော်လင့်ခွင့်ရှိမည်။

အိပ်မက်သာ မရှိပါက မိုးဒေဝါက ဒေဝီကို ပြန်ချစ်လောက်သည်ဟုလည်း ဒေဝီထင်သည်။ ဟိုမှာ အနေကြာလာတော့ ဒေဝီ့စိတ်တွေက မြန်မာ မဆန်ပေ။ တစ်ယောက်နှင့် တစ်ယောက် အဆင်မပြေသော အိမ်ထောင်ရေးကို ဘာကြောင့်များ စိတ်ညစ်ခံပြီး ဆက်တည်ဆောက်ကြမှာလဲ။ တချို့အရာတွေက တစ်ယောက်အတွက် အမှိုက်ဖြစ်နေတတ်ပေမယ့် တခြားတစ်ယောက်အတွက်တော့ ရွှေဖြစ်နေနိုင်တာပဲ။

ဒေဝီ ခြံထဲကို ကားလေး ကွေ့ဝင်ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"တီ..တီ။"

ဟွန်းသံကြားသဖြင့် အိပ်မက်ကော၊ အေးအေးပါ ထွက်လာသည်။ ကားထဲတွင် ဒေဝီနှင့် ကို့ကို မြင်လိုက်ရတော့ အိပ်မက်ရင်ထဲ ဖျဉ်းခနဲနေအောင် နာကျင်သွားသည်။ အိပ်မက် ရင်ထဲတွင် သွေးများ ဆူပွက်လာသလို ခံစားရ



သည်။

အံကို တင်းတင်းကြိတ်ရင်း ကို့ကို မနိုင့်တနိုင် ဝိုင်းမ,ကြသည်။ အေးအေးရော မဒေဝီပါ ဝိုင်းမ,ပေးကြသည်။ ကို့ကို အခန်းထဲ တစ်ခါတည်း တန်းပို့ပေးခဲ့သည်။ ပြီးလျှင်တော့ မဒေဝီကို အဝထိ ပြန်လိုက်ပို့ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်..မဒေဝီ။"

"မလိုပါဘူး..အိပ်မက်...။ အိပ်မက်ကို စကားနည်းနည်းလောက် ပြောချင်တယ်ရမလား။"

"ဟုတ်ကဲ့ ပြောပါ။"

မဒေဝီ မျက်နှာကို အိပ်မက် မော့ကြည့်လိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကိုမိုးအကြောင်းပါ။ ကိုမိုးအခု အိပ်မက်ကြောင့် အရမ်းစိတ်ညစ်နေရတယ်။ အိပ်မက်လည်း ကိုမိုးကြောင့် စိတ်ညစ်နေတယ်ဆိုတာ တို့ ရိပ်မိပါတယ်။ အဲလို တစ်ယောက်နဲ့ တစ်ယောက် မပြေလည်တဲ့ အိမ်ထောင်ရေးကြီးကို ဆက်ပြီး ချည်မထားစေချင်ဘူး။ တကယ်လို့ ကိုမိုးသာ လွတ်လပ်ခွင့်ရှိမယ်ဆိုရင် ကိုမိုးကို တို့ ပျော်ရွှင်မှုတွေ အပြည့်အဝ ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ကိုမိုးကတော့ ယောကျာ်းလေး ဖြစ်နေဟဲ့အတွက် ဒီအကြောင်း

www.burmeseclassic.com



တွေကို ဖွင့်ပြောမှာမဟုတ်ဘူး။ တို့ကသာ ပြောပြတာပါ။ တကယ်လို့ အိပ်မက်တို့ ကိစ္စတွေ ပြီးပြတ်သွားရင် ကိုမိုးကို အမေရိကခေါ်သွားဖို့ တို့ စီစဉ်ထားတယ်။ အဲဒီတော့ အိပ်မက် ကိုမိုးကို တစ်ကယ်ချစ်ရင် ကိုမိုးအတွက် စဉ်းစားပေးပါ"

မဒေဝီ စကားများကြောင့် အိပ်မက် မတ်တပ်ရပ်နေရင်းပင် ယိုင်သွားသည်။ ဘေးက နံရံကို မှီရင်း ...

"ကောင်းပါပြီ..အိပ်မက် အကောင်းဆုံး လုပ်ပေးပါ့မယ်။"

အိပ်မက် မျက်ရည်များက မျက်ဝန်းထဲမှ လျှံကျလာသည်။ ဒီလိုတွေ ဖြစ်မယ်ဆိုတာ ကြိုသိထားလည်း တကယ်လက်တွေ့ ရင်ဆိုင်ရချိန်မှာ နှလုံးသားက မခံနိုင်ပေ။ တကယ်ဆို ကျောခိုင်းထွက်သွားတော့မယ်ဆိုတာ သိသားနဲ့ အိပ်မက်က လက်ပြနှုတ်ဆက်ဖို့ စောင့်နေမိသူပါ။ နောက်ဆုံးအနေနဲ့တောင် နှုတ်ဆက်ထွက်ခွာသွားတော့မယ့် ကို့ ကျောပြင်လေးကို ငေးကြည့်နေချင်ခဲ့တာ။ အိပ်မက် မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုပ်လိုက်သည်။

ဒါ အိပ်မက် ကို့ကို ပေးနိုင်တဲ့ နောက်ဆုံး လက်ဆောင်ပါ။ အိပ်မက် အသည်းအကွဲခံပြီး ကို့အတွက် ဖြည့်ဆည်းပေးပါ့မယ်။ ဒါကြောင့် ကိုက အိပ်မက်ကို အမျိုးမျိုး ပြဿနာတွေ ရှာနေတာကိုး။ အိပ်မက်နားလည် လိုက်ပါပြီ ကိုရယ်။ အိပ်မက် ဆုံးဖြတ်ချက်တစ်ခုကို သေချာချပြီးချိန်မှာတော့ အားလုံးကို ကျောခိုင်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၂)

မနက်မိုးလင်းတာနှင့် ခေါင်းတစ်ခေါင်းလုံးက မခံမရပ်နိုင်အောင် ထိုးကိုက်နေသည်။ ရင်တစ်ခုလုံးလည်း ပူထူကာ လည်ချောင်းများလည်း အက်ကွဲကာ ရေငတ်လာသည်။

မိုးဒေဝါလည်း အိပ်ရာက ထကာ ဘေးနားက စားပွဲပေါ်ရှိ ရေကရားထဲမှ ရေများကို ဖန်ခွက်ထဲ ထည့်လိုက်သည်။ ဖန်ခွက်ဘေးနားတွင် တွေ့ရသော စာရွက်ခေါက်လေးနှင့် စာချုပ်လေးတစ်စောင်ကို ဖွင့်ကြည့်လိုက်သည်။

"ဟင် ... ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း စာချုပ်။"

စိုးရိမ်စိတ်က လူတစ်ကိုယ်လုံး ပျံ့နှံ့ကာ ငယ်ထိပ်ထိတောင် တက်ဆောင့်လာသည်။ စာရွက်ခေါက်လေးကို အမြန်ဖွင့်ကာ ဖတ်ကြည့်လိုက်သည်။ စာရွက်ကိုင်ထားသော မိုးဒေဝါ လက်တွေ တုန်ရီနေသည်။

ကို..

အိပ်မက် ကို့ကို နှုတ်ဆက်ခဲ့ပါတယ်။ ကို ပျော်ရွှင်ပါစေ။ ကိုရယ်... ကို အိပ်မက်ကြောင့် စိတ်ညစ်နေရတာ ဆိုတာ အိပ်မက် လုံးဝမသိခဲ့လို့ပါ။ အိပ်မက် အခု ကို့ကို လွတ်မြောက်ခွင့် ပေးလိုက်ပါပြီ။ ကို ကြိုက်တဲ့အရပ်ကို လွတ်လပ်စွာ ပျံသန်းနိုင်ပါပြီ။ အိပ်မက်ရဲ့ ပိုင်ဆိုင်ခွင့်တွေကိုလည်း ကို့ကို အစောကြီးကတည်းက လွှဲပြောင်းပေးထားတာပါ။ ဒီကိစ္စကို အိပ်မက် ကြိုဖွင့်မပြောခဲ့တဲ့အတွက်တော့ အိပ်မက်ကို ခွင့်လွှတ်ပါ။ အိပ်မက် အတ္တကြီးစွာနဲ့ ကို့ဘေးမှာ နေခွင့်ရချင်လို့ လျှို့ဝှက်မိတာပါ။ အခုတော့ ကိုနဲ့ မဒေဝီအတွက် အိပ်မက် လက်ဖွဲ့အဖြစ်နဲ့ ပေးခဲ့ပါတယ်။ ကွာရှင်းစာချုပ်ကိုလည်း တရားရုံးက တဆင့် အိပ်မက် ကို့ဆီ ပို့ပေးလိုက်ပါ့မယ်..။ ဒီလောက်ဆို အိပ်မက် လုပ်ပေးနိုင်တာတွေ ကုန်ပြီလို့လည်း အိပ်မက် ထင်ပါတယ်..။ အိပ်မက်..ကို့ဆီက ဘာစ်ခုပဲ ပြန်တောင်းဆိုချင်တယ်ကို ...အိပ်မက်ကိုလည်း ကို့ရဲ့အမုန်းတွေကနေ လွတ်မြောက်ခွင့်ပေးပါတော့နော်..။ နောက်တစ်ခါ ကိုနဲ့ ပြန်တွေ့ခဲ့ရင် အိပ်မက်ကို ပြုံးပြနိုင်ရင် တော်ပါပြီ ကို...။

အိပ်မက်မေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်စာကို ဖတ်ပြီးသွားချိန်မှာတော့ ရင်ထဲမှာ ဘာမှမကျန်အောင် လစ်ဟာသွားသည်။ သူမ အထင်လွဲသွားခဲ့ပြီ။ အရာအားလုံးက မှားယွင်းခဲ့ပြီ..။ ဒီအမှားတွေကို ပြင်နိုင်ဖို့ အိပ်မက် အနားမှာရှိနေဖို့ အရမ်းကို အရေးကြီးသည်။

"အေးအေးရေ...အေးအေး။"

မိုးဒေဝါ အသံပြဲကြီးနှင့် ကုန်းအော်လေသည်။

"ရှင်..အစ်ကိုလေး။"

"နင့်မမလေး ဘယ်အချိန်က ထွက်သွားလဲ သိလား။"

"ဘာကိုလဲ..အစ်ကိုလေး...မမလေးက အိမ်မှာပဲလေ"

"ကျွတ်..။"

ဒါဆို အေးအေးလည်း ဘာမှသိပုံမရပေ။ မိုးဒေဝါ ကားသော့ကို ယူကာ ပြေးထွက်လာခဲ့သည်။ ကားကို တရကြမ်းမောင်းရင်း လမ်းတစ်လျှောက်တွင်လည်း အိပ်မက်ကို ရှာရသေးသည်။ တစ်ဖက်ကလည်း အိပ်မက် သူငယ်ချင်းတွေဆီမှာ ရှိမရှိ ဖုန်းဆက်ကာ စုံစမ်းရသေးသည်။ မိုးဒေဝါ လှမ်းမေးတော့မှသာ သူငယ်ချင်းအားလုံးလည်း မျက်ကလူးဆံပြာ ဖြစ်ကုန်ကြသည်။



ဒါဆို အိပ်မက် သူငယ်ချင်းတွေဆီမှာလည်း မရှိတာ သေချာသည်။ မိုးဒေဝါ အိပ်မက် ရှိနိုင်မည့်နေရာများကို ခေါင်းပူအောင် စဉ်းစားကြည့်မိသည်။

သိပြီ..အိပ်မက် ချောင်းသာသွားတာ ဖြစ်မည်။ အိပ်မက်က ရည်းစားဘဝကတည်းက ချောင်းသာကို အရမ်းသွားချင်သည်။ ဟန်နီးမွန်း ခရီးကိုတောင် ချောင်းသာသွားရန် စီစဉ်ထားသည်။ ကျွန်တော်ကသာ ကျွန်တော်တို့ တစ်မိသားစုလုံး ပျော်ရွှင်မှုကို ဖြစ်စေ ခဲ့သော ချောင်းသာကို မုန်းတာ။ ကားလေးကို အောင်မင်္ဂလာအဝေးပြေးဆီသို့ ဦးတည်မောင်းလိုက်သည်။

ညကတော့ အိမ်ကသွားတာ မဖြစ်နိုင်။ မနက်မိုးလင်းကာစမှ သွားတာဆို မီနိုင်သေးသည်။ အောင်မင်္ဂလာ အဝေးပြေးဝင်းကို နှစ်ပတ်လောက် ပတ်ကြည့်သည်အထိ ရှာလို့မတွေ့။ အရမ်းစိတ်ပူနေသဖြင့် စိတ်များလည်း လောကာ ဘာကိုမှ သေချာမမြင်ပေ။ ရှာသာနေသော်လည်း ဘယ်လိုမှ မတွေ့ပေ။ နောက်ဆုံးကားပေါ်က အိပ်မက်ပေး ခဲ့သော စာရွက်များကို ယူကာ လမ်းလျှောက်၍ ချောင်းသာ ကားဂိတ်တွေကို တစ်ခုချင်း သေချာလိုက်ကြည့်ရသည်။

ကားဂိတ်တစ်ခုပြီး တစ်ခု လိုက်ရှာရင်း သိရမှု

www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်တွင် ငိုနေသော ကောင်မလေးတစ်ယောက်..။ နှလုံးခုန်သံတွေ ချက်ချင်းဆူပွက်ကာ ရင်ခုန်သံ ဒီဂရီတွေက တရိပ်ရိပ်တိုးသွားသည်။

အိပ်မက်နားကို တဖြေးဖြေးကပ်သွားရင်း...

"အိပ်မက်...။"

အိပ်မက် နားကြားများ လွဲနေတာလား။ နောက်ခိုင်းထိုင်နေရမှ အိပ်မက်လှည့်ကြည့်လိုက်သည်။

"ဟင်...ကို ဘာလိုလို့လဲ..။"

"လိုတာပြောပြမယ်..လာ..။"

ကို ဆွဲခေါ်ရာနောက်သို့ အိပ်မက်ပါသွားသည်။ ကားပေါ်ရောက်သည်နှင့် ...

"အိပ်မက်..ကို့အတွက်..လိုတာဆိုလို့..အိပ်မက်တစ်ယောက်တည်းပါ..ဒီစာချုပ်တွေကို ကို မမက်မောခဲ့ပါဘူး ။ အိပ်မက်ကို ရွဲချင်လို့သာ ကို လျှောက်ပြောခဲ့တာပါ..။ကိုချစ်တာ.. ကို မြတ်နိုးတာ..ကိုလိုချင်တာ.. အိပ်မက်အချစ်တစ်ခုတည်းပါ..ကို့ကို အရင်လို ပြန်ချစ်ပါနော်..အိပ်မက်ရေ့..ဒါတွေကတော့...။"

ကိုက သူ့လက်ထဲတွင်ရှိသော စာချုပ်တွေကို ဆုတ်ပစ်လိုက်လေသည်။



"ဟင်...ကို..ဘာလို့ဖြဲလိုက်တာလဲ။"

"မလိုလို့ပေါ့..ချစ်ရယ်...အခုအချိန်မှာ အိပ်မက်နှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းလောက် ကို့အတွက် ဘာမှအရေးမကြီးဘူး။"

"မဒေဝီကိုရော..။"

"လုံးဝ စိတ်မဝင်စားဘူး..။ ဒီကိစ္စကိုလည်း ဒီတစ်ခါ ပြန်ရောက်ရင် အိပ်မက်ရှေ့မှာ အပြတ်ငြင်းလိုက်မယ် ... ဟုတ်ပြီလား။"

"ဒီ တစ်ခါပြန်ရောက်ရင်ဆိုတော့ ကိုက ဘယ်ကိုသွားမလို့လဲ"

"ဟန်နီးမွန်းခရီးလေ..သတို့သမီးလေးက ဟန်နီးမွန်းခရီးကို သတို့သား မပါဘဲသွားလို့မြစ်မလား"

ကို့ စကားကြောင့် အိပ်မက် ကို့ကို မျက်စောင်းထိုးလိုက်သည်။

"အပွန်း...မျက်စောင်းမထိုးနဲ့...ပြောပါဦး... ကို့ကို ချစ်သေးရဲ့လား။"

ကိုက အိပ်မက် ပခုံးလေးနှစ်ဘက်ကို ကိုင်လျှက် စိတ်မရှည်သလို လှုပ်လိုက်သည်။

"ကိုကရော အိပ်မက်ကို ကို့အမုန်းတွေကနေ လွတ်မြောက်ခွင့် ပေးမှာလား။"

www.burmeseclassic.com

www.burmeseclassic.com



"အမုန်းတွေကနေ ထာဝရ လွတ်မြောက်ခွင့်ပေးပြီး အချစ်တွေထဲမှာ ထာဝရ ပျော်အောင်ထားမှာ ပါကွာ..ပြောလိုက်တော့နော်..ချစ်တယ်လို့။"

"အင်း..အိပ်မက်..ကို့ကို အသက်လောက်ချစ်တယ် သိပြီလား။"

"ဟေး..။"

ကိုက ကလေးတစ်ဦးလို ပျော်ရွှင်စွာ ထအော်လေသည်။

"တိုးတိုး..ကိုရဲ့ လူတွေနဲ့။"

"ရှိ ရှိကွာ..။"

အိပ်မက် ပြုံးလိုက်သည်။

"ကိုက လိုက်မယ်သာပြောတယ်။ အဝတ်အစားရော။"

"ဟိုမှာ ဝယ်ဝတ်မှာပေါ့...အဟီး..ပိုက်ဆံတော့ အိပ်မက် ချေးပေါ့..လောလော လောလောနဲ့ ထွက်လာတာ ပိုက်ဆံပါဘူး။ ဂိတ်ကြေး တောင်းတာတောင် ကားထဲကအကြွေတွေ မနည်းစုပေးလိုက်ရတာ။"

"ကားကိုရော..။"

"တစ်ယောက်ယောက် လာယူခိုင်းလိုက်မယ်။"



"အင်း..ကောင်းတယ်။"

"သရဖူက ချောင်းသာသွားမဲ့ကား ထွက်ပါတော့မယ်။"

"ကားထွက်တော့မှာတဲ့ ... မြန်မြန်လာ ...ကား လက်မှတ်လည်း ဝယ်ရဦးမှာ။"

အခုမှ အကဲပိုနေသော ကို့ကို အိပ်မက်မျက်စောင်းထိုးလိုက်ပါသည်။ ကိုကလည်း တဟားဟား အော်ရယ်ရင်း အမုန်းများကလည်း အိပ်မက်တို့နဲ့ အဝေးမှာ လွင့်ကျကျန်ခဲ့ကုန်ပါသည်။ အိပ်မက်လည်း ကို့ပခုံးလေးပေါ် မှီရင်း ပတ်ဝန်းကျင်ကို ငေးမောရင်း လိုက်ပါလာခဲ့ပါသည်။ အခုတော့လည်း တစ်လောကလုံးက အချစ်ရဲ့ ဂုဏ်သတ္တိကြောင့် လှပလွန်းနေပြန်သည်။

**ပန်းရေတာ**

13/3/09
1:30pm

www.burmeseclassic.com